


www.foreverspace.com.mm

မုညခင်
စာအုပ်တိုက်
တိုက်(4/A) အခန်း(5/B)
ပါရမီလမ်း(ကမ္ဘာအေးဘုရားလမ်းထောင့်)
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၁၁၁၇၀၆



www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm


| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | ။ | ၅၀၁၀၅၇၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ။ | ၅၀၁၀၀၇၀၅၀၈ |
| ထုတ်ဝေခြင်း | ။ | ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ<br>ပထမအကြိမ် |
| အုပ်ရေ | ။ | ၅၀၀ |
| တန်ဖိုး | ။ | ၇၅၀ ကျပ် |
| အဖုံးဒီဇိုင်း | ။ | ကိုဆန်း |
| ကွန်ပျူတာစာစီ | ။ | ကိုသက်အောင် (ကမ္ဘာ့အေး) |
| ထုတ်ဝေသူ | ။ | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>၁၁၁၊ ၃၃လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| အတွင်းပုံနှိပ်သူ | ။ | ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ်သူ | ။ | ဦးမြသိန်း<br>သိန်းမြင့်ဝင်းပုံနှိပ်တိုက်<br>၉၆၊ ၁၁လမ်း၊ ရန်ကုန်မြို့။ |

www.foreverspace.com.mm

ပုညခင် စာအုပ်တိုက်

# ပုညခင်

# ညခင်းရဲ့ လမင်း

www.foreverspace.com.mm

## (၁)

ညက ဆူညံစည်ကားခဲ့ ဖြစ်သော်လည်း မေပျို ဖြတ်လာသောလမ်းကြားလေးကတော့ အလင်းရောင်နည်းကာ လူရှင်းတိတ်ဆိတ်နေလေသည်။ မေပျိုသည် ကြိုးရှည်ရှည် အိတ်ကလေးကို စလွယ်သိုင်းလွယ်ကာ ထိုလမ်းကြားကလေးအတိုင်း ခပ်သွက်သွက်လျှောက်နေခဲ့ပါသည်။

ခုလိုညမိုးမှာ မေပျိုက ကျူရှင်ဝိုင်းတစ်ခုမှာ အလယ်တန်း ကလေးတွေကို စာသင်ပေးရပြီး အတန်းပြီးတော့မှ အိမ်ကို တစ်ယောက်တည်း လမ်းလျှောက်ပြန်နေကျ ဖြစ်သည်။ မေပျိုအိမ်နဲ့ စာသင်ဝိုင်းရှိရာလမ်းဟာ ကျောချင်းကပ်ရက်ရှိတာမို့

www.foreverspace.com.mm

ရှည်လျားသောလမ်းအတိုင်း လျှောက်ထွက်ကွေ့ဝိုက်မသွားတော့ဘဲ ဖြတ်လမ်းကသာ ပြန်နေကျဖြစ်သည်။

လမ်းကြားလေးဟာ ဓာတ်မီးတိုင်မရှိ လူသွားလူလာလည်း နည်းလှတာမို့ အမှောင်ထုသာကြီးစိုးကာ တိတ်ဆိတ်၍လည်းနေသည်။ မေပျိုကတော့ သွားလာနေကျမို့ ကြောက်ရွံ့မှုမရှိပါ။ ပြီးတော့ ဒီနားတစ်ဝိုက်ကအိမ်တွေဟာ မေပျို့ အသိအကျွမ်းတွေချည်းသာ။ မေပျို စာသင်ပေးရသော တပည့်လေးတွေရဲ့ အိမ်တွေလည်းရှိတာမို့ မေပျို့အတွက် အန္တရာယ် မရှိလောက်ပါ။

မေပျိုသည် လက်နှိပ်ဓာတ်မီးလေးကို တယမ်းယမ်းထိုးရင်း ခပ်သွက်သွက်လျှောက်နေဆဲ…မိုးဖွဲလေးတွေ တပေါက်ပေါက်ကျလာလေသည်။ ပြီးတော့ ညရိပ်ကြောင့် မှိုင်းနေသော ကောင်းကင်က ပိုပြီး အုံ့ညို့လာသည်။ ဒီလိုမိုးအုံ့လာပြီဆို မေပျို့ အိမ်မှာကျန်ရစ်ခဲ့သော ဖိုးသားနှင့် မိချောက မျက်နှာငယ်လေးတွေဖြင့် မေပျို့ကိုမျှော်နေတတ်ကြသည်မို့ မေပျိုကခြေလှမ်းတွေကို မပြေးရုံတမည် ပိုသွက်လိုက်ပါသည်။ ထိုအခိုက်မှာ မသဲမကွဲအသံကလေးတစ်သံကို ခပ်သဲ့သဲ့ကြားလိုက်ရတာဖြစ်သည်။





“အဲ…အဲ…အဲ”

အသံလေးက တစ်မျိုးထူးခြားလှကာ ရုတ်တရက်မို့ ဘာသံမှန်းမဝေခွဲနိုင်ပါ။ မေပျိုက သွက်နေသောခြေလှမ်းတွေကို နှေးလိုက်ပြီး အသာနားစွင့်ထားလိုက်ပါသည်။

“အဲ…အင့်…အင့်”

တိုးဖျော့လှသောအသံလေးကို ထပ်ကြားရပြန်သည်။ ထိုငိုသံဟာ အိမ်တစ်အိမ်အိမ်ဆီမှ ထွက်ပေါ်နေတာလည်းမဟုတ်ပါ…။ မေပျိုက အသံလာရာဆီ နားစိုက်ထောင်လိုက်သည်။ အသံလေးက ပြတ်တောင်းပြတ်တောင်းထွက်ပေါ်နေပါသည်။

ထိုခဏမှာ အသံလာရာနေရာကို မေပျိုမှန်းဆမိသွားပါသည်။ မေပျိုလျှောက်နေသော လမ်းကြားလေးရဲ့ ဘယ်ဘက်မှာ တစ်ဖက်ပိတ်လမ်းကျဉ်းကလေးရှိသည်။ ထိုလမ်းကျဉ်းလေးကို အသုံးမပြုတာကြာပြီ။ ခုတော့ လမ်းကျဉ်းကလေးရဲ့ထိပ်မှာ အမှိုက်ပုံကြီးတစ်ပုံသာ ဟီးထပိတ်ဆို့နေတာကို မေပျိုသိထားခဲ့ပါသည်။

မေပျိုက အသံလာရာဆီ လှမ်းမျှော်ကြည့်ကာ ရပ်တန့်နေဆဲ အသံလေးက ပိုထင်ရှားလာသည်။

“အင့်…အင့်…အဲ”

ကလေးငိုသံလေး...။ မွေးကင်းစကလေးတစ်ယောက်ရဲ့ ငိုသံလိုလို ညည်းသံလိုလို တအဲအဲသံကလေးကို ပြက်ပြက်ထင်ထင် ကြားလာရသည်။

မေပျိုသည် စိတ်ထဲ အံ့သြထူးဆန်းသွားကာ စိတ်လှုပ်ရှားသွားပါသည်။

မေပျိုက ဆုံးဖြတ်ချက်ချလိုက်ပြီး လက်နှိပ်ဓာတ်မီးကို ဇွေယမ်းထိုးကာ ထိုလမ်းကျဉ်းကလေးထဲသို့ စမ်းတဝါးဝါးလျှောက်ဝင်လာခဲ့လေသည်။

လမ်းကျဉ်းကလေးမှာ အသုံးမပြုတာကြာပြီမို့ ညစ်ပတ်နံစော်နေပါသည်။ အမှိုက်နှင့် ရွှံ့ဗွက်တွေဟာ ခြေချစရာမရှိအောင်ပင်။ စိုစိစိနှင့် နံဟောင်လှသော ထိုလမ်းကျဉ်းကလေးထဲကို မေပျိုက ဇောတစ်မျိုးဖြင့် ဇွတ်တိုးဝင်လာသည်။

အညစ်အကြေးပုံတွေကိုလည်း သိုင်းကွက်နင်းကာ ရှောင်ရှားရသည်။ ထိုခဏမှာ ခွေးလေခွေးလွင့်နှစ်ကောင်က တဝုတ်ဝုတ် ထိုးဟောင်ကာ မေပျို့ထံ ပြေးဝင်လာသည်။

မေပျိုက ခဲတစ်လုံးကောက်ပစ်ကာ ခြောက်လှန့်ထုတ်လိုက်တော့မှ အမှိုက်ပုံနောက်ဘက်သို့ ပြန်ဝင်ပြေးသွားပါသည်။





ဟိုးထနေသောအမှိုက်ပုံကြီးရဲ့ ခြေရင်းကိုတော့ ရောက်ပေပြီ။ သို့သော် ခုနအသံကလေးပျောက်နေတာမို့ ဘယ်လိုဆက်ရှာရမည်မသိဘဲ လမ်းစပျောက်နေသည်။

မေပျိုက အမှိုက်ပုံ တစ်ဝိုက်ဆီကို ဓာတ်မီးနှင့် ဇွေယမ်းထိုးကာရှာသည်။ နာရီဝက်လောက်ကြာသည်အထိ အသံလည်း မကြား၊ ဘာမှလည်းမတွေ့တာမို့ လက်လျှော့ရတော့မည်ဆဲဆဲ...

"အူဝဲ...အူဝဲ...ဝါး"

"ဟယ်...ကလေးလေး...ကလေးလေးတော့်..."

ရုတ်တရက်မို့ မေပျို့ခြေထောက်နား နောက်ဘက်ဆီမှ ဝါးခနဲအော်ငိုလိုက်သံက မေပျို့ကို လိပ်ပြာလွင့်မတတ်လန့်ဖျပ်သွားစေသည်။

မေပျိုသည် ရင်ထဲအသည်းထဲက လှိုက်လှဲတုန်ခါသွားကာ ထိုကလေးနားမှာ ငုတ်ခနဲထိုင်ချလိုက်မိလေသည်။

ပုဆိုးပိုင်း အနီးစဖြင့် ထွေးပတ်ထားသော ကလေးလေးသည် ဆွဲခြင်းလို ခြင်းပက်ပက်ထဲမှာ ယက်ကန်ယက်ကန်ဖြင့် အော်ငိုနေပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm



မေပျိုသည် မယုံကြည်နိုင်သော မျက်ဝန်းတို့ဖြင့် ကလေးကိုစိုက်ကြည့်ရင်းက ရင်ထဲလှပ်ခနဲဆို့နင့်တုန်ခါသွားကာ ကလေးကို ကောက်ပွေ့လိုက်ပြီး ရင်ခွင်ဖြင့် ထွေးကပ်ထားလိုက်ပါသည်။

"ကလေးရယ် … တိတ်ပါနော် … တိတ်ပါ၊ မငိုနဲ့တော့နော် …"

မေပျိုသည် အသံကလေး ပြာအက်တုန်ခိုက်လာသည်အထိ အော်ငိုနေသော ကလေးပေါက်စနလေးကို တတွတ်တွတ်ချော့နေရင်းက လှိုက်ခနဲမျက်ရည်ဝဲလာပါသည်။

ခုတွေ့ရပုံအတိုင်းဆို ဒီကလေးဟာ အစွန့်ပစ်ခံရသူဆိုတာ သေချာနေပါပြီ …။ မေပျိုသည် ကလေးမိဘတွေကို ပစ်ရက်လေခြင်းဟုလည်း ဒေါသဖြစ်ရကာ အံကြိတ်လိုက်မိပါသည်။

ခဏနေတော့ ကလေးကအငိုတိတ်ကာ ငြိမ်သက်သွားလေသည်။ မေပျိုသည် ကလေးကိုပွေ့ချီလျက်သား ခပ်တောင့်တောင့် ရပ်နေမိရင်းက တစ်စုံတစ်ခုကို ဖျတ်ခနဲသတိရသွားမိပါသည်။





ဟောဒီကလေးကို လာစွန့်ပစ်ခဲ့ရိုးမှန်လျှင် သဲလွန်စတစ်ခုခုတော့ ချန်ခဲ့ရမှာပဲဟု တွေးမိသွားသည်။ ဥပမာ ကလေးအမေဟာ တာဝန်မယူသော ကလေးအဖေကြောင့် ဒီကလေးကို စွန့်ပစ်ခဲ့ရသည်ဆိုပါစို့ …။ မလွှဲသာလို့သာ စွန့်ရသော်လည်း သူ့ရင်သွေးအတွက် စေတနာလေးအနည်းအကျဉ်းတော့ ရှိခဲ့ဦးမည်ဆိုလျှင် ကလေးအဖေနဲ့ပတ်သက်သည့် သဲလွန်စကလေးတစ်ခုခုတော့ ချန်ထားကောင်း ချန်ထားနိုင်သည်။

မေပျိုက ထိုအတွေးဖြင့် ကလေးကိုချထားသည့်နေရာတစ်ဝိုက်မှာ သဲလွန်စရှာကြည့်လိုက်သည်။

"ဟော … တွေ့ပြီ"

တွေ့ရပါပြီ …။ ကြွပ်ကြွပ်အိတ်ဖြင့် အသေအချာထုပ်ပတ်ထားသောခပ်ပြားပြား ပိုက်ဆံအိတ်ကလေးတစ်လုံး။

မေပျိုက ကလေးတစ်ဖက်ဖြင့်ပင် ထိုပိုက်ဆံအိတ်လေးကို ကောက်ယူဖွင့်ကြည့်လိုက်သည်။

မေပျိုတွေ့ရသည်မှာ အနည်းငယ်ဟောင်းနွမ်းနေပြီဖြစ်သော ဓာတ်ပုံလေးတစ်ပုံဖြစ်လေသည်။

အလွန်ကြည်ကောင်းကာ ငယ်ရွယ်သေးသော

လှုငယ်တစ်ယောက် ...။ ကျောပိုးအိတ်ကလေးကို လွယ်ပိုးထားကာ တောင်ကုန်းကလေးတစ်ခုပေါ် ခြေတစ်ဖက်လှမ်းတက်ရင်းကင်းမရှာဘက်ကိုလှည့်ကြည့်ကာ လက်မထောင်ပြနေသောပုံ ဖြစ်ပါသည်။

မျက်နှာက ကြည်လင်ရဲရင့်ကာ ဝံ့ကြွားသောမျက်နှာမျိုး။ ကိုယ်ဟန်အနေအထားကလည်း တက်ကြွကာ လှုငယ်ဆန်လှပါသည်။

မေပျိုသည် ကလေးကို တစ်ဖက်ကပွေ့ကာ ထိုပွေ့ထားသောလက်ဖြင့် ဓာတ်ပုံကိုကိုင်ထားရင်း ကျန်တစ်ဖက်ကလက်နှိပ်ဓာတ်မီးကိုင်ကာ အသေအချာ ထိုးကြည့်နေမိပါသည်။

ဓာတ်ပုံနောက်ဘက်ကို ဖျတ်ခနဲ လှန်ကြည့်မိတော့ ခပ်သော့သော့ရေးထားသော လက်ရေးကို တွေ့ရသည်။

**မြတ်နိုးကိုသိပ်ချစ်တဲ့ ...**

**(ညီငယ်)**

**(......) လမ်း၊ သဃ်န်းကျွန်း၊ ၆ လွှာ။**

**အာကာ ဗိုဒီယိုခွေဆိုင်အပေါ်၊ အခန်းနံပါတ် ၂၀။**





မေပျိုသည် ထိုဓာတ်ပုံကို အိတ်ထဲပြန်ထိုးထည့်လိုက်ပြီး ကလေးကို ယုယစွာပွေ့ကာ ထိုနေရာမှ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

❊ ❊ ❊

www.foreverspace.com.mm

## (၂)

"မိချောရေ…ဖိုးသားရေ…"

"ဟော…မမပျို ပြန်လာပြီ"

မေပျို့အော်ခေါ်သံကြောင့် ဖိုးသားနှင့်မိချောက အိမ်ထဲမှ ပြေးထွက်လာကြလေသည်။

"ဟင်…မမပျိုလက်ထဲက ဘာကြီးလဲ"

"ကလေးလေ…ကလေးလေးတစ်ယောက် ကောက်ရလာတာ၊ လာကြည့်…လာကြည့်"

မေပျိုခေါ်လိုက်တော့ ကလေးနှစ်ယောက်က မေပျို့နား အလုအယက်တိုးလာသည်။





www.foreverspace.com.mm

မေပျိုက ကလေးလေးကို သူတို့ရှေ့ စားပွဲပေါ်မှာ ချပေးလိုက်သည်။

"ဟယ်…ချစ်စရာလေးတော့်၊ ချောချောလေးတော့်၊ ဟိဟိ ဖိုးသားနဲ့ ဆော့ဖို့ အဖော်ရပြီ၊ ပျော်စရာကြီး…ဟိဟိ"

"မမပျိုက ဒီကလေးကို မွေးမှာလားဟင်"

"အေးပေါ့…မွေးမှာပေါ့"

"ဒါဆို မမပျိုမှာ ဖိုးသားရယ်၊ မမချောရယ်၊ ဒီကလေးလေးရယ် စုစုပေါင်း ကလေးသုံးယောက်ရှိပြီပေါ့"

"အေးပေါ့…အေးပေါ့"

"မမပျို ကျွေးနိုင်လို့လား"

"အမယ်…ဘာလို့မကျွေးနိုင်ရမှာလဲ၊ အထင်မသေးပါနဲ့ မိချောရဲ့၊ စာသင်ဝိုင်းကလည်း လခတိုးတော့မှာ၊ အိမ်မှာ လိုက်သင်ရမယ် ကျောင်းသားလည်း သုံးယောက်တောင် ရပြီ၊ ကျွေးနိုင်ရုံအပြင် ပိုတောင်နေဦးမယ် သိလား၊ မကျွေးနိုင်ဘူးဆိုရင်တောင် မမပျို့စားမယ့်အထဲက ခွဲကျွေးမှာပေါ့…"

"ချောအထဲကလည်း ခွဲကျွေးမယ်"

"ဖိုးသားအထဲကလည်း ခွဲကျွေးမယ်"

"အေး...အေး...လိမ္မာလိုက်တာ၊ အဲဒီလိုမျိုး တစ်ဖက်သား အပေါ် မေတ္တာစေတနာ အမြဲထားနိုင်ရမယ်နော်"

"ဟုတ်ကဲ့"

ဖိုးသားနှင့်မိချောက ကလေးအနားကနေမခွာ။ ကလေးရဲ့ နဖူးကလေး လက်ချောင်းကလေးတွေကို တို့ထိကြည့်ရင်း ကလေးကိုမွေးချိဖိုကြိုးစားရင်း တဟိဟိရယ်မောသဘောကျနေသည်။

"မိချော...သွား...သွား...ဒေါ်ကြီးတင်ကို သွားခေါ်၊ မမပျို ကလေးလေးတစ်ယောက် ကောက်ရလာလို့ လာကြည့်ပါဦးလို့"

"ဟုတ်ကဲ့"

မိချောက တစ်ဖက်ခြံသို့ လှစ်ခနဲပြေးထွက်သွားလေသည်။ မေပျိုက ချစ်စရာကလေးလေးကိုငုံ့ကြည့်ရင်း ကျေနပ်စွာ တွေးနေမိပါသည်။

ဒီကလေးကိုသာ မေပျိုမွေးခဲ့လျှင် မေပျို့မှာ ကလေး သုံးယောက်ရှိပေပြီ။





ဖိုးသားကို ရခဲ့ပုံဟာလည်း ဒီကလေးနှင့်ခပ်ဆင်ဆင် တူသည်။ သို့သော် ဖိုးသားကျတော့ သုံးနှစ်အရွယ်လောက်ကျမှ ထားသွားခံရတာဖြစ်ပြီး ဒီကလေးကတော့ မွေးစမှာပင် စွန့်ပစ်ခံခဲ့ရတာဖြစ်သည်။

ဖိုးသားကို ရခဲ့သောနေ့ကလည်း ဒီလို မိုးဖွဲကျသော နေ့မျိုးပင်ဖြစ်သည်။

အဲဒီနေ့က မေပျိုသည် မြို့ထဲသို့သွားရန် ကား မှတ်တိုင်တွင် ကားစောင့်နေခဲ့တာဖြစ်သည်။ အချိန်က မိုးတွင်းရဲ့ နေ့လယ်ခင်းတစ်ခုဖြစ်ပြီး မိုးဖွဲကျကာ အိုက်စပ်လျက်ရှိသည်။ ကားကလည်း အလာကျဲလှတာမို့ တော်တော်နဲ့ ကားမရနိုင်အောင် ဖြစ်နေဆဲ...မေပျို့ ခါးကို ခပ်ရဲရဲတို့ခြင်းခံလိုက်ရသည်။

"ဒီမှာ...ဒီမှာ"

"အမေ"

မေပျိုက လန့်ဖျပ်ကာလှည့်ကြည့်မိတော့ အစစ အရာရာ ချုံးချုံးကျနေသော မိန်းမတစ်ယောက်ကို တွေ့ရလေသည်။ သူမပုံစံက ချုံးချုံးကျပိန်လှကာ နားထင်နားရင်းတွေ ချောင်ကျနေရသည့်အထဲ မျက်တွင်းကလည်း နက်လှသည်။ ထို

မျက်တွင်းညိုညိုတွေထဲက မျက်ဝန်းတွေက ကြောင်စီစီဖြစ်နေသေးသည်။ သူမပုံစံကိုကြည့်ရတာတော့ သိပ်ပုံမှန်မဟုတ်ဘူးဟုထင်ရပါသည်။ သူမက သုံးနှစ်သား အရွယ်လောက်ရှိသည့် ကလေးတစ်ယောက်ကို လက်ဆွဲထားသည်။ ကလေးကလည်း ဗိုက်ပူနကား ကလေးပင်။

မေပျိုက သားအမိနှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း ကရုဏာသက်သွားခဲ့ရပါသည်။

"ဘာလဲဟင် ... ကျွန်မ ဘာကူညီရမလဲ"

"ကလေးခဏကြည့်ထားပေးပါကွယ်၊ အဒေါ် ဟိုဘက်နားမှာ အိမ်သာခဏဝင်ချင်လို့"

"ဪ ... ဟုတ်ကဲ့ ... ရပါတယ်၊ ဖြောင့်ဖြောင့် သွားပါ၊ လာ ... လာ ... ကလေး၊ မမဆီလာနော်"

မေပျိုက ကလေးရဲ့ညစ်ပေသော လက်ပိန်ပိန်လေးကို အသာအယာဆွဲခေါ်ထားလိုက်တော့ ထိုအမျိုးသမီးက ခပ်သုတ်သုတ် ထွက်သွားခဲ့သည်။

သွားလေသူ ထိုအမျိုးသမီးဟာ နာရီဝက်ကြာတော့လည်း ပေါ်မလာ။ တစ်နာရီကြာတော့လည်း ပေါ်မလာ။ မေပျိုမှာ



www.foreverspace.com.mm



ကလေးတစ်ယောက်လက်ဆွဲကာ အခက်တွေ့နေရဆဲ ထိုကလေးက အီခနဲငိုချလိုက်ပါလေသည်။

"အီး ... ဝါး ... ဗိုက်ဆာတယ် ... ဗိုက်ဆာတယ်၊ မေကြီးကို ခေါ်ပေး ... အီး ... ဟီး"

မေပျိုသည် ငိုသံကြောင့် လန့်ဖျပ်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေခဲ့သည်။ မေပျိုက ကလေးနားမှာ ငုတ်တုတ်ထိုင်ချကာ ချော့မော့ရသည်။

"မငိုနဲ့ ... မငိုပါနဲ့ကလေးရယ်၊ တိတ်တော့နော်၊ ခဏနေ မေကြီး ပြန်လာလိမ့်မယ်သိလား၊ ကလေးဗိုက်ဆာရင် မမ မုန့်ဝယ်ကျွေးမယ်နော်၊ ကလေးဘာစားချင်လဲ၊ ဟောဟိုမှာ အကြော်သည် လာနေပြီ၊ ဝယ်ကျွေးမယ်နော် ... စားမယ် မဟုတ်လား"

"စားမယ် ... စားမယ်"

"အေး ... အေး ... ခေါ်လိုက်မယ်နော်၊ အကြော်သည် လာပါဦး"

အကြော်သည် ရောက်လာတော့ မေပျိုက အကြော်ဝယ်ဖို့ ပိုက်ဆံနှိုက်ဆဲ ... ကလေးက သူ့လက်နှစ်ဖက်ဖြင့် အကြော်ဗန်းထဲမွှေယမ်းနှိုက်ထည့်လိုက်ပါသည်။



www.foreverspace.com.mm

"ဟဲ … ဟဲ၊ သြော် … ဒီကလေးဟာ …"

အကြော်သည်က ကလေးလက်ကိုလှမ်းဆွဲတားလိုက်သည်။ ကလေးက အကြော်တွေဆုပ်ထားသော လက်နှစ်ဖက်ကို ဆတ်ခနဲပြန်ရုန်းသွားပြီး သူ့လက်ထဲ ပါသလောက်အကြော်တွေကို အငမ်းမရကိုက်ဖဲ့စားလေသည်။

မပျိုသည် ကလေးကို သနားလှတာမို့ အကြော်များများဝယ်ကာစောင့်ကျွေးနေရင်း ကလေးအမေလာမယ့်လမ်းကို လှမ်းမျှော်ကြည့်ရသည်။

ဗိုက်ဝတော့ ကလေးက ငိုက်မြည်းလာကာ မပျို့ကို မှီပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့သည်။

"ဟယ်တော် … အိပ်ပျော်နေပြီ ဒုက္ခပဲ၊ ကလေးအမေ ကလည်း ခုထိမလာပါလား"

မပျိုက ဘာလုပ်ရမှန်းမသိဖြစ်နေဆဲ … မှတ်တိုင်မှာ တွေ့နေကျ ရေခဲရေသည်လေးက မပျို့ကိုလှမ်းကြည့်ရင်းက …

"အစ်မ … ကလေးအမေကို မျှော်နေတာလား"

"အေး …"





"မျှော်မနေနဲ့ လာမှာမဟုတ်တော့ဘူး"

"ဟင် … ဘာဖြစ်လို့လဲ"

"အဲ့ဒီမိန်းမက အဲဒီလိုပဲ ဒီနားမှာ မယောင်မလည်နဲ့ သူ့ကလေးကိုထားသွားဖို့ကြံစည်နေတာကြာပြီ၊ ဘယ်သူမှ လက်မခံလို့သာ၊ အစ်မက 'အ'တော့ ခံရတာပေါ့"

"ဟယ် … ဒီလိုလား"

မပျိုသည် ထိုအဖြစ်ကိုအံ့သြလှကာ ကလေးအမေကို တွေ့လိုတွေ့ငြား လျှောက်ရှာကြည့်လိုက်သေးသည်။ မတွေ့တဲ့အဆုံးကျမှ ကလေးကိုအိမ်ခေါ်သွားဖို့ ဆုံးဖြတ်ရသည်။ မပျိုက ရေခဲရေသည်ဆီ ပြန်လျှောက်သွားခဲ့ကာ …

"ဒီမှာ … မောင်လေး၊ ဒီကလေးရဲ့အမေကို မှတ်မိတယ်မဟုတ်လား"

"မှတ်မိတာပေါ့"

"ရော့ ဒီမှာ … ဒါ အစ်မလိပ်စာ၊ သူ ဒီနားကိုပြန်ရောက်လာရင် အစ်မလိပ်စာကိုပေးလိုက်၊ ကလေးကို အစ်မဆီမှာ ပြန်လာခေါ်ပါလို့"

"ပြန်လာမှာ မဟုတ်တော့ပါဘူးအစ်မရာ"



www.foreverspace.com.mm

www.foreverspace.com.mm

"ပြန်လာရင်လည်း လာမှာပေါ့ဟယ်၊ သူ့ကလေးနဲ့ သူ့အမေ ပြန်တွေ့ဖို့ပဲ ဆုတောင်းပေးစမ်းပါ"

"အစ်မတော့ ဒီနေ့ ကံဆိုးတာပဲ"

"ဘာကိုလဲ"

"အလိုလိုနေရင်း သူများပြဿနာ ကိုယ့်ပြဿနာဖြစ်သွားပြီလေ"

"ပြဿနာလို့တော့ပြောလို့မရပါဘူး၊ ဒီကလေးတစ်ယောက်လောက်ကတော့ ကျွေးထားရလည်း ကိစ္စမရှိပါဘူး"

"အစ်မက ချမ်းသာလို့လား"

"စေတနာထားတယ်ဆိုတာ ချမ်းသာမှထားလို့ရတာ မဟုတ်ပါဘူး"

"အစ်မထက်ချမ်းသာတဲ့လူတွေတောင် လူပိုတစ်ယောက်တင်ကျွေးထားဖို့ဆို သိပ်ဝန်လေးတာဗျ၊ ရှေ့ရှည်မှာ မလွယ်ဘူးလေဗျာ၊ အစ်မစဉ်းစားနော်၊ ကလေးက အိပ်နေတာပဲ၊ ထားချင်လည်းထားခဲ့ပေါ့"

ရေခဲရေသည်က နားချသေးသော်လည်း မေပျိုက ခေါင်းမာကာ ကလေးကိုခေါ်လာသည်။ မေပျို့ကိုချစ်ခင်စွာ စောင့်





www.foreverspace.com.mm

ရှောက်ခဲ့သော မေပျို့အိမ်နီးချင်း ဒေါ်ကြီးတင်က ကလေးကို မိဘမဲ့ဂေဟာ ပို့လိုက်ဖို့ တိုက်တွန်းသော်လည်း မေပျိုက လက်မခံခဲ့။

တစ်လကြာသည်အထိ ကလေးအမေက မဆက်သွယ်တာမို့ ဒီကလေးဟာ စွန့်ပစ်ခံရပြီဆိုတာ မေပျို နားလည်သွားသည်။ တစ်လအတွင်းမှာ ကလေးကလည်း ပြောင်ပြောင်စင်စင်ဖြစ်လာကာ တွတ်တီးတွတ်တာပြောတတ်တာမို့ သံယောဇဉ်ဖြစ်ခဲ့ပြီ။ အဲဒီနောက်တော့ ဖိုးသားကလေးဟာ မေပျို့ထံမှာ သောင်တင်ခဲ့ရပါသည်။

မိချောကျတော့ အသွင်တစ်မျိုးဖြင့် မေပျို့ထံရောက်လာခဲ့တာဖြစ်သည်။

မိချောအမေက အရွယ်ငယ်သေးပြီး ချောမောလှပကာ သူ့အဖေဆုံးတော့ နောက်အိမ်ထောင်ပြုလေသည်။ မိချောက ဖိုးသားလေးကို လာကူထိန်းပေးကျမို့ မေပျိုနှင့်ခင်မင်နေသည်။

တစ်နေ့တော့ မိချောက အထုပ်ဆွဲကာ မျက်ရည်လည်ရွဲဖြင့် မေပျို့ထံ ရောက်လာသည်။

"မမပျို... ချော... မမတို့နဲ့လာနေပါရစေနော်"

"ဘာဖြစ်တာလဲ မိချောရယ်၊ ငါ့ကို သေသေချာချာပြောပြစမ်းပါဦး"

"ချော…ချော…ပထွေးနဲ့ အတူတူနေလို့မဖြစ်တော့လို့ပါ မမပျို့ရယ်"

"ဪ…သိပြီ၊ သဘောပေါက်ပြီ"

ချောသည် ထိုနည်းဖြင့် မေပျို့ထံရောက်လာသည်။ ချောအမေက ပထမတော့ စားစရိတ်ထောက်ပံ့ပေးပါသေးသည်။ နောက်တော့ ချောကို မေပျို့ထံမှာထားရတာ စိတ်ချသည်ဟု ဆိုကာ သူ့ခင်ပွန်းနယ်ပြောင်းသည့်နောက်သို့ လိုက်ပါသွားပြီး တစ်ခါတစ်ရံမှသာ အဆက်အသွယ်လုပ်တော့သည်။

ချောကတော့ မေပျို့ထံမှာသာပျော်နေကာ ဖိုးသားကို ကူညီထိန်းပေးရင်း အိမ်မှုကိစ္စတွေကိုလည်း ကူလုပ်ပေးလေ့ရှိပါသည်။ မေပျို့လည်း ထိုကလေးများဖြင့် ပျော်နေခဲ့ပြီ။

"သမီးရေ…မေပျို့"

အိမ်ရှေ့ဆီမှ ခေါ်သံနှင့်အတူ ဒေါ်ကြီးတင်ရောက်လာတာမို့ မေပျို့ အတွေးစပြတ်တောက်သွားသည်။ ဒေါ်ကြီးတင်က ကလေးကို ငုံ့ကြည့်ကာ…





"ကလေးလေးက ချစ်စရာလေးပဲ…၊ မိဘတွေများ ရက်စက်လိုက်တာတော်၊ ဒီကလေးလည်း ပျို့လို မေတ္တာစိတ်ရှိတဲ့သူနဲ့တွေ့လို့သာ ကံကောင်းသွားတာ၊ နို့မို့ဆို လမ်းဘေးမှာ ခွေးပဲကိုက်မလား၊ ကျီးပဲချီမလား…"

ဒေါ်ကြီးတင်က ညည်းညည်းညူညူပြောရင်း မေပျို့ဘက်လှည့်လာကာ…

"ပျို့…ဒီကလေးကို ဘယ်ကတွေ့လာတာလဲ"

"ပျို့ ပြန်နေကျလမ်းကြားနားက အမှိုက်ပုံမှာ တွေ့ခဲ့တာ"

"စက်ရက်လိုက်ကြတာ၊ ဒါနဲ့ သဲလွန်စကလေး ဘာလေးများ မတွေ့ဘူးလား ပျို့ရယ်"

"သဲလွန်စ !"

"အေးလေ…စာတို့ ခါတ်ပုံတို့ ပိုပေးရမယ့် လိပ်စာတို့"

"ဟို…ဓာတ်ပုံနဲ့ လိပ်စာတော့ တွေ့ပါတယ်"

"ဓာတ်ပုံက ဘာပုံလဲ"

"ယောကျ်ားတစ်ယောက်ပုံပဲ၊ ခပ်ငယ်ငယ်ပဲ"

"ဒါဆို ကလေးအဖေဖြစ်မှာပေါ့…၊ ပျို့ဘယ်လိုလုပ်ချင်လဲ၊ အဲဒီအိမ်ကို သွားပို့ချင်သလား"

www.foreverspace.com.mm

"ပျို့ စဉ်းစားနေတာ ... ၊ ကလေးကို ဒီလိုထားသွားတယ် ဆိုကတည်းက ကလေးမိဘတွေမှာ ကလေးကို တာဝန်ယူချင်စိတ်မရှိတာကို မှန်းဆလို့ရတယ်၊ စကတည်းက အဖေက တာဝန်မယူလို့သာ အမေက ဒီအဖြစ်မျိုးကို ကျူးလွန်ရတာပေါ့၊ ဒါကို ပျို့တို့ကသွားပို့လည်း သက်သေမခိုင်လုံဘူးဆိုပြီး တစ်ဖက်က ငြင်းချင်ငြင်းမှာပဲ ..."

"ကလေးအမေ မဟုတ်ဘဲ တခြား ပတ်သက်ရာပတ်သက်ကြောင်း တစ်ယောက်ယောက်လည်း ဖြစ်နိုင်တာပဲ ပျို့"

"ခေါက်ပုံနောက်မှာရေးထားတဲ့ စာအရတော့ ... အဲဒီလူနဲ့ ကလေးအမေဟာ ရိုးရိုးပတ်သက်တာမျိုးတော့ မဟုတ်နိုင်ဘူးထင်တယ် ဒေါ်ကြီးရယ် ..."

"ကဲဟယ် ... ဒါဆိုလည်း ခေါင်းရှုပ်ခံစဉ်းစားမနေပါနဲ့တော့၊ ကလေးကို မိဘမဲ့ဂေဟာတစ်ခုခုပဲ ပို့လိုက်ရအောင်ပါ"

"အဲဒီလိုတော့ မလုပ်ချင်ဘူး ဒေါ်ကြီးရယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ပျို့ပဲ မွေးထားလိုက်မှာပေါ့"





"အမယ်လေးလေး ... သတ္တိခဲမလေးရယ်၊ ရှေ့ကနှစ်ယောက်နဲ့တင်တော်လောက်ပါပြီ၊ ဒီကလေး ပိစိညှောက်တောက်ကလေးကို ညည်းဘယ်လိုပြုစုမှာလဲ၊ ရှာသမျှ ပိုက်ဆံကလည်း ဒီကလေးနှစ်ယောက်အတွက် ကုန်လှပြီမဟုတ်လား၊ အပျိုလေးအရွယ်လေးရယ်လို့ လှလှပပဝတ်မယ်စားမယ် လည်ပတ်မယ်မရှိဘူး၊ တစ်နေ့တစ်နေ့ ကလေးတွေလောင်းနဲ့ ဗျာများနေတာ၊ ဒီပုံအတိုင်းဆို မိဘမဲ့ဂေဟာတစ်ခုတောင် ဖွင့်လို့ရနေပြီ"

"ပျို့မှာသာ ပိုက်ဆံအများကြီးရှိရင် တကယ်ဖွင့်မှာ ဒေါ်ကြီးရဲ့၊ ပျို့က ကလေးတွေကို သိပ်စောင့်ရှောက်ချင်တာသိလား၊ ပျို့ကိုယ်တိုင်စောင့်ရှောက်မှာ၊ မိဘမဲ့ကလေးတွေရဲ့ ခံစားချက်ကို ပျို့ သိပ်ကိုယ်ချင်းစာတယ်"

"အေးပါဟယ် ... ပျို့စိတ်ကိုနားလည်ပါတယ်၊ ဒါပေမယ့် ဒေါ်ကြီးသဘောက မနိုင်ဝန်မထမ်းစေချင်ဘူး"

"ပျို့ ဒီလိုလုပ်မယ် စဉ်းစားတယ်"

"အေး ... ပြောစမ်းပါဦး ..."

"ပျို့ ... ဟိုခေါက်ပုံနောက်က လိပ်စာအတိုင်းတော့ သွားရှာ

www.foreverspace.com.mm

ကြည့်လိုက်ဦးမယ်၊ သဲလွန်စတစ်ခုခုတော့ ရနိုင်တယ် မဟုတ်လား၊ အဆင်ပြေရင်လည်း ပြေသွားနိုင်တာပေါ့၊ သူ့ကလေး နဲ့ သူ့အဖေ ပြန်တွေ့တာတော့ အကောင်းဆုံး ပေါ့"

"ဟိုက ငြင်းရင်ရော"

"အဲဒီတော့လည်း ဘယ်တတ်နိုင်မလဲ၊ ပျိုပဲ မွေးရတော့ မှာပေါ့"

ဒေါ်ကြီးတင်က ဘာမှမပြောဘဲ သက်ပြင်းချလေ သည်။

ပျိုကတော့ ဓာတ်ပုံထဲက လူကိုပဲ မြင်ယောင်နေမိ ပါသည်။ ပုံစံကြည့်ရတာတော့ နည်းနည်းလေးမှာ လူယုတ်မာ အသွင်မရှိတာပါ။ တကယ့်ကို အပြစ်ကင်းစင်သည့် လူငယ်လေး အသွင်သာ...။

သို့သော်...လောကမှာ ဘာကို အတပ်ပြောနိုင်မလဲ။ မထင်တာတွေလည်း ဖြစ်တတ်တာပဲမို့ ပျိုသည် ဘယ်သူ့ကိုမှ အကြွင်းမဲ့မယုံကြည်လိုက်ချင်ပေ။

❆ ❆ ❆



www.foreverspace.com.mm

## (၃)

"တီးတောင်..."

ဘဲလ်သံကြောင့် ဧည့်ခန်းထဲမှာ အတုံးအရုံးအိပ်နေ ကြသော ညီငယ်၊ မိုးကျော်နှင့် သက်အောင်တို့သုံးဦးစလုံး နိုးလာ ကြပါသည်။ သို့သော် ဘယ်သူကမှ မျက်စိမဖွင့်ကြပါ။ ညက ပူလည်းပူ မီးလည်းပျက်တာမို့ အခန်းထဲကနေ ခေါင်းအုံးကိုယ်စီ ယူကာ ဧည့်ခန်းထဲက ကုလားထိုင်တွေ ထောင့်ကပ်ပြီးကြုံသလို သင့်သလို လဲ့အိပ်လိုက်ကြတာပင်။ စီစီရီရီအိပ်နေတာလည်း မဟုတ်။ တစ်ယောက်နဲ့တစ်ယောက်ဟာ ကန့်လန့်ဖြတ်လျက်။ ခေါင်းရင်းခြေရင်း ထားချင်သလိုထားလျက် ဖြစ်သလိုအိပ်စက်

နေကြတာ အကျိုးလည်းမပါ။ သက်အောင် တစ်ယောက်သာ ဇွပ်ကျယ်လက်ပြတ်လေးတစ်ထည် ဝတ်ထားပါသည်။

"တီးတောင် ..."

ဘဲလ်သံက ခဏနားပြီး ဒုတိယအကြိမ် ထွက်ပေါ်လာပြန်သည်။ သုံးယောက်လုံးကတော့ တံခါးထဖွင့်ဖို့ရာ ပျင်းကြသူချည်းပဲမို့ တုတ်တုတ်မျှမလှုပ်ကြပါ။ စောစောစီးစီး လာနှောင့်ယှက်သူကိုသာ ကျိတ်၍ဒေါပွရင်း ပေအိပ်နေကြပါသည်။

"တီးတောင် ... တီးတောင်"

ဘဲလ်သံနှစ်ချက်ဆက်တိုက်ထွက်လာပြန်သည်။ ဖွဲကောင်းလိုက်တာ။ ဘယ်သူများပါလိမ့် ...။ ညိုငယ်က မျက်လုံးမသိမသာဖွင့်ကာ ဟိုကောင်တွေကို လှမ်းကြည့်အကဲခတ်လိုက်သည်။ မိုးကျော်ကလည်း လှမ်းအကဲခတ်တာနှင့်ဆုံကာ လူမိသွားသည်။

"အဟမ်း ... အဟမ်း ... ဘယ်သူ တံခါးထဖွင့်မှာလဲ"

သက်အောင်က နိုးဆော်လိုက်သော်လည်း ညိုငယ်က မျက်လုံးကို ဇွတ်ပြန်မှိတ်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်ပါသည်။





"ဟိုကောင် ညိုငယ် ... အိပ်ချင်ယောင်ဆောင်မနေနဲ့၊ မင်း မျက်လုံးကြီးပြူးနေတာ ငါမြင်တယ်"

"ဟဲ့ပါကွာ ... မင်းက တို့သုံးယောက်ထဲမှာ အနိုးကြားဆုံးပဲဟာ၊ မင်းပဲ ထ,ဖွင့်ပေးလိုက်ပါ၊ ငါ အိပ်ရေးမဝသေးဘူးကွ၊ ညက အရမ်းပူအိုက်လွန်းလို့ အိပ်မပျော်ဘူး၊ မိုးလင်းခါနီးမှ မှေးခနဲပျော်သွားတာ"

"အတူတူနဲ့ အနူနူကြီးပဲ ဟေ့ကောင်၊ မင်းက တစ်လုံးပိုရှုချင်မနေနဲ့၊ သွား မင်းသွားဖွင့်"

"မင်းပဲ သွားဖွင့်ပါကွာ၊ မင်းမှာက ဇွပ်ကျယ်နဲ့၊ ငါက ကိုယ်လုံးတီးချွတ်ကြီး ရှက်စရာကြီး"

"အောင်မယ် ဟေ့ကောင် ... တစ်သက်လုံးကဖြင့် အရှက်မရှိဘဲ အခုမှလာပြီး ရှက်ချင်ယောင်ဆောင်မနေနဲ့"

"ရှက်တာပေါ့ကွ ... မင်းကလည်း၊ မိန်းကလေးတွေ ဘာတွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ငါတို့ယောကျ်ားလေးသုံးယောက်တည်းနေတဲ့အခန်းကို ဒီအချိန်ကြီး ဘယ်မိန်းကလေးမှ တံခါးလာမခေါက်ပါဘူးကွာ"

www.foreverspace.com.mm



"ဒါဆို ဘယ်သူဖြစ်နိုင်မလဲ၊ ဟာ…သိပြီ၊ နွားနို့လာပို့တာ နေမှာပေါ့၊ နွားနို့ပို့တဲ့ကုလားကြီးက မင်းသော်ဒါပဲ မိုးကျော်၊ ထ…ထ…မိုးကျော်၊ မင်းထဖွင့်၊ ဒီအိမ်မှာ နွားနို့သောက်တာ မင်းပဲရှိတာ၊ ငါတို့က နွားနို့မသောက်ဘူး၊ မင်း နွားနို့ကိစ္စ မင်းဘာသာရှင်း"

"ဟာကွာ…မနှောင့်ယှက်စမ်းပါနဲ့၊ အဲဒီနွားနို့ကုလားက ဒီလောက် ဝီရိယမကောင်းဘူး၊ ပြီးတော့ သူနှိပ်တဲ့ ဘဲလ်သံကို ငါမှတ်မိတယ်၊ သူက သုံးချက်ဆက်တိုက်နှိပ်တာ၊ ခုကြားရတဲ့ဘဲလ်သံလောက် မယဉ်ကျေးဘူး"

"ဘဲလ်သံပဲ ယဉ်ကျေးတယ် ရှိရဦးမလား"

"ရှိတာပေါ့ကွ…လူခေါ်ဘဲလ်က ထွက်ပေါ်လာတဲ့အသံဟာ ဘဲလ်နှိပ်တဲ့လူရဲ့ စိတ်အခြေအနေကို ဖော်ပြနိုင်တယ်၊ စိတ်စော စိတ်မြန်တဲ့လူက မြန်မြန်လာဖွင့်ပြီးရော သုံး လေးချက်ဆက်တိုက်နှိပ်ပစ်လိုက်တာပဲ၊ မင်းတို့ ခြောက်လွှာကြီးကို ငါတက်ရတာမောနေပြီ၊ မြန်မြန်လာဖွင့်ကြဆိုတဲ့ သဘော၊ သူများအိပ်ပျက်မှာ၊ လန့်မှာ၊ အနှောင့်အယှက်ဖြစ်မှာ ဂရုမစိုက်ဘူး၊ သူ့ကိစ္စပြီးဖို့သာ အရေးကြီးတဲ့ လူမျိုး၊



www.foreverspace.com.mm



စိတ်တည်ငြိမ်ယဉ်ကျေးတဲ့သူက ခပ်ဆဆ တစ်ချက် ပဲနှိပ်တယ်၊ လာဖွင့်မဖွင့်စောင့်တယ်၊ လာဖွင့်နိုင်လောက်တဲ့ အချိန်မှာ မဖွင့်ရင် နောက်တစ်ကြိမ်နှိပ်မယ်၊ စောင့်မယ်၊ ဒါနဲ့မှမဖွင့်သေးရင် နှစ်ချက်ဆက်နှိပ်မယ်၊ စောင့်မယ်၊ နောက် နှစ်ချက် ခပ်ခြားခြား ဆက်နှိပ်မယ်"

"တီးတောင်…တီးတောင်"

"ဟော ကြားလား…တစ်ချက်နဲ့တခြား နည်းနည်းလေး ခြားပြီး ဆက်နှိပ်နေတာ၊ ဒီဘဲလ်သံကိုအကဲခတ်ကြည့်ရင် ဧည့်သည်ဟာ တစိမ်းဖြစ်မယ်၊ ယဉ်ကျေးတဲ့သူဖြစ်မယ်၊ တို့ထဲက တစ်ယောက်ယောက်ကို တွေ့မှဖြစ်မယ့် အရေးကြီးတဲ့ကိစ္စလည်း ရှိလိမ့်မယ်၊ ဒါကြောင့် ဖွဲကောင်းကောင်း စိတ်ရှည်ရှည်နဲ့ ငါတို့လည်း အနှောင့်အယှက်မဖြစ်အောင် နှိပ်နေတာ၊ တစိမ်းမို့လို့ ဒီလောက်စိတ်ရှည်နေတာ၊ တို့နဲ့ ရင်းနှီးတဲ့သူဆိုရင် စနှိပ်ကတည်းက နှစ်ချက်ဆက်တိုက် ခပ်မြန်မြန် နှိပ်မယ်၊ ပြီးရင် ခဏစောင့်ပြီး နောက်နှစ်ချက် စီ သုံးကြိမ်လောက် နှိပ်မယ်၊ လာမဖွင့်ရင် ပြန်သွားလောက်ပြီ"

ပုညခင် စာအုပ်တိုက်

www.foreverspace.com.mm



မိုးကျော်က လူခေါ်ဘဲလ်ငြိကာဖွင့်နေချိန်မှာ ညီငယ်နဲ့ ငသက်က အနည်းငယ်ပြန်လည်မိန်းမောစပြုနေပြီ။

"ဟိုကောင်တွေ...ပြန်အိပ်ဖို့ မကြိုးစားနဲ့"

"အေးပါကွာ...မကြိုးစားပါဘူးကွာ"

ညီငယ်က ဂူးဝါးဂူးဝါးပြန်ပြောသော်လည်း မျက်လုံးက မဖွင့်။

"တီးတောင်...တီးတောင်"

"ဟော မပြန်သေးဘူးကွ...အလှူခံများလား"

"အလှူခံက ဒီလောက်စောစော မလာပါဘူးကွာ"

ညီငယ်က ပြန်ပြောရင်း တစ်ဖက်သို့စောင်းကာ ခပ်ဝေးဝေးမှာလွှင့်နေသောဖက်လုံးဆီ ခြေတစ်ဖက်လှမ်း၍ ပစ်တင်လိုက်ပါသည်။ ငသက်ကတော့ တုတ်တုတ်မျှမလှုပ်ပြီ။

မိုးကျော်က ရုတ်တရက် ငသက်ပခုံးကိုကိုင်လှုပ်ရင်း...

"ဟေ့ကောင် ငသက်၊ ထ...ထ၊ မင်း အစ်ကိုကွ၊ မင်း အစ်ကို လာတာ၊ မင်းအတွက် ပိုက်ဆံလာပို့တယ်ထင်တယ်"



www.foreverspace.com.mm



"ဟာမ်...ဟုတ်လား"

"ဟုတ်တယ်၊ သွား...သွား၊ အမြန်သွားဖွင့်ပေးလိုက်"

"ဟီးဟီး...ဝမ်းသာလိုက်တာကွာ၊ ပိုက်ဆံပြတ်နေတာနဲ့ အတော်ပဲ"

သက်အောင်က အိပ်ချင်မူးတူးဖြင့် ဗြုန်းခနဲခုန်ထလာကာ ပုဆိုးတစ်စကို ချိုင်းမှာညှပ်ပြီး တံခါးပြေးဖွင့်လိုက်လေသည်။

"ဟာ...ဟာ"

သက်အောင် တွေ့လိုက်ရသည်မှာ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်ပင်။ မိန်းကလေးလို့ ဘယ်လိုမှ မထင်တာမို့ ခေါင်းစုတ်ဖွား ပုဆိုးစွန်တောင်ဆွဲကာ ကသီးကရွဲပုံစံဖြင့် ထ,ဖွင့်ပေးလိုက်မိတာပင်။ သက်အောင်ရဲ့ အိပ်ချင်မူးတူးမျက်လုံးတွေလည်း ခုမှ ပြူးကျယ်သွားရပါသည်။

သက်အောင်က အလန့်တကြားနောက်သို့ ခုန်ဆုတ်ကာ တံခါးကို ဝုန်းခနဲပြန်ဆွဲပိတ်လိုက်ပါသည်။ ဧည့်ခန်းထဲက တုံးလုံးပက်လက်တွေက အမြင်မှ မတော်ဘဲ။

"ဘာဖြစ်တာလဲ ဟေ့ကောင်"

“မင်းအဘ ... ငါ့အစ်ကိုရမှာလား၊ ကောင်မလေးကွ၊ ကောင်မလေးတစ်ယောက်”

မိုးကျော်က ခေါင်းထောင်ထလာကာ ...

“ဟေ ... ဟုတ်လား ... ချောလား”

“ချောတယ်ကွ၊ ချောချောငယ်ငယ်လေး၊ သူ့လက်ထဲမှာ ဘာလဲမသိဘူး အထုပ်လေးတစ်ထုပ် ဆွဲထားတယ်”

“ဒါနဲ့များ မင်းက ဘာလို့ တံခါးပြန်ပိတ်လိုက်ရတာလဲ”

“ခွီးမှပဲ ပုဆိုးဝတ်ပါရစေဦးကွ၊ ဟိုမှာ ငါ့ရှပ်အင်္ကျီ လှမ်းယူလိုက်စမ်းပါကွာ၊ အင်္ကျီချွတ်ကြီးနဲ့ ဘယ်ကောင်းမလဲကွ၊ ဟိုကောင် ညီငယ်အိပ်နေပုံက အမြင်မတော်ဘူးကွာ၊ ထ ... ထ၊ မိန်းကလေးဧည့်သည်ကွ”

ညီငယ်က မထချင် ထချင်ထကာ ခုံကိုမှီပြီး ငိုက်နေသေးသည်။

“တီးတောင်”

“ဟော နှိပ်ပြီ နှိပ်ပြီ၊ သနားပါတယ်ကွာ၊ သူ့ခမျာ စောင့်နေတာကြာပြီ၊ ဒီလိုမှန်းသိ စောစောထဖွင့်ပေးလိုက်ပါတယ်၊ သွား ... သွား မြန်မြန်သွားဖွင့်ပေးလိုက်၊ ဟာ ... နေဦး ...





နေဦး ... မဖွင့်နဲ့ဦး၊ ဧည့်ခန်းထဲက ရှုပ်ပွထားတာတွေ သိမ်းဦးကွ”

မိုးကျော်နှင့် သက်အောင်က ဧည့်ခန်းထဲမှာ တစ်စစီ ပြန့်ကျဲနေသည့် ခေါင်းအုံး ဖက်လုံး ရေသန့်ဘူးခွံ၊ ညတုန်းက စားထားသောက်ထားသော ပန်းကန်အကြွင်းအကျန်တွေကို တစ်စစီလိုက်ကောက်ရင်း ဝရုန်းသုန်းကား ပျာယာခတ်နေကြသော်လည်း ညီငယ်က မှိန်းကောင်းဆဲပင်။

“ရပြီလား ... ဖွင့်လို့ရပြီလား”

“အိုကေ ရပြီ ... ရပြီ ... ဖွင့်တော့၊ ဟာ ... နေဦးကွ၊ ဟိုကောင် ညီငယ် အင်္ကျီဝတ်လိုက်ဦး၊ ဒီကောင်ကွာ အအိပ်မက်တာက တရားလွန်ပဲ”

မိုးကျော်က ညီငယ့်အင်္ကျီကို အမြန်ပြေးယူကာ လှမ်းပစ်ပေးလိုက်ရသည်။

“တီးတောင်”

“ဖွင့်တော့ ... ဖွင့်တော့ ရပြီ”

သက်အောင်က အင်္ကျီလုံချည်သပ်သပ်ရပ်ရပ်ဖြင့် တံခါးကို ဒုတိယအကြိမ် ညင်သာစွာ ဆွဲဖွင့်လိုက်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm



"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲခင်ဗျာ"

"ဒီအိမ်မှာ ညီငယ်ဆိုတာများ ရှိပါသလားရှင်"

"ဪ… ညီငယ်နဲ့တွေ့ချင်လို့လား၊ ရှိတယ်… ရှိပါတယ်၊ ခဏလေးနော်"

သက်အောင်က အနည်းငယ်အံ့သြသွားကာ ညီငယ့်ဆီ ပြန်ပြေးလာပြီး…

"ဟေ့ကောင် ညီငယ်… မင်းစည်သည်ကွ၊ မင်းကို မေးနေတယ်"

"ဘယ်သူလဲ"

"မသိဘူးကွ၊ မင်းပုံစံကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ဦး၊ ငါ အိမ်ထဲခေါ်လိုက်မယ်"

သက်အောင်က ညီငယ့်ကို လှုပ်နှိုးခဲ့ပြီး တံခါးဝဆီ ပြန်ပြေးသွားကာ…

"လာပါခင်ဗျ… ဝင်ပါ"

ကောင်မလေးက တည်ငြိမ်ရဲရင့်သော၊ ရိုးသားသော မျက်ဝန်းများဖြင့် အိမ်ထဲသို့လှမ်းကြည့်ရင်း ဝင်လာပါသည်။

ညီငယ်သည် ကိုယ့်စည်သည်မိန်းကလေးဆိုတာကို



www.foreverspace.com.mm



အံ့သြကာ ရုပ်အကျႌကို အမြန်ကြယ်သီးတပ်ရင်း ဝင်လာသူကို ထရပ်ကြိုဆိုလိုက်ရပါသည်။

တကယ်ဆို ခုလောလောဆယ် အိမ်အထိလာပြီး ပတ်သက်မည့် မိန်းကလေးမိတ်ဆွေမျိုး ညီငယ့်မှာမရှိပါ။ ကိုယ့်မိန်းကလေးကလည်း နိုင်ငံခြားမှာ…။

"ကိုညီငယ်ဆိုတာ…"

"ကျွန်တော်ပါ ခင်ဗျ…"

မိန်းကလေးက သူ့ရင်ထဲထိဖောက်ကြည့်ချင်သော မျက်ဝန်းများဖြင့် သူ့မျက်လုံးတွေကို စိုက်ကြည့်နေတာမို့ သူ နည်းနည်းအနေကျပ်သွားပါသည်။

သူမကိုကြည့်ရတာ နည်းနည်း ထူးဆန်းသလိုပဲဟု တော့ ခံစားလိုက်ရပါသည်။ တွေ့နေကျမိန်းကလေးမျိုးနှင့်တော့ လုံးဝမတူပါချေ။ ဆံပင်ဖြောင့်ဖြောင့်လေးတွေကို နဖူးဆံစတွေ တင်နေအောင် ရှင်းရှင်းလင်းလင်း စုစည်းထားသော မျက်နှာလေးက တည်ငြိမ်ရိုးစင်းလှပါသည်။ ပြီးတော့ သူမမျက်လုံးတွေက ဖြူစင်ရဲဝံ့စွာ တောက်ပနေသည်။ အရှိန်အဝါကြီးသော… တစ်ဖက်သားအပေါ် လွှမ်းမိုးနိုင်သော မျက်ဝန်းများပင်။

သူမက သူ့ကိုအကဲခတ်သလို စိုက်ကြည့်နေတာမို့ သူနည်းနည်းအနေခက်သွားသည်။ ပြန်စိုက်ကြည့်နေရမလား... မျက်နှာလွှဲလိုက်ရမလား... ဘာလုပ်ရမှာပါလိမ့် ...။

"အဲ ... အဲ ... အင် ..."

ထိုခဏမှာ သူမပွေ့ထားသော အထုပ်ကလေးက လှုပ်လာကာ တအဲအဲအသံကလေးထွက်လာပါသည်။

"ဟာ ... ကလေး ... ကလေးလား၊ အဲဒါ ကလေးလား"

မိုးကျော်က ထိုအရာလေးဆီသို့ အာရုံရောက်ကာ လွှတ်ခနဲမေးလိုက်ပါသည်။

"ဟုတ်ပါတယ် ... ကလေးလေးပါ"

မိုးကျော်တို့နှစ်ယောက်ရဲ့ မျက်လုံးအစုံက ပြူးဝိုင်းသွားကြပါသည်။ ညီငယ်မသိတဲ့ မိန်းကလေးတစ်ယောက်က ခုလို မနက်စောစောမှာ ကလေးတစ်ယောက်ပိုက်ပြီး ညီငယ့်ဆီ ရောက်လာတဲ့အဖြစ်ဟာ အံ့သြစရာကြီးပင်။ စေ့စေ့တွေးကြည့်လျှင် အဓိပ္ပာယ်က တစ်မျိုးကြီးပါပင်။

"ဟော ... ဟော လက်ကလေး မြှောက်လာတယ်"

"အံမယ် ... ချစ်စရာလေး"





မိုးကျော်တို့က ကလေးဆီလှမ်းကြည့်ရင်း အသည်းယားနေဆဲ... ထိုမိန်းကလေးက သူတို့ကိုလှည့်ကြည့်လာကာ...

"ဒီမှာရှင် ... တစ်ခုလောက် ကူညီပေးပါလား"

"ရပါတယ် ... ရပါတယ် ... ပြောပါ"

"ကလေးခဏ ချီပေးထားပါနော်၊ ကျွန်မ ကိုညီငယ်နဲ့ စကားပြောချင်လို့ပါ"

"ဟာ ... ရပါတယ် ... ရပါတယ်"

"ဟောကောင် ငသက် မင်းကချီတတ်လို့လား"

"ရပါတယ်ကွ၊ ဒီလောက်ကတော့ ..."

ငသက်က ကလေးကို လှမ်းပွေ့ယူလိုက်ပါသည်။ ချိုပုပို့ပုံက သိပ်တော့ အချိုးမကျလှပါ။

ကောင်မလေးက ညီငယ့်ဘက်ပြန်လှည့်လာကာ...

"ကိုညီငယ် ... ကျွန်မတို့နှစ်ယောက်ချင်းစကားပြောလို့ရမလား"

"ရပါတယ်၊ မိုးကျော် မင်းတို့နောက်ဘက်ခဏသွားနေကွာ"

"ဟို ကလေးက ..."

www.foreverspace.com.mm



"ကလေးပါခေါ်သွား၊ မငိုအောင်ထိန်းနော်"

"အေး...အေး"

မိုးကျော်တို့ နောက်ဘက်ဝင်သွားတော့မှ ကောင်မလေးက စလွယ်သိုင်းလွယ်ထားသောအိတ်ကိုဖွင့်ကာ ဓာတ်ပုံလေးတစ်ပုံကို ထုတ်ယူလိုက်ပါသည်။

"ဒီမှာ...ဒါ ရှင့်ဓာတ်ပုံမဟုတ်လား"

သူကဓာတ်ပုံကို လှမ်းယူကြည့်ရင်း မျက်ခုံးပင့်သွားရပါသည်။ သူငယ်ချင်းတွေနှင့်အတူခရီးထွက်ရင်း ရိုက်ကူးထားသည့်ပုံ...။ ဒီပုံက သူမဆီ ဘယ်လိုကြောင့် ရောက်နေရတာပါလိမ့်...။

"ဓာတ်ပုံနောက်ကို လှန်ကြည့်လိုက်ပါဦး ကိုညီငယ်"

သူက ဓာတ်ပုံနောက်ကျောကို လှန်ကြည့်လိုက်ပါသည်။ မြတ်စွာဘုရား...။

ဒီတစ်ခါတော့ သူ အံ့သြရုံမက သည်းထိတ်ရင်ဖိုပင် ဖြစ်သွားရသည်။

သူ မရေးခဲ့သော၊ သူ့လက်ရေး မဟုတ်သော စာကြောင်းတချို့က သူ့ဓာတ်ပုံနောက်မှာ အထင်အရှားရှိနေသည်။





သူက ကြောင်တောင်တောင်ဖြစ်နေဆဲ...သူမက သူ့ကို တစိုက်မတ်မတ် အကဲခတ်ကြည့်နေရင်း...

"အဲဒီမှာ ရေးထားတဲ့မြတ်နိုးဆိုတဲ့ မိန်းကလေးနဲ့ ရှင်နဲ့ ပတ်သက်မှု အတိုင်းအတာကို ရှင်ပဲသိလိမ့်မယ်လို့ ကျွန်မထင်ပါတယ်၊ အဲဒီဓာတ်ပုံလေးကို စွန့်ပစ်ထားတဲ့ ကလေးလေးရဲ့ အနားကနေရခဲ့ပါတယ်၊ ကလေးအမေက စွန့်ပစ်ခဲ့ရင်လည်း ကလေးအဖေသာရှိသေးရင် ဒီကလေးကို ကလေးအဖေလက်ထဲထည့်ပေးချင်လို့ပါ၊ ဒီကလေးကို မနေ့ကပဲ အမှိုက်ပုံနားကနေ ကျွန်မ ကောက်ရခဲ့ပါတယ်"

"ပြဿနာပဲ...၊ ခင်ဗျားကြည့်ရတာ ကျွန်တော့်ကို ကလေးအဖေလို့ထင်နေပုံရတယ်၊ ကျွန်တော် တကယ်လုံးဝမသိပါဘူးဗျာ၊ ကျွန်တော့်ဘဝမှာ မြတ်နိုးဆိုတဲ့ မိန်းကလေးနဲ့လည်း မပတ်သက်ဖူးပါဘူး၊ ဘယ်မိန်းမနဲ့မှလည်း ဒီလိုတွေဖြစ်လာရလောက်တဲ့အထိ မပတ်သက်ခဲ့ဖူးပါဘူး၊ ဘုရားစူးရပါစေရဲ့ဗျာ၊ တကယ်ပါ၊ ဒီဓာတ်ပုံကိုလည်း ကျွန်တော် ဘယ်သူ့ကိုမှ မပေးခဲ့မိတာသေချာပါတယ်"

သူမက သူ့ကိုစိုက်ကြည့်နေရင်းက တွေဝေငြိမ်သက်သွားကာ...



www.foreverspace.com.mm

"ဒါဆိုလည်း ဘယ်တတ်နိုင်ပါ့မလဲလေ၊ ကျွန်မဘက်က မှားသွားရင် တောင်းပန်ပါတယ်၊ မနက်စောစောကြီးမှာ ခုလိုအနှောင့်အယှက်ပေးမိတဲ့အတွက်လည်း တောင်းပန်ပါတယ်၊ နည်းနည်းနေမြင့်မှဆိုရင် အလုပ်သွားတာနဲ့ဘာနဲ့ ရှင်အပြင်ထွက်သွားရင် မတွေ့မှာစိုးလို့ အစောကြီးလာခဲ့မိတာပါ၊ ညနေကျတော့လည်း ရှင်အပြန်မိုးချုပ်နေရင် မတွေ့မှာစိုးလို့ပါ"

သူမပုံစံက သူ့အပေါ်သိပ်ယုံကြည်ဟန် မရှိတာမို့ သူက စိတ်ညစ်သွားမိကာ ခေါင်းကုတ်မိရင်း...

"ဒီမှာ ခင်ဗျားပုံစံကြည့်ရတာ ကျွန်တော်ပြောတာ သိပ်မယုံသလိုပဲဗျာ၊ ခက်တာပဲဗျာ...ခင်ဗျားယုံအောင် ဘယ်လိုသက်သေပြရမှန်း မသိတော့ဘူး"

"အူဝဲ...အူဝဲ...ဝါး"

"ဟော ကလေးငိုနေပြီ၊ ရှင်သူငယ်ချင်းတွေခေါ်လိုက်ပါဦး၊ ကျွန်မလည်း ပြန်တော့မယ်"

ကောင်မလေးက နောက်ဘက်သို့လှမ်းမျှော်ကြည့်ရင်း ပြောလိုက်တာမို့ သူက မိုးကျော်တို့ကို လှမ်းခေါ်လိုက်ရပါသည်။





မိုးကျော်က တဝါးဝါးအော်ငိုနေသောကလေးကို အချိုးမကျစွာ ပွေ့ပိုက်ရင်း ရှုံ့မဲ့ကာ အပြင်ထွက်လာသည်။ သူ့ပုဆိုးပေါ်မှာ ကလေးသေးကွက်က ရွှဲနစ်နေပါသည်။

"ဒီမှာကြည့်ပါဦးဗျာ...ဘသားချောက ကျိစယ်လိုက်တာ"

"အို...ဆောရီးပါရှင်"

"ရတယ်...ရတယ်...ကိစ္စမရှိဘူး၊ ဒီကောင်က ကလေးချစ်တတ်တယ်၊ ဒါ နည်းတောင်နည်းသေးတာ၊ အမှန်ဆို အီးအီးပါ ပါချသင့်တာ"

"ခွေးကောင် သေကဲ၊ ကလေးက မင်းအပေါ်ကျမှ အီးပါချမှာ"

သူမက ကလေးကို အချိုးတကျပြန်ပွေ့လိုက်ရင်း...

"ဒုက္ခလာပေးမိပြီ၊ တောင်းပန်ပါတယ်ရှင်"

"ရပါတယ်၊ ကိစ္စမရှိပါဘူးဗျာ"

"ကျွန်မကို ခွင့်ပြုပါဦး"

သူမက လှည့်ထွက်မည်ပြင်တော့ ညီငယ်က ပျာပျာသလဲ လှမ်းမေးမိပါသည်။

"နေ...နေပါဦးဗျ၊ တစ်ခုမေးပါရစေဦး၊ အခု ဒီကလေးက

အရှင်မပေါ်တော့ ခင်ဗျား ဘယ်လိုလုပ်မှာလဲ”

“ကျွန်မ မွေးမှာပါ”

“ဟာ ဖြစ်ပါ့မလား ဗျူ၊ ကလေးက ဒီလောက်ငယ်တာ၊ ပြီးတော့ ခင်ဗျားကိုယ်တိုင်ကလည်း ငယ်ငယ်လေးဥစ္စာ”

“ကိစ္စမရှိပါဘူးရှင်၊ မေတ္တာစိတ်သာရှိရင် အားလုံး အဆင်ပြေပါတယ်”

ကလေးကိုမွေ့ကာ တည်တည်ငြိမ်ငြိမ် ပြန်လှည့်ထွက်သွားသော သူမကို သူတို့သုံးယောက်လုံးတအံ့တသြငေးကြည့်ကျန်ရစ်ခဲ့ရပါသည်။ ညီငယ်က စိတ်ရှုပ်ထွေးစွာ အံ့သြဆန်းကြယ်နေခဲ့ကာ ငြိမ်သက်နေမိပါသည်။

“ဟေ့ကောင် ညီငယ်၊ ငါတို့ချောင်းနားထောင်နေတာကွ၊ အကုန်ကြားတယ်၊ မင်းမဟုတ်တာ သေချာလား”

ညီငယ်က ပြန်မဖြေနိုင်ပါ။ သူက သူ့ဝေါ်တ်လက်ကလေးကိုပြေးယူကာ သူမနောက်သို့ အမြန်လိုက်ဖို့ အခန်းထဲမှ အထွက်...

“ဟေ့ကောင် ဘယ်လဲ”

“ငါ သူ့ကို လိုက်ကြည့်မလို့ကွ”





“အေး... ကောင်းသားပဲ၊ ငါလည်း စိတ်ဝင်စားတယ်၊ ငါလည်း လိုက်မယ်”

“ငါလည်း လိုက်မယ်ကွ”

သုံးယောက်သား အခန်းထဲမှ ဝုန်းခနဲထွက်လာကာ လှေကားထစ်တွေကို အပြေးအလွှားနင်းဆင်းလာခဲ့ကြပါသည်။

❄ ❄ ❄



www.foreverspace.com.mm

www.foreverspace.com.mm

## (၄)

"ဟော ...ရှေ့ကခြံထဲကို ကွေ့ဝင်သွားပြီကွ"

ညီငယ်တို့သုံးယောက်သားမှာ သုံးဦးစပ်တူပိုင်ဆိုင်သော အောက်စ်ဖက်ဗွန်လေးကို အီးလိုမ့်ရှုမောင်းရင်း သူမနောက်က လိုက်ခဲ့ကြတာဖြစ်ပါသည်။ သူမက ကားမစီးဘဲ ဆိုက်ကားတစ်စီးငှားစီးသွားတာမို့လည်း သူတို့ နောက်ယောင်ခံလိုက်ရတာ အဆင်ပြေခဲ့ခြင်းပင်။

ခပ်ဝေးဝေးကပင် ခြံတစ်ခြံရှေ့မှာ ဆိုက်ကားရပ်သွားတာ၊ သူမဆင်းပြီး ထိုခြံထဲဝင်သွားတာ မြင်လိုက်ရတာမို့ ညီငယ်က မောင်းလာသောကားကိုရပ်ကာ အခြေအနေကို စောင့်ကြည့်





www.foreverspace.com.mm

နေသည်။ တော်တော်ကြာတဲ့အထိ သူမက ထိုခြံထဲက ပြန်ထွက်မလာတော့မှ မိုးကျော်က လှုပ်လှုပ်ရှရှဖြစ်လာကာ ...

"ဒီမှာနေတာဖြစ်မှာကွ၊ လာကွာ ...သွားကြည့်ရအောင်"

"ဖြစ်မလားကွ ...မင်းဥစ္စာက ပေါတင်ကြီး"

"အေးလေ ...သူ့ကို မသက်ာလို့ လိုက်ချောင်းသလိုမျိုးကြီး"

"အကြံအဖန်တော့ မဟုတ်တာ သေချာပါတယ်"

"အပွေးမြင် အပင်သိပါတယ်ကွာ၊ တမင်သက်သက် ခွင်လာဆင်တာတော့ လုံးဝမဟုတ်နိုင်ဘူး၊ ရုပ်ကလေးကိုက ဒီလောက် ဖြူစင်သန့်ရှင်း ရိုးသားနေတဲ့ဥစ္စာ"

"ဟုတ်ကောင်း ညီငယ် ...မင်း တကယ်မဟုတ်တာတော့ သေချာတယ် မဟုတ်လား"

ညီငယ်က ဘာမှပြန်မဖြေဘဲ အနားပါးနီးလှမ်းကြည့်ကာ ...

"ဒီနားပါးနီးကိုကြည့်ရတာတော့ အချင်းချင်းတွေ ရင်းနှီးသိကျွမ်းကြတဲ့ပုံမျိုးပဲ၊ နည်းနည်းပါးပါး စပ်စုကြည့်ရင် သိရမယ်ထင်တယ်"

www.foreverspace.com.mm



"အေး...ကောင်းသားပဲ"

သုံးယောက်သားတက်ညီလက်ညီပင် ကားပေါ်က ဆင်းကာ လမ်းလျှောက်လာခဲ့ကြပါသည်။ သူမရဲ့ခြေရှေ့ကတော့ ဖြတ်မလျှောက်ရဲတာမို့ အနားမှာ ရစ်သီရစ်သီလုပ်နေဆဲ မုန့်ဖက်ထုပ်သည် အဒေါ်ကြီးတစ်ယောက် လျှောက်လာတာ တွေ့ရသည်။ ညီငယ်က အကြံရကာ...

"လာကွာ...မုန့်ဖက်ထုပ် ဝယ်စားရအောင်"

သုံးယောက်သားမှာ မုန့်ဖက်ထုပ်သည်ရှေ့မှာ ငုတ်တုတ်ကလေးတွေ တန်းစီထိုင်ကာ မုန့်ဖက်ထုပ်တွေကို ကြောင်းဆန်အောင် မွှေနှောက်ရွေးချယ်ရင်း စပ်စုခြင်းကို စတင်လိုက်ကြပါသည်။

"အဒေါ်က ဒီရပ်ကွက်ထဲကပဲလား"

"အေးကွယ့်"

"ဒါဆို ဒီရပ်ကွက်ထဲက လူတော်တော်များများနဲ့ သိကျွမ်းမှာပေါ့နော်"

"သိတာပေါ့၊ အဒေါ် ငယ်ငယ်လေးကတည်းက ဒီရပ်ကွက်ထဲမှာပဲနေခဲ့တာ၊ ဒီကလူတွေနဲ့ မိသားစုတွေလိုတောင် ဖြစ်နေပြီ"





"ဟောဟိုခြံမှာနေတဲ့ ကောင်မလေးကိုရော သိလား အဒေါ်၊ ဟို...ရိုးရိုးသားသား လှလှပပလေးလေ"

"ဩော်...မပျို့ကို ပြောတာထင်တယ်၊ ဟိုတလော ကတောင် ကလေးလေးတစ်ယောက် ကောက်ရလာတယ် ကြားတာ၊ မအားတာနဲ့သွားကို မမေးဖြစ်သေးဘူး၊ ဒီကလေးမလေးလည်း ကြာရင် မိဘမဲ့ဂေဟာဖွင့်ရတော့မယ်ထင်တယ်"

"သူ့အကြောင်း နည်းနည်းလောက်ပြောပါလားအဒေါ်"

"မင်းတို့ကြည့်ရတာ မပျိုလေးကို ပိုးချင်ပန်းချင်ကြတယ်ထင်တယ်၊ သွားမစနဲ့ကွယ်၊ မပျိုက သူတော်ကောင်းမလေး၊ ယောကျ်ားတွေကိုလည်း သိပ်စိတ်ဝင်စားတာမဟုတ်ဘူး၊ သူ့ကိုယ်သူတောင်အပျိုအရွယ်လေးရယ်လို့ ပြင်ပြင်ဆင်ဆင်နေတာမဟုတ်ဘူး၊ တစ်နေ့တစ်နေ သူများ သားသမီးရဲ့ ဝေယျာဝစ္စတွေနဲ့ ကလေးအမေ ပေါက်စကလေးလို ဖြစ်နေရှာတာ...၊

"ဒီကောင်မလေးဟာ အင်မတန် ပရဟိတစိတ်ရှိတဲ့ ကောင်မလေး၊ သိပ်စိတ်ကောင်းရှိတယ်၊ သူ့ကဲလေး

www.foreverspace.com.mm

ကတော့ ဆိုးရွာတယ်ကွယ်၊ မေပျိုလေး သုံးနှစ်သမီး ကတည်းက သူ့အမေက ဆုံးရှာတယ်၊ အမေ့အသုဘ မီးအောင် နိုင်ငံခြားက ပြန်လာတဲ့အဖေကလည်း လေဆိပ်က အလာမှာ ကားမှောက်ပြီး ဆုံးပြန်တယ်၊

"သူ့မိဘတွေကတော့ ဒီခြံလေးနဲ့အိမ်လေးရော၊ အတွင်းပစ္စည်းတော်တော်များများပါ ချန်ထားခဲ့နိုင်ပါတယ်၊ ဒါပေမယ့် မိဘတွေ ဆုံးကတည်းက အမျိုးအဆွေဆိုတဲ့ သူတွေက တစ်ယောက်ဝင်တစ်ယောက်ထွက်နဲ့ မေပျိုကို စောင့်ရှောက်မယ်အကြောင်းပြချက်နဲ့ ခြေရှုပ်လိုက်ကြတာ၊ ဟိုလူက ဟိုဟာသယ်သွား၊ ဒီလူက ဒီဟာသယ်သွား၊ မေပျို့အတွက် စရိတ်စကကိုအကြောင်းပြပြီး ပစ္စည်းတွေ ထုခွဲရောင်းချကြနဲ့ ထင်တိုင်းကြဲလိုက်ကြတာ၊ ကြာတော့ အိမ်နီးချင်းတွေက အမြင်မတော်လို့ဝင်ပြော၊ ဝင်စောင့် ရှောက်ပေး၊ လူကြီးတွေကို တိုင်ဟယ်တောဟယ်လုပ်ကြ လို့သာ ဒီအိမ်နဲ့ခြံကလေး ကျန်နေတာ"

"သူ့မှာ အဘိုးအဘွားတွေရော မရှိကြတော့ဘူးလား အဒေါ်"





www.foreverspace.com.mm

"အဒေါ် ကြားတာတော့ မေပျို့မိဘတွေက တစ်ဦးသော သားသမီးတွေတဲ့၊ သူတို့နှစ်ဖက်မိဘတွေကလည်း ဆုံးကုန် ကြပြီတဲ့၊ ဆွေမျိုးဆိုတဲ့သူတွေကလည်း အဖျားအနားပဲ၊ စပ်နိုင်မှ တော်ရုံပဲရှိတာတဲ့၊ အဒေါ်တို့ မြင်တွေ့ရသလောက် တော့ တော်တော်လေးနိမ့်ပါးကြတဲ့သူတွေကွယ်"

"နောက်တော့ မေပျို့ကို ဘယ်သူက ဆက်စောင့်ရှောက် ထားလဲ အဒေါ်"

"အိမ်နီးချင်းမိသားစုကပဲ ဆက်စောင့်ရှောက်ရတာပေါ့၊ ဒေါ်ကြီးတင်ဆိုတဲ့အပျိုကြီးက မေပျို့ကို သမီးလေးလို ချစ်တာကွယ်၊ သူက ဝင်ဝင်ပြောပေးလို့သာ ဟိုအမျိုး ဆိုတာတွေက လန့်ဖျပ်အရှိန်တုံ့ကုန်ကြတာ"

"ခုတော့ကော မေပျိုက ဘယ်သူနဲ့နေလဲ အဒေါ်"

"သူ့ သားသမီး နှစ်ယောက်နဲ့ နေတာပေါ့"

"ခင်ဗျာ..."

"ဪ...နားမလည်ဘူးထင်တယ်၊ အဒေါ်စကားပြော လေသွားတယ်၊ မေပျိုလေးက ကလေးအမေတစ်ယောက် သူ့ဆီ ကလေးခဏအပ်ပြီး ပြန်လာမခေါ်လို့ စောင့်ရှောက်

ထားရတဲ့ ဖိုးသားရယ်၊ ပထွေးနဲ့မနေနိုင်လို့ ဆင်းလာတဲ့ မိချောရယ်၊ အဲ့ဒီကလေးနှစ်ယောက်ကို စောင့်ရှောက်ထားတယ်လေ၊ သူကျူရှင်သင်လို့ရတဲ့ပိုက်ဆံလေးနဲ့ ဝေမျှ ကျွေးနေတာပဲ၊ တော်ရုံလူမှာမရှိနိုင်တဲ့ မေတ္တာစိတ်မျိုး သူ့မှာ ရှိတယ်ကွယ်၊ သူ့မှာလည်း မိဘတွေမရှိတော့ စာနာတယ် ထင်ပါရဲ့ကွယ်၊ ခုလည်း ကလေးတစ်ယောက် ကောက် ရတာ မွေးဦးမလို့လားမသိပါဘူး၊ မိဘမဲ့ဂေဟာပို့ဖို့ ပိုင်း ပြောကြတာကိုလည်း လက်မခံဘူးလေ”

အဒေါ်ကြီးထွက်သွားတော့ ညီငယ်က ခေတ္တဆွံ့အ၊ ငြိမ်သက်လျက် ကျန်ရစ်ခဲ့ရပါသည်။ မကြားဖူးသော ပုံပြင်တစ်ပုဒ်ကို ကြားလိုက်ရသလိုပင်။ စိတ်ထဲမှာ မယုံနိုင်အောင် အံ့ဩ ဆန်းကျယ်နေပါသည်။ လောကမှာ ဒီလိုမိန်းကလေးမျိုး ရှိသေး သတဲ့လား။ အံ့ဩဖို့ကောင်းလေစွ။

ညီငယ်က မိုးကျော်နှင့် ငသက်ကိုလှမ်းကြည့်မိတော့ သူတို့လည်း မယုံနိုင်သလို မျက်ဝန်းအကြောင်သားဖြင့် ငိုင်တွေ ငြိမ်သက်နေခဲ့ပါသည်။

❊ ❊ ❊



## (၅)

နောက်တစ်နေ့ မနက်စောစောတွင် ညီငယ်သည် ဘယ်လို စွမ်းအားက တွန်းပို့သည်မသိဘဲ မေပျို့ခြံနားသို့ ရောက် လာခဲ့ရပါသည်။ မိုးကျော်နှင့် ငသက်ကိုတော့ သူ ဘာမှပြော မထားခဲ့ပါ။

ညက သူတော်တော်နှင့် အိပ်မပျော်နိုင်ဘဲ သူမရဲ့ ရိုးစင်းရူးရှသော မျက်ဝန်းတွေကိုသာ မြင်ယောင်နေခဲ့မိပါသည်။ သူမရဲ့ ဖြစ်တည်မှုကိုလည်း သူက အံ့ဩမိဆဲပင်။

ဒီလောက် ငယ်ရွယ်နုနယ်သော မိန်းကလေးတစ် ယောက်က ဒီကလေးသုံးယောက်ကို ပြုစုစောင့်ရှောက်ဖို့ မေတ္တာ



www.foreverspace.com.mm

စိတ် ပြင်းပြနေနေခဲ့သောအဖြစ်က သူ့အာရုံကို လွှမ်းမိုးထားနိုင်ခဲ့ပါသည်။ သူကရော...

သူကတော့ ယောက်ျားရင့်မကြီးဖြစ်ပေမယ့် ကိုယ်နဲ့သွေးမတော်သားမစပ်၊ ဘယ်ကဘယ်လိုမျိုးရိုးမှန်းမသိသည့် တစိမ်းကလေးတစ်ယောက်ကို တာဝန်ယူဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့မိတာ သေချာပါသည်။

လိုတရခဲ့သော သားတစ်ယောက်မို့ မိဘအပေါ်ဆိုးနွဲ့အနိုင်ယူဖို့လောက်သာ သူ့အာရုံမှာရှိပါသည်။

သူက သူတို့ခြံနားမှာ မယောင်မလည်လျှောက်နေဆဲသူမနှင့် ကလေးတွေရဲ့အသံကို ကြားလိုက်ရပါသည်။

"အီးဟီး...ပူတယ်ဂျ...ပူတယ်"

"အမလေး...ဒုက္ခပါပဲ၊ မမပျိုရေ... မမပျို...ဒီမှာ ဖိုးသားရယ်...သူ့ဘောင်းဘီကို မီးပူတိုက်တာ လက်ကို အပူလောင်သွားပြီ"

"မမပျို တိုက်ပေးမယ်လို့ ပြောသားပဲ ဖိုးသားရယ်"

"မမပျိုမှ အလုပ်မအားတာ၊ သားက ကူညီချင်လို့ ကိုယ်ဘာသာ တိုက်လိုက်တာ"





"အေး...အေး...အဲဒီလိုသိတတ်တာတော့ကောင်းပါတယ်၊ နောက်ဆို သေသေချာချာတိုက်တတ်အောင် သင်ဦးသိလား၊ မမချောကို သင်ခိုင်း၊ ချောရေ...ဖိုးသား ဒဏ်ရာကို ကြည့်ပေးလိုက်ဦး၊ ဒီမှာ မမပျို ကလေးရေချိုး ပေးနေလို့"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ဖိုးသား မငိုနဲ့၊ တိတ်...တိတ်၊ မမချော ဆေးထည့်ပေးမယ် ဟုတ်လား"

"ချောရေ...မြန်မြန်သွက်သွက်လုပ်နော်၊ ကျောင်းချိန်နီးနေပြီ၊ ကျောင်းနောက်မကျစေနဲ့၊ ဖိုးသားကိုလည်း မြန်မြန်ပြင်ဆင်ခိုင်း"

အိမ်နဲ့ခြံစည်းရိုးက ကပ်နေတာမို့ အသံတွေကို အတိုင်းသားကြားနေရပါသည်။ တစ်အိမ်လုံးမှာ သူမအသံက စီစီဝေနေသည်။

ခဏကြာတော့ သူမက သုံးနှစ်သားအရွယ်ခန့်ယောက်ျားလေးတစ်ယောက်နှင့် အပျိုပေါက်အရွယ်ကလေးမလေးနှင့်အတူ ခြံရှေ့သို့ထွက်လာကာ...

"ကဲ...သွားကြတော့နော်၊ ချောရေ ဖိုးသားကို ကျောင်းဝန်းဝ အထိ သေသေချာချာ လိုက်ပို့ပေးပြီးမှ ပြန်ခဲ့နော်"

www.foreverspace.com.mm

"ဟုတ်ကဲ့ မမပျို"

"ဖိုးသား စာကောင်းကောင်းကျက်နော်၊ မမပျိုညနေပြန်လာရင် သားကြိုက်တဲ့ ရေခဲမုန့်ဝယ်ကျွေးမယ် သိလား"

"တကယ်နော်"

"အေးပါ... ဟော ကလေးငိုနေပြီ၊ သွားကြ... သွားကြတော့နော်၊ မမပျိုက ကလေးပြန်ကြည့်လိုက်ဦးမယ်"

"ညနေ သားကျောင်းကပြန်လာရင် ကူထိန်းပေးမယ်နော် မမ"

"အေး... အေး... ဖိုးသားက လိမ္မာတယ်"

အိမ်ထဲဘက်ဆီက ကလေးငိုသံကလွင့်လာတာမို့ သူမက အိမ်ဘက်သို့ ဖျာဖျာသလဲ ပြန်ပြေးသွားပါသည်။

ညီငယ်သည် ခြံစည်းရိုးသစ်ပင်များကြားမှ သူမကို ချောင်းကြည့်ရင်း သက်ပြင်းချမိလေသည်။

ထိုနေရာမှ သူလှည့်ထွက်လာခဲ့တော့ သူ့ရင်ထဲမှာ တစ်စုံတစ်ရာ ခိုတွဲလိုက်ပါလာသလိုခံစားရသည်။ ပြီးတော့ တစ်စုံတစ်ခုက တုပ်ဆွဲထားသလိုမျိုး နောက်ဆံငင်နေသည်။

နောက်နေ့တွေမှာလည်း သူက မိုးကျော်တို့ မသိ





အောင် သူမခြံအနီးတစ်ဝိုက်သို့ သွားမိပြန်သည်။ နေ့စဉ်ရက်ဆက် သွားမိလေ မပျို့ရဲ့အခက်အခဲတွေကို မြင်မိလေပင်။ အလုပ်သွားဖို့ ထွက်သွားလိုက်၊ ဖတ်သီဖတ်သီ ပြန်ပြေးလာလိုက်၊ ကလေးသုံးယောက်နှင့် မနိုင်မနင်းဖြစ်နေပုံကိုကြည့်ကာ သူပင်ရင်မောသည်။

ဘေးလူကသာ ရင်မောရပေမယ့် မပျို့မျက်နှာကလေးကတော့ အမြဲလန်းဆန်းကြည်လင်နေခဲ့မြဲပင်။ မျက်လုံးတွေကလည်း ရဲရင့်တောက်ပမြဲပင်...။ နွေးထွေးမှုတွေလည်း ရှိဆဲပင်...။

နေ့စဉ်ရက်ဆက် လိုလို သွားချောင်းကြည့်ခဲ့မိပြီး တစ်နေ့မှာတော့ ညီငယ်က မိုးကျော်တို့ရှေ့မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ရင်း...

"ဒီမှာ... ဟောကောင်တွေ..."

သူ့ရဲ့ခပ်တည်တည်အကြည့်နဲ့ အပြောကြောင့် မိုးကျော်နှင့် ငသက်က အူကြောင်ကြောင်လှမ်းကြည့်ကြသည်။

"ငါ ကလေးအဖေပဲ"

"ဘာ..."

www.foreverspace.com.mm

"ဟုတ်တယ်...မေပျို့ဆီက ကလေးဆေးရဲ့အဆေးဟာ ငါပဲ"

"မင်း..."

နှစ်ယောက်သားမှာ မျက်လုံးတွေ ပြိုင်တူပြူးထွက်လာကြကာ လက်ညှိုးတစ်ချောင်းစီကို သူ့မျက်နှာရှေ့တည့်တည့်သို့ ဆန့်ထုတ်လိုက်ကြပါသည်။

❄ ❄ ❄



www.foreverspace.com.mm

## (၆)

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် လိမ်ခဲ့မိပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ပျိုသည် ကိုယ့်ရှေ့မှာလာရပ်ကာ သူဟာ ကလေးအဖေပါပဲရယ်လို့ လာရောက်ဝန်ခံနေသော ညီငယ်ကိုကြည့်ရင်း စိတ်တွေ ရှုပ်ထွေးလေးလံသွားရပါသည်။

စိတ်ထဲမှာလည်း မယုံနိုင်သလိုပါပင်။

ဒီလိုပုံစံမျိုးလေးနဲ့ ဒီလိုအကျင့်တန်လိမ်မယ်ဆိုတာ မယုံနိုင်စရာပါ။ သူ့ဆီက ပြန်လာချိန်ကတည်းက ပျိုဟာ စိတ်နှလုံး ဒုံးဒုံးချခဲ့ပြီးသား။ ပျိုကို တအံ့တသြကြည့်ကာ ငြင်းဆန်ခဲ့

www.foreverspace.com.mm

သော သူ့ဟန်ပန်အမူအရာ၊ သူ့အပြောအဆိုတွေကို အသေအချာ အကဲခတ်ပြီးနောက်မှာ သူဟာ ကလေးအဖေမဟုတ်နိုင်ပါဘူးလို့ပင် လက်ခံခဲ့ပြီးသား ...။ ညီငယ်ဓာတ်ပုံနဲ့ ကလေးအမေကြားမှာ တစ်ခုခုလွဲမှားမှုတော့ ရှိမည်ဟုသာ ပျိုက တွေးပါသည်။

ကလေးကို ကိုယ်ဘာသာမွေးဖို့ဆုံးဖြတ်ပြီးချိန်မှာ သူ့အပေါ်ယိုးစွပ်ချင်စိတ်၊ အပြစ်တင်စိတ်တွေလည်း ပျို့မှာ မရှိတော့ပါ။

ပျိုက သူ့မျက်ဝန်းတွေရဲ့ သန့်စင်မှုကို ယုံကြည်ခဲ့မိတာပင်။ ခုကျမှ ...

သူက ကလေးအဖေပါပဲရယ်လို့ လာရောက်ဝန်ခံနေတာမို့ ပျို့မှာ ရုတ်တရက် ဘယ်လိုတုံ့ပြန်ရမှန်းပင်မသိတော့ပါ။

"သေချာရဲ့လားရှင် ..."

"ခင်ဗျာ ..."

"ဪ ... သေချာရဲ့လားလို့ မေးတာပါ၊ ရှင်ဖောက်လမ်းကို ဂဃနဏ ပြောပြမှ ကျွန်မက လက်ခံနိုင်မှာပေါ့"

"ဪ ... ဒါလား၊ အဲဒါက ဒီလိုလေ ... ဟိုဥစ္စာ ..."





www.foreverspace.com.mm

သူ့ပုံစံက ဘာပြောလို့ပြောရမှန်းမသိသည့် ပုံစံမျိုး။ အနည်းငယ်ရှက်ရွံ့နေသလိုမျိုး ...။ သူက ခဏတွေနေပြီးမှ ...

"ဒီလိုပါ ...၊ ကလေးအမေနဲ့ ကျွန်တော်နဲ့ ချစ်သူတွေဖြစ်ကြပြီး ... ဟိုလေ ... ပြီးတော့ ... နောက်ကျတော့ ဟိုလိုလေ ... အဲဒါကြောင့် ဒီကလေးကို မွေးတာပါ"

"ဪ ... ရှင်နှယ် ... ကျွန်မမေးတာက ဘာကြောင့် ဒီလိုအဖြစ်မျိုးရောက်ရတယ်ဆိုတာကို မေးတာ"

ဟာ ... အဲဒါမှ ခွပဲ ...။ ညီငယ်သည် ထိုမေးခွန်းကြောင့် ခေါင်းချွေးပြန်လာပါသည်။ ရုတ်တရက်မို့ ဘယ်လို ဖောက်လမ်းဆင် ရမယ်ဆိုတာတောင် မသိတော့။ အဲဒီ မြတ်နိုးဆိုတဲ့ နာမည်ကိုလည်း ကြားတောင်မကြားဖူးခဲ့။ ဒီလိုကလေး ပစ်ထားသည့် အဖြစ်မျိုး ဆိုတာ ကိုယ်နဲ့ အဝေးကြီးမှအဝေးကြီး။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ဒါမျိုးမရှိ၊ နီးလည်း မနီးစပ်ခဲ့။

"ဒီမှာ ... ဘာစဉ်းစားနေတာလဲ"

"ခင်ဗျာ"

"ရှင် ဘာစဉ်းစားနေတာလဲလို့မေးတာ၊ ကျွန်မမေးတာကို ဘာဖြစ်လို့ မဖြေသလဲ"

သူမက သူ့ရှေ့မှာ လက်ပိုက်ရပ်နေတော သူ့ကို တရားခံစစ် စစ်နေသည်။ အကြည့်တွေက မယုံသင်္ကာဆန်သည်။

"ခင်ဗျားအကြည့်ကြီးကလည်းဗျာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ကလေးအဖေမဟုတ်ပါဘူးလို့ငြင်းတုန်းကလည်း မယုံသင်္ကာကြည့်တာပဲ၊ အခု ဝန်ခံနေပြန်တော့လည်း မယုံသင်္ကာမျက်လုံးကြီးနဲ့ စစ်ဆေးနေတော့တာပဲ၊ ကျွန်တော်ကိုယ်တိုင် ဝန်ခံနေမှပဲ ပြီးပြီပေါ့ဗျ၊ ယုံတော့ပေါ့"

"ဒီလိုမရဘူးလေ၊ ကျိုးကြောင်းခိုင်လုံမှုတော့ ရှိရဦးမှာပေါ့၊ တော်ကြာ ကလေးကိုခေါ်သွားပြီးမှ...ဂရုမစိုက်ဘဲ ပေးချင်ရာ ပေးပစ်ရင် ဘယ်လိုလုပ်မလဲ၊ ဒီကလေးကို ကျွန်မ စောင့်ရှောက်ထားရတာ၊ သံယောဇဉ်ဖြစ်နေပြီ၊ လက်လွှတ်စပယ်မလုပ်နိုင်ဘူး"

"ကိုယ့်သားပဲဗျ...ဒီလိုလုပ်ပါ့မလား"

အံမယ်လေး...ပြောရတာ လျှာယားလိုက်တာ။ တစ်မျိုးကြီးပဲ။ ညီငယ်သည် ကိုယ့်သားရယ် ဘာရယ် ခပ်ရဲရဲ ပြောလိုက်ပြီးမှ ရယ်ချင်နေသည်။





"ရှင့်သားလို့ ရှင်ယုံတယ်ဆိုရင် ကျွန်မ လာပေးတုန်းက ဘာလို့ ငြင်းလွှတ်လိုက်သလဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် ရှင်ဟာ လိမ်တတ်တယ်လို့ ကျွန်မ သိပြီးပြီ၊ တစ်ခါလိမ်ဖူးတဲ့သူဟာ နောက်တစ်ခါလိမ်ဖို့ ဝန်လေးမှာ မဟုတ်ဘူး၊

"ပြီးတော့ ဒီအရွယ် ကလေးလေးကို ရှင်တစ်ယောက်တည်းစောင့်ရှောက်တာထက် ကလေးအမေနဲ့ အတူတူ ပြုစု စောင့်ရှောက်တာက ပိုပြီးအဆင်ပြေတယ်"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"အဆင်ပြေရင် ရှင်တို့ချင်းဆက်သွယ်ညှိနှိုင်းပြီး ပြန်ပေါင်းကြပေါ့၊ အဲဒါမှ ကျွန်မလည်း ကလေးကို စိတ်ချနိုင်မယ်"

ကြားရတာ အူယားလိုက်တာဗျာ။ လူပျိုလေးတန်မဲ့ မို့ ဒီစကားကရှက်စရာကောင်းလှပါတယ်။ ညီငယ်မှာ အခက်တွေ့သထက်တွေ့လာတာမို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ရတာ...

"ကလေးအမေက အိမ်ထောင်ပြုတော့မှာဗျ၊ သူ့မိဘက ကျုပ်နဲ့သဘောမတူဘူး၊ အဲဒါကြောင့် သူက ဒီကလေးကို မလိုချင်တာ၊ သူ့မိဘသဘောတူတဲ့သူနဲ့ မကြာခင်ယူတော့

www.foreverspace.com.mm



မှာ၊ ဟိုလူက နိုင်ငံခြားမှာ၊ နောက် ခြောက်လဆို ပြန်လာမှာ၊ ပြန်လာရင် စေ့စပ်ထားပြီး ခြောက်လလောက်ကြာရင် ယူတော့မှာ ...”

“သြော် ... အဖြစ်က အဲဒီလိုလား”

“ဟုတ်တယ်”

“ဟုတ်ပါပြီ ... ဒီလိုဆို ရှင်က ကလေးကို ဘယ်လိုလုပ်ချင်လဲ ...”

“ခေါ်သွားပြီး မွေးရမှာပေါ့”

“ဖြစ်ပါ့မလား”

“ဘာလို့ မဖြစ်ရမှာလဲ”

“ရှင်တို့က ယောကျ်ားလေးတွေချည်းစုနေတာမဟုတ်လား၊ တော်ရုံယောကျ်ားလေးဆိုတာ ဒီလိုကလေးပိစိလေးကို မထိန်းတတ်တာ များတယ်”

“အိမ်မှာ ကျုပ်သူငယ်ချင်းတွေလည်းရှိတာပဲ၊ သူတို့ပါ ဝိုင်းထိန်းကြရမှာပေါ့၊ ခင်ဗျားတစ်ယောက်တည်းတောင် ဒီကလေးကိုစောင့်ရှောက်နိုင်သေးတာပဲ၊ ကျုပ်တို့သုံးယောက်က ဘာလို့ မနိုင်ရမှာလဲ”



www.foreverspace.com.mm



“ကျွန်မက မိန်းကလေးလေ၊ မိန်းကလေးဆိုတာ မိခင်စိတ်ရှိတယ်၊ ကလေးကို ပြုစုတတ်တယ်”

“ကျုပ်တို့ ယောကျ်ားလေးတွေမှာလည်း ဖခင်စိတ်ရှိတာပဲ၊ ကလေးကိုပြုစုတတ်တာပေါ့”

“ကောင်းပြီလေ ... ဒါပေမယ့် ရှင် ကျွန်မကို ကတိတစ်ခုတော့ ပေးရမယ်”

“ပြော ...”

“ကလေးကို ဘေးမသီရန်မခအောင် ဂရုတစိုက်ပြုစု စောင့်ရှောက်ရမယ်၊ ရှင့်ရဲ့မကျွမ်းကျင်မှုတွေကြောင့် ကလေး ရေချိုးမှားပြီး ဖျားတာ၊ မတည့်တာစားမိပြီး ဝမ်းသွားတာ၊ ချိုရင်း ပိုးရင်း လွတ်ကျတာ၊ အမြင့်ကနေ ပြုတ်ကျပြီး ထိပ်ပေါက် ခေါင်းကွဲဖြစ်တာ၊ အနီးမလဲမိလို့ သေးတစိုစိုနဲ့ ကလေး ဒုက္ခရောက်မှာ၊ အညစ်အကြေး မသန့်ရှင်းလို့ ညစ်ပတ် နံစော်နေမှာ၊ အစာမမှန် အအိပ်မမှန် ဖြစ်မှာ၊ အဲဒါမျိုးတွေ မဖြစ်စေရပါဘူးလို့ ကတိပေးရမယ်”

“ဟာဗျာ ... ဒါကတော့ ...”

“သြော် ... ရှင်က ဒီကတိကို မပေးချင်ဘူးပေါ့၊ ဒါဆို

www.foreverspace.com.mm

ကလေးကို ရှင်ကောင်းကောင်း မစောင့်ရှောက်နိုင်ပါဘူး ဆိုတဲ့ သဘောပေါ့"

"ဟာ ခင်ဗျားကလည်းဗျာ... ဒီလိုတော့လည်း ဘယ်ဟုတ်ပါမလဲ၊ ဘယ်လောက်ဂရုစိုက်စိုက် မတော်တဆဆိုတာမျိုးကတော့ ရှိတတ်တာပဲဥစ္စာ၊ ခင်ဗျားကို ကတိပေးပြီးမှ ဒီကလေးက သူ့ဟာသူဝမ်းပျက်ရင် ကျွန်တော်ပဲအပြစ်တင်ခံရဦးမယ်၊ ကလေး သေးပေါက်ထားမှန်းမသိလို့ အနှီးလဲမပေး မိတဲ့အခါမျိုးတွေလည်း တစ်ခါတလေတော့ ရှိနိုင်တာပဲ"

"ရှင်သုံးနှုန်းပုံကလည်း ဒီကလေး ဒီကလေးနဲ့ စိမ်းလိုက်တာ၊ ရှင့်ရင်ထဲမှာ သွေးကစကားပြောတဲ့ခံစားမှုမျိုးမရှိဘူးလား၊ ကိုယ့်ရင်သွေးပဲဥစ္စာ... သားလေးရေ ဖေဖေဆီကိုလာပါဦး... ဘာညာပေါ့၊ အဲဒါမျိုးကြင်ကြင်နာနာပြောဆိုယုယတတ်ရမှာပေါ့၊ ကလေးနားမှာ အဲဒီလိုယုယုယယ တွတ်တီးတွတ်တာပြောဆိုပေးရင် ကလေးက နားလည်လည် မလည်လည် ကလေးအပေါ်မှာ ကောင်းမွန်တဲ့ သက်ရောက်မှုရှိတယ်၊ ခုတော့ ရှင်ကြည့်ရတာ သက်မဲ့ပစ္စည်းတစ်ခုကို လာတောင်းနေသလိုမျိုး ဖြစ်နေတယ်"





www.foreverspace.com.mm

"သြော်... ဒီလိုရှိတယ်လား၊ ကျွန်တော် မသိလို့ပါဗျာ၊ ကိုယ့်သားလေးပဲဥစ္စာ မကြင်နာဘဲနေပါမလား၊ ကဲ... သားလေးရေ... သားလေးဘာလုပ်နေတာလဲ၊ အိပ်နေတာလားဟင်၊ အဖေ့ကိုကြည့်ပါဦး သားလေးရဲ့... အဖေ့ကို ထကြည့်ပါဦး"

ညိုငယ်သည် စိတ်ထဲ ရွတ်ချင်စိတ်ပေါ်လာကာ ကလေးအိပ်နေသော ပုခက်ဆီ ဖြန်းခနဲထသွားပြီး ပလီစီချောက်ချက်တွေ ရေရွတ်ပြောဆိုလိုက်ပါသည်။ ရင်ထဲအသည်းထဲမှာတော့ ကျလိကျလိနှင့် တစ်မျိုးကြီးပါပင်။ ကိုယ်က လူပျိုကလေးလေး။

"ဟော... သားလေးရေ၊ အဖေ့ကို ထကြည့်ပါဦး သားလေးရဲ့"

"တော်... တော်၊ ရှင်တော်တော့"

"ဘာလဲဗျ... ခင်ဗျားပြောလို့လည်း ပြောရသေးတယ်"

"ရှင်ပြောနေတဲ့ပုံစံက ဟုတ်မှမဟုတ်တာ၊ အိပ်နေတဲ့ကလေးကို ပြောတဲ့ပုံက မပြောလိုက်ချင်ဘူး၊ မဦးမချွတ်တွေ၊ အချိုးကိုမပြေဘူး"

"ကျုပ်က ကလေးအဖေ အသစ်ကျပ်ချွတ်ဆိုတော့ ဒီလောက်

www.foreverspace.com.mm

တော့ အမှားရှိမှာပေါ့၊ ကဲ…ကလေးကို ခေါ်သွားလို့ရပြီ လား"

"အင်း…ရတော့ ရပါပြီ…"

ပျို့မှာ ညီငယ်ပုံစံကိုကြည့်ရင်း ကလေးထည့်ပေး လိုက်ရမှာကို ခပ်အင်းအင်းဖြစ်နေရပါသည်။ ပေါ့ပေါ့ပါးပါး လူငယ် ဆန်ဆန်နေတတ်တဲ့ သူ့ပုံစံဟာ 'အဖေ' ဆိုတဲ့ ဝေါဟာရရဲ့ တော်တော်ကြီးကွာဟနေတယ်လို့ ထင်မိပါသည်။ ပြီးတော့ သူတို့ သူငယ်ချင်းသုံးယောက်ထဲမှာ သူကအပျင်းကြီးဆုံးဟု ပျို့ထင်သည်။ ပျို့ သူတို့အိမ်သွားခဲ့တဲ့နေ့က ကျန်တဲ့နှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်နေချိန်မှာ သူက ငိုက်လို့ကောင်းတုန်းပင်။

"အင်း…တစ်ခုတော့ ပြောရဦးမယ်ရှင်"

"ပြောလေဗျာ"

"ရှင်က တော်တော်အိပ်ပုပ်ကြီးပုံရတယ်နော်၊ ဟိုနေ့မနက် က ကျွန်မရောက်လာတော့ ရှင်ငိုက်နေတဲ့ပုံကို အတိုင်းသား မြင်လိုက်ရတယ်၊ သူများတကာတွေ စိတ်ဝင်တစားအံ့သြ လှုပ်ရှားနေချိန်မှာတောင် ရှင်က ဆက်အိပ်နေနိုင်သေးတယ်၊ အဲဒီလို အအိပ်စုမက်ပုံမျိုးနဲ့ဆို ရှင်သားဒုက္ခရောက်လိမ့်





www.foreverspace.com.mm

မယ်၊ ရှင့်ကြည့်ရတာ ကလေးက အသံပြာအောင် အော်ငို နေလည်း နိုးမယ့်ပုံမပေါ်ဘူး"

"အဲဒီညက ပူလို့အိုက်လို့ တော်တော်နဲ့ အိပ်မရဖြစ်ပြီး မိုးလင်းခါနီးမှ အိပ်ပျော်သွားလို့ပါဗျာ၊ နေ့တိုင်းတော့ ဒီလိုဘယ်ဟုတ်ပါ့မလဲ၊ ဒီကလေး…အဲ…သားသားလေး ရှိနေတယ်ဆိုရင် သတိဝီရိယထားအိပ်ရမှာပေါ့ မဟုတ်ဘူး လား"

"ရှင့်လက်ထဲအပ်လိုက်ရမှာ သိပ်တော့ စိတ်မချဘူးရှင့်၊ ဒါနဲ့ ရှင့်မိဘတွေကော မရှိကြဘူးလား၊ ကလေးက အဘိုး အဘွားနဲ့ဆို ပိုအဆင်ပြေမလားဘဲ"

"ကျွန်တော့်မိဘတွေက မန္တလေးမှာဗျ၊ ကျွန်တော်က အိမ်နဲ့ စိတ်ဆိုးဆင်းလာပြီး သူငယ်ချင်းတွေနဲ့ လာနေတာ"

ပျို့က မျက်ခုံးပင့်သွားကာ…

"အဲဒီလိုလား…ဒါဆို ပိုစိတ်မချစရာပဲ"

"ဖြစ်ရပြန်ပြီ"

"ဟုတ်တယ်လေ…ရှင့်လို မိဘအပေါ် နားလည်မှုမရှိ မသိ တတ်တဲ့ သားမျိုးက ကိုယ်သားသမီးအပေါ် မှန်မှန်ကန်ကန်

www.foreverspace.com.mm

အုပ်ထိန်းနိုင်ပါမလား၊ ခက်တယ်...ခက်တယ်၊ ခေတ်ကာလသားသမီးတွေများ ငယ်ငယ်ရွယ်ရွယ်နဲ့ မှားယွင်းမိုက်မဲကြ၊ မိဘတာဝန်မယူနိုင်ဘဲ အပြစ်မဲ့တဲ့ ကလေးတွေကို လူ့လောကထဲခေါ်ယူကြ၊ ကလေးတွေခမျာ ဒုက္ခရောက်ကြ၊ တော်တော့်ကို မိုက်မဲကြပါလား"

သူ့ကိုယ်သူလူကြီးသူမလို မြည်တွန်တောက်တီးနေပုံကိုကြည့်ကာ ညီငယ်မှာ အောင့်သီးအောင့်သက်ဖြစ်ရပါသည်။ ကိုယ်က ကိုယ်ဆုံးဖြတ်ချက်နှင့်ကိုယ် ဝင်ရောက်ခေါင်းခံပြီးပြီမို့ ဘာမှလည်း ဆင်ခြေမပေးသာ။ တကယ်ဆို ကိုယ်က သူ့သနားလို့ အဖေအမည် ဝင်ခံပေးရတာကိုလေ...။

"ကဲလေ...ထားတော့၊ ဘယ်တတ်နိုင်မလဲ၊ မိုက်မိတာကိုထား၊ ရှေ့ဆက်မမိုက်ဖို့ဘဲ လိုတယ်၊ မှားမိတာကို သင်ခန်းစာယူပြီး ကိုယ်သားလေးကျ ကိုယ့်လို မမှားရအောင် သွန်သင်ပေါ့"

"ဟုတ်ကဲ့ပါ အဘွားရယ်"

"ရှင် ဘာပြောတာလဲ"

"ခင်ဗျားလေသံက ကျုပ်အဘွားလေသံမျိုးဖြစ်နေတာကိုး၊





www.foreverspace.com.mm

ကဲပါဗျာ...ကျုပ်သားသားလေးကို ပေးပါတော့၊ ကျုပ်ခေါ်သွားတော့မယ်"

ကျုပ်သားသားလေးရယ်လို့ပြောနေတဲ့ပုံက မချိုမချဉ်လို့မို့ ပျိုက စိတ်မချ။ ဒီလိုမရင့်ကျက်ပုံမျိုးနဲ့တော့ မလွယ်။ သို့သော် သူ့ကလေးနဲ့သူ့အဖေမို့ မပေးလို့ကလည်း မဖြစ်တော့ပါ။

"ကဲ...ဒါဆိုလည်းလာ၊ ကလေးကအိပ်နေတယ်နော်၊ မနိုးအောင် ညင်ညင်သာသာ ချီသွား"

ပျိုက ကလေးကိုပွေ့ကာ သူ့ထံလှမ်းပေးတော့ သူက ဘာကဘယ်လို စချီပိုးရမည်မသိဘဲ ပျာနေသည်။ ပျိုက စိတ်ပျက်မိကာ...

"မချီတတ်ဘူး မဟုတ်လား"

"ကလေးချီတာပဲ ဘာခက်လဲ၊ ချီတတ်တယ်"

ညီငယ်က အချိုးမပြေသောပုံစံဖြင့် ကလေးကို ပွေ့ချီယူလိုက်တာမို့ ကလေးက နိုးသွားကာ တဝါးဝါး ထငိုလေသည်။

"ကဲ ကြည့်...ကျွန်မ မပြောဘူးလား၊ ရှင်မချီတတ်ပါဘူး

ပုညခင် စာအုပ်တိုက်

ဆိုတာ၊ ရှင့်အိမ်ကသူငယ်ချင်းတွေကမှ ရှင့်ထက်ချိုတတ်သေးတယ်၊ တိုတ် … တိုတ် … တိုတ်ပါ ကလေးရယ်၊ ကျွတ် … ကျွတ် … ကျွတ်၊ ရှင် ခဏစောင့် ဟုတ်လား၊ ကျွန်မ ကလေးအငိုတိတ်အောင် ချော့လိုက်ဦးမယ်၊ ရှင်ကြည့်ရတာ ဒါမျိုးလည်း ချော့တတ်မယ်ပုံ မဟုတ်ပါဘူး"

ပျိုက ကလေးကိုချော့လိုက်တော့ မကြာခင် ကလေးအငိုတိတ်သွားပါသည်။ ဒီတစ်ခါတော့ သူက သတိကြီးစွာထားကာ ညင်ညင်သာသာပွေ့ယူလိုက်သည်။ ပျိုက စိတ်မချစွာရင်တထိတ်ထိတ် လိုက်ကြည့်ရင်း …

"နေ … နေပါဦး … ရှင်အခု ဘာနဲ့လာလဲ"

"ကားနဲ့"

"ဒရိုင်ဘာပါလား"

"မပါဘူး၊ ကိုယ်ဘာသာမောင်းလာတာ"

"ဟင် ဒါဆို ကလေးတစ်ဖက်နဲ့ ဘယ်လိုမောင်းမလဲ"

"ကျေးဇူးပြုပြီး ခင်ဗျားလိုက်ပို့ပေးရင် ပိုအဆင်ပြေတာပေါ့"





ပျိုက သူ့ကိုအမြင်ကတ်မိသော်လည်း ကလေးကိုစိတ်မချနိုင်တာမို့ လိုက်ပို့ပေးဖို့ သဘောတူရသည်။

ကားပေါ်ရောက်တော့လည်း စိတ်ပူစွာမှာကြားနေရသည်မှာ မောတောင်မောရသည်။

"ကလေးကို ရှင့်လက်ထဲထည့်လိုက်ရပေမယ့် ကျွန်မက ပစ်ထားမှာတော့ မဟုတ်ဘူးနော်၊ ကျွန်မ တစ်ပတ်တစ်ခါ လာကြည့်မယ်၊ ကလေးမှာ ဆုတ်ယုတ်တာတွေရှိရင် ရှင့်ကိုဆိုကနေ ပြန်ခေါ်မယ် …"

"ခင်ဗျားသဘောပဲ …"

ညီငယ်က ပြန်ခေါ်လည်း ခပ်ကောင်းကောင်းပဲဟု ခပ်ရွှတ်ရွှတ်တွေးမိပါသည်။ ကိုယ်က ကလေးအဖေဖြစ်ဖို့ဝေးလို့ မိန်းမတောင် ရသေးတာမှမဟုတ်တာ၊ ဒီကလေးကို ဘယ်လိုအချိုးတကျ ကြည့်နိုင်ဦးမှာလဲ၊ နည်းနည်းပါးပါး အဆင်မပြေတာလေးတွေတော့ ရှိဦးမည်ပင်။

ဟိုကောင်တွေတော့ ရှိသားပဲ။ သူတို့က တူတွေတူမတွေ ထိန်းခဲ့ဖူးတာမို့ သူ့ထက်ပိုပြီး အတွေ့အကြုံရှိသည်။

မပျိုက သူ့အပေါ်ယုံကြည်စိတ်ချမှုတော့ ရှိပုံမရပါ။

ကလေးထားခဲ့ပြီး ပြန်ခါနီးမှာလည်း နောက်ဆံ တငင်ငင်နှင့် မှာကြားသွားပါသေးသည်။ အခန်းဝရောက်မှ နောက်ပြန်လှည့်လှည့်လာတာက လေးခါ။ သူမ ပြန်သွားတော့ သူ့နားတွေပင် အူပြီး ကျန်ရစ်ခဲ့ရလေသည်။

❊ ❊ ❊



(၇)

"အူဝဲ ... အူဝဲ ... ဝါး ... ဝါး"

"ဟာ ... လုပ်ပါဦးဟ ... ကြည့်ပါဦး"

"ရှူရှူးတွေကွ ရွှဲနေတာပဲ"

"ဟာ ... အီအီးတွေလည်း ပါတယ်ဟော့"

ညဉ့်နက်သန်းခေါင်မှာ ကလေးငိုသံထွက်ပေါ်လာတာမို့ မိုးကျော်နှင့် သက်မှာ ဖြန်းခနဲ ထ,ထိုင်မိကြပြီး ကလေးပုခက်ဆီ ပြိုင်တူလိုလို ပြေးသွားမိကြပါသည်။ ညီငယ်ကတော့ တုတ်တုတ်မျှ မလှုပ်ပါ။

"ဟိုကောင် ကြည့်စမ်း အိပ်နေလိုက်တာ အသေလိုပဲ၊

www.foreverspace.com.mm

ဒီပုံစံနဲ့များ ကလေးအဖေ အမည်ဝင်ခံလိုက်သေးတယ်၊ ပြီးတော့ သူလည်း ဘာမှလုပ်တတ်တာ မဟုတ်ဘူး၊ အဖျင်းကလည်း ကြီး”

“ဟောကောင် ညိုငယ်၊ ဟဲ့ ကလေးအဖေ ထ…ထ၊ ဒီမှာ မင်းသားလေး အညစ်အကြေးတွေ စွန့်နေပြီ၊ လာသုတ်သင်လိုက်ဦး”

“အင်…ဟင်”

“ဟောကောင် ထဆို၊ ဟိုမှာကလေးဒုက္ခဖြစ်တော့မယ်”

“ငါ…ငါ မျက်လုံးတွေ ဖွင့်မရဘူးကွာ၊ မင်းတို့ပဲလုပ်လိုက်ကြပါကွာနော်၊ မနက်ပိုင်းကျ ငါ အားလုံးလုပ်ပေးပါ့မယ်၊ အနှီးတွေလည်း လျှော်ပါ့မယ်၊ ညပိုင်းလေးတော့ နားပါရစေကွာ”

“ဟောကောင် လုပ်မနေနဲ့၊ နေ့ခင်းကျတော့ရော မင်း တစ်ယောက်တည်း နိုင်လို့လား၊ ငါတို့မပါဘဲ ပြီးလို့လား၊ သူများအထုပ်ကို ယူတုန်းကယူလာပြီး ငါတို့ခေါင်းပေါ် ပစ်ချထားလို့ ရမလား”

“မင်းတို့ကလည်းကွာ သဘောထား ကြီးစမ်းပါ”





www.foreverspace.com.mm

“အူဝဲ…အဲ…အဲ”

“ဟော ငိုပြန်ပြီ၊ ဟောကောင် ထဆိုထကွာ၊ အားလုံး တက်ညီလက်ညီပဲ၊ သုံးယောက်အတူလုပ်မယ်”

မိုးကျော်နှင့် ငသက်က ညိုငယ်ကို ဆွဲဆောင့်ကန်ကျောက်ပြီး ဒရွတ်ဆွဲ ထူလိုက်တာမို့ ညိုငယ်က အိပ်ချင်မူးတူး ဖြင့် ထ,လာကာ ကလေးပုခက်ဆီ လျှောက်သွားလိုက်ပါသည်။

“ဝါး…သားသားလေးရေ၊ ဖေကြီးရဲ့သားသားလေးရေ၊ ဘာလိုငိုနေတာလဲ၊ ဖေကြီးဆီကိုလာ ဝါး”

ညိုငယ်က အိပ်မှုန်စုံမွှားဖြင့် တဝါးဝါးသမ်းဝေရင်း ကလေးကို ပွေ့ချီယူလိုက်သည်။

“ဟာ…ဟာ ဘာတွေလဲကွ…ဘာတွေလဲ၊ စေးကပ်စေးကပ်နဲ့”

“မင်းသားလေးရဲ့ အီအီးလေးတွေပါကွာ”

“ဟာ ခွေးကောင်တွေ၊ မင်းတို့သိရက်နဲ့ မပြောဘူး၊ အကျင့်ယုတ်လိုက်တာ၊ အယုတ်တမာ”

ညိုငယ်သည် ခုမှပင် မျက်လုံးပြူးကျယ်သွားကာ

www.foreverspace.com.mm



အပြေးအလွှားဆေးကြောသုတ်သင်ရသည်။ နောက်တော့ သုံးယောက်လုံး တက်ညီလက်ညီပင် အနှီးလဲသူကလဲ၊ ကလေးကို သုတ်သင်သူကသုတ်သင်၊ ပြီးတော့ အငိုတိတ်အောင် တစ်ယောက်တစ်လှည့် ချိုးချော့မော့နေရသေးသည်။ ကလေးအိပ်သွားတော့ အားလုံး ဖတ်ဖတ်မောကြပြီ။

"သေချင်စော်နံရောကွာ ... တစ်ခါမှ ဒီလောက် မပင်ပန်းဘူး၊ ညီငယ် ... ညီငယ် ... ဒီကိစ္စ မင်း တရားခံပဲ ..."

"မင်းတို့ကလည်းကွာ ... ယောကျ်ားရင့်မကြီးတန်မဲ့ ညည်းညူနေလိုက်ကြတာ၊ ကလေး တစ်ယောက်ကို ယောကျ်ားသုံးယောက် ဝိုင်းထိန်းတာတောင် မနိုင်ဘူးလား၊ ဟိုမှာ မေပျိုဖြင့် မိန်းကလေးတစ်ယောက်တည်း ကလေး သုံးယောက်ကို ထိန်းနေတာ ဘာသံမှ မကြားရဘူး"

"ဟာ တူမလားကွ၊ မင်းရဲ့ မာသာထရီဇာလက်သစ်ကလေးက သူ့ဝါသနာနဲ့သူ၊ သူ့ဗီဇကိုက သူတစ်ပါးအပေါ် ကြင်နာတတ်၊ တာဝန်ယူတတ်လို့နေမှာပေါ့၊ ငါတို့က သူ့လိုမှ မဟုတ်တာ၊ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေချင်လို့ အိမ်ထောင်တောင်မပြုတာလေကွာ၊ ကလေး အဖေအလုပ်မျိုးတွေ လုပ်ချင်ပါ့မလား"





"လူအထင်ကြီးမလားလို့ အသံကောင်းဟစ်မနေနဲ့ ငသက်၊ မင်းဘာသာမစွံလို့မပြုတာ လူတိုင်းသိတယ်"

မိုးကျော်တို့ ဘာပဲပြောပြော ကလေးအပေါ်တော့ သနားကြတာ၊ စေတနာထားကြတာကို ညီငယ် သိပါသည်။ သူတို့လည်း မေပျိုအပေါ် စာနာစိတ်ရှိကြကာ မေပျို့ တာဝန်ကို မျှယူလိုခဲ့ကြခြင်းပင်။

ကလေး ရောက်မလာခင်က သူတို့အားလုံး တစ်ကိုယ် ရေတစ်ကာယသမားများမို့ တာဝန်မှအထူးအထွေမရှိလှ။ မိုးကျော်က ကွန်ပျူတာ DTP ဆိုင်လေးဖွင့်ထားကာ ဝန်ထမ်း သုံးယောက် ခန့်ထားတာမို့ အချိန်ပြည့်သွားနေစရာမလိုဘဲ အိမ်မှာ စာအုပ် တစ်အုပ်နှင့် နပ်နေနိုင်သူ၊ ငသက်ကတော့ နိုင်ငံခြား သွားဖို့ရာ သင်တန်းပေါင်းစုံ လျှောက်တက်နေသူ။ ညီငယ် တစ်ယောက်သာ အိမ်ကအသွားက အဖေမသိအောင် ခိုးခိုးပို့နေ သော ပိုက်ဆံတွေကို ထိုင်သုံးကာ ယောင်ခြောက်ဆယ် လုပ်နေ နိုင်သူပင်။

သုံးယောက်သားဟာ မန္တလေးသားချည်းဖြစ်ကာ ငယ်သူငယ်ချင်း အစဉ်းသိတွေမို့ သူဟာ ကလေးအဖေပါပဲရယ်လို့

ဘယ်လိုပဲ မျက်နှာတည်ကြီးနဲ့ ဟန်လုပ်ပြောပြော မယုံကြည်ကြပါ။ မေပျို့အပေါ် သူ့ရဲ့ကရုဏာသက်မှုကို အားလုံးက နားလည်ကြပါသည်။ ဒါကြောင့်သာ ပါးစပ်က ဘယ်လောက် ဆိုဆိုဆဲဆဲ ကလေးတာဝန်ကို သူတို့မျှယူနိုင်ခဲ့ကြခြင်းပါပင်။ ခုတော့ သုံးယောက်သားဟာ ကိုယ့်ကိုကိုယ် 'ဖေကြီး' ဟု မျက်နှာပြောင်ပြောင်ဖြင့်သုံးနှုန်းကာ သားသားလေးဆိုတာကိုပါ ပါးစပ်များက မချ။ ကလေးကလည်း ဖြူဖြူဖွေးဖွေးချစ်စဖွယ်လေးမို့ အချစ်ပိုနေကြပါသည်။

မနက်မနက်ဆို သူတို့အိမ်မှာ ကလေးငိုသံက ဆူညံစီဝေနေကာ ကလေးထိန်းရသူကတစ်ယောက်၊ အနှီးလျှော်ရသူကတစ်ယောက်၊ နို့ဘူးဖျော်ရသူကတစ်ယောက် ရှုပ်ထွေးယောက်ယက်ခတ်နေကာ ဘာတစ်ခုမှလည်း အချိုးမကျ၊ အနှီးတွေက ညစ်ထပ်ထပ်၊ နို့ဘူးကလည်း တစ်ခါဖျော် အရသာတစ်မျိုးပင်။ တစ်ပတ်မရှိတရှိအချိန်မှာပင် သူတို့ဖတ်ဖတ်မောနေကြပြီ။ အဆိုးဆုံးက အအိပ်စုံမက်လှသော ညီငယ်အဖို့ ညည ကလေးသေးစို လဲရတာနှင့် အိပ်ရေးမဝဖြစ်ကာ မျက်တွင်းဟောက်ပက်ကျနေပြီ။ ဟိုနှစ်ယောက်လည်း ဘာမှမထူး။





"အင်း... ကလေးလေးကတော့ ချစ်စရာလေးပဲကွာ၊ သနားပါတယ်၊ ဘယ်လိုမိဘမျိုးကများ ဒီလောက်ရက်စက်သလဲ မသိပါဘူး၊ အဖေက တာဝန်မယူရင်တောင်မှ အမေက သူမွေးထုတ်ထားတဲ့သားကို ဒီလိုမလုပ်သင့်ပါဘူး"

မိုးကျော်က အိပ်ပျော်နေသောကလေးကိုငုံ့ကြည့်ကာ စုပ်တသပ်သပ်ညည်းတွားနေတာမို့ ညီငယ်က ချောင်းတစ်ချက်ဟန့်ရင်း...

"ငါလို ကလေးအဖေကို ရှေ့ထားပြီး ဒီလိုတော့ မပြောကြပါနဲ့ကွာ၊ အခု ငါလည်း ငါ့မိုက်ကြေးကို အတိုးချဆပ်နေပါတယ်"

"ဟေ့ကောင်... ပေါက်ကရတွေ ပါးစပ်အရသာခံပြီး ဝင်မပြောနဲ့၊ မင်း အကြောင်းမသိရင် ခက်မယ်၊ မေမို့ကို သေမလောက် ကြောက်ရတဲ့ကောင်က ဒါမျိုး လုပ်ရဲမလား"

"အေးလေ... ဟိုက သူ့ကိုသစ္စာဖောက်ရင် ကားတိုက်သေလို့ ကျိန်ခဲ့တာမဟုတ်လား"

ညီငယ်က မေမို့အကြောင်း တွေးမိကာ ပုခုံးတွန့်



www.foreverspace.com.mm

www.foreverspace.com.mm

လိုက်မိပါသည်။ မေမိက အရာရာအပေါ် လောဘကြီးသူ၊ သူ့အပေါ်ကြီးစိုးခြယ်လှယ်ချင်သူလည်းဖြစ်ပါသည်။ သူမက နိုင်ငံခြားသွားခါနီးမှာ သူမ စိုးရိမ်တာတွေအားလုံးကို ဖွင့်ချပါသည်။

"ညီ…မိးဝေးရင် ချိတ်မှာ ဆိုတဲ့စကား မိကြားဖူးတယ် သိလား၊ လက်တွေ့မှာ အဲဒီလိုဖြစ်သွားကြတဲ့သူတွေလည်း အများကြီးပဲ၊ မိကတော့ ဒါမျိုးအဖြစ်မခံဘူး၊ ညီ မိကို အမြဲသစ္စာရှိနေရမယ်၊ အမြဲသတိရနေရမယ်၊ အမြဲချစ်နေရမယ်၊ မိကလွဲရင် ဘယ်မိန်းမကိုမှ စိတ်မဝင်စားရဘူး၊ ခင်ရုံလေးတောင် မခင်ရဘူး၊ အရေးကြီးဆုံးက ညီ မိကို သစ္စာဖောက်မသွားဖို့ဘဲ၊ ညီ ကျိန်ရမယ်၊ မိ စိတ်ချအောင် ကျိန်ပြရမယ်"

"ပြောပါဦး…ဘယ်လို ကျိန်ရမလဲ"

"မိ ကျိန်ခိုင်းတဲ့အတိုင်း ကျိန်မှာလား"

"ကျိန်မယ်"

"ဒါဆို ကားတိုက်သေ…"

"ဘယ်လို…"

"ကားတိုက်သေ၊ မိကိုသစ္စာဖောက်ရင် ကားတိုက်သေလို့ ကျိန်ရမယ်"





www.foreverspace.com.mm

"ကျိန်တယ်ကွာ…မိကိုသစ္စာဖောက်ရင် ကားတိုက်သေရပါစေရဲ့"

သူက အစွဲတွေဘာတွေမရှိသူမို့ ခပ်ပေါ့ပေါ့လေးပဲ ကျိန်ပြလိုက်ပါသည်။ သို့သော် သူက မိပါးစပ်က နှုတ်ထွက်ရဲတာကို အံ့ဩကာ မိစိတ်ဓာတ်ကို တွေးကြောက်သွားသည်။ သူ့ကိုမချစ်တော့ရင် ကိုယ့်ကို ကားတိုက်သေစေချင်တာဟာ အတ္တကြီးလွန်းရာမကျဘူးလား။

သို့သော် သူက စိတ်ရှင်းရှင်းထားတတ်သူမို့ ဘာမှမတွေးဘဲ မေ့ထားလိုက်နိုင်ပါသည်။ မိုးကျော်တို့ကတော့ မိကျိန်စာကို မကျေနပ်ကြပါ။

"အံ့ရောကွာ…ကိုယ့်ရည်းစားကို ကျိန်ခိုင်းတာများ ကားတိုက်သေတဲ့၊ အတ္တကိုကြီးတယ်၊ ငါတော့ မင်းရည်းစားကို သဘောမကျပါဘူး ညီငယ်ရာ"

"ငါတို့သဘောမကျပေမယ့် သူသဘောကျရင် ပြီးတာပဲပေါ့ကွာ…ပြောမနေပါနဲ့"

ငသက်ကတော့ ပြောရာပြောကြောင်း ပြောတတ်ပါသည်။

ခုတော့ ညီငယ်က ကလေးကို ခက်ခက်ခဲခဲ ထိန်းကျောင်းရတိုင်း မေပျို့ကို သတိရနေမိတာတော့ အခက်သားလား။

"မင်းကို ငါတို့တော့ အံ့သြတယ် ညီငယ်"

မိုးကျော်က ကလေးပုခက်ကိုလွှဲပေးရင်း စကားစပြန်ပါသည်။

"ဒီကိစ္စကို မေမိသိရင် မင်းဘယ်လိုရှင်းမလဲ၊ မင်းမို့လို့ ဒီလိုလုပ်ရဲတယ်"

"သြော်ကွာ... ကိုယ်တာဝန်ပဲဟာ၊ ကိုယ်သတ္တိရှိရှိ ယူရဲရမှာပေါ့"

ညီငယ်က ပြုံးစိစိပြန်ပြောတော့ သေကက်က လှမ်းကန့်ရင်း...

"ဟောကောင် စကားအတည်ပြောနေတာကွ"

"အေးလေ... ငါလည်း အတည်ပြောနေတာပဲဥစ္စာ၊ ဘာလဲ မင်းတို့က မယုံဘူးလား၊ ငါ ကလေးအဖေ ဖြစ်တာကို မနာလိုဘူးလား၊ ငါ့ခေါင်းပုံကြီး တွေ့လိုက်ရဲ့သားနဲ့ကွာ"

"အေး... အဲဒီဓာတ်ပုံကြီး ကလေးအမေဆီရောက်နေပုံကလည်း ထူးဆန်းနေတယ်"

"မဆန်းပါဘူး၊ ငါပေးလိုက်တာပဲဟာ၊ ငါနဲ့သူ ရည်းစားဖြစ်ပြီး တစ်ပတ်အကြာမှာ ပေးလိုက်တာ"

"မင်းပါးစပ်ပုပ်ကို ပိတ်ထားစမ်းကွာ၊ ဒီမှာ ငါ စဉ်းစားနေတယ်၊ မင်းအဲဒီပုံက ငါတို့ကျောင်းတက်ရင်း တောင်ကြီးမီးပုံးပျံပွဲသွားတုန်းက ရိုက်ထားတဲ့ပုံ၊ အဲဒီတုန်းက ငါတို့ ဒီအိမ်မှာ မနေသေးဘူး၊ ဒီလိပ်စာကိုလည်း မင်းအသွားက လွဲရင် ဘယ်သူမှသိတာမဟုတ်ဘူး၊ အခု ဒီအိမ်လိပ်စာကို အဲဒီပုံနောက်ကျောမှာ ရေးထားတာကလည်း ထူးဆန်းနေတယ်၊ တမင်အကွက်ဆင်မှန်းသိသာတယ်ကွ၊ ဘယ်သူကများ ဒီလိုကြံစည်ပါလိမ့်"

"ညီငယ့်မိဘတွေချမ်းသာမှန်းသိလို့ ညီငယ်လက်ထဲရောက်ရင် ကလေးကောင်းစားမှာပဲဆိုတဲ့ အကြံမျိုး ဖြစ်ချင်ဖြစ်နိုင်တယ်"

"ဒါမှမဟုတ်ရင်လည်း ဒီကိစ္စ ညီငယ်ခေါင်းပေါ်ပုံလာရင် ညီငယ်တစ်နည်းနည်းနဲ့တော့ ကူညီမှာပဲလို့ မျှော်လင့်ပုံရတယ်"

"ဘာပဲပြောပြော ဒီကလေးရဲ့ကံက ဆိုးခဲ့ပေမယ့် ကောင်း

www.foreverspace.com.mm

နေတယ်ကွ၊ မေပျို့လိုမိန်းကလေးနဲ့တွေ့ရတယ်ကွာ၊ ငါတို့နဲ့ တွေ့ရတယ်ကွာ"

"ကလေးကကောင်းပေမယ့် ကလေးအဖေ ညီငယ်ကကတော့ ဘယ်လိုရှိမယ် မသိဘူးဟ၊ မေမိပြန်လာရင်တော့ ပြဿနာက မီးခိုးကြွက်လျှောက်ဖြစ်မှာပဲ၊ မေမိက တစ်ယူသန်ကြီး"

"ဟေ့ကောင်တွေ မင်းတို့အသံအာဘောင်ကျယ်ကျယ်ကို Volume လျှော့လိုက်ဦး၊ ဟိုမှာ ကလေးက လှုပ်လာတယ်၊ နိုးသွားရင် မင်းတို့ပဲ ပင်ပန်းမှာ"

"အဲ...အဲ...အဲ...ဝါး"

"ဟာ...ဟာ ကျေးဇူးရှင်လေး နိုးလာပြန်ပြီကွ၊ သေးစိုလို့လား၊ နို့ဆာလို့လား တစ်ခုခုပဲ၊ ငသက် မင်း နို့ဘူးဖျော်၊ မိုးကျော် အနှီးလဲ"

"မင်းကရော ဘာလုပ်မှာလဲ"

"ငါက မင်းဖျော်လာတဲ့ နို့ဘူးကို ကလေးပါးစပ်နားတေ့ပြီး တိုက်မယ်ကွာ၊ ငါက ကလေးအဖေပဲဥစ္စာ၊ မင်းတို့က နာနီတွေ"





www.foreverspace.com.mm

"ခွေးကောင် ညီ"

သုံးယောက်သားမှာ ပြောပြောဆိုဆိုနှင့်ပင် ကျေးဇူးရှင်ရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်ဖို့ ယောက်ယက်ခတ်သွားကြလေသည်။

❊ ❊ ❊

www.foreverspace.com.mm

## (၈)

“တီးတောင်”

မေပျိုသည် ညီငယ်တို့အခန်းရှေ့မှာရပ်ကာ ဘဲလ်ကို ခပ်ဆဆနှိပ်လိုက်ပါသည်။ ဒီအချိန် အိပ်ရာက နိုးကြပါ့မလား လည်း မသိပါ။ ဒီနေ့ဟာ ကလေးနှင့်ခွဲရတာ တစ်ပတ်ပြည့်သော နေ့မို့ ပျိုကတော့ အိပ်ရာက စောစောနိုးကာ တက်ကြွနေခဲ့တာပင်။ ကျူရှင်သွားသင်ရဦးမှာမို့ ပျို့မှာတစ်နေကုန် မအား။ ဒါကြောင့် သာ ခုလိုမနက်စောစောမှာ ညီငယ်တို့ဆီ ရောက်လာခဲ့ရတာ ဖြစ်ပါသည်။

ပျိုက တံခါးလာအဖွင့်ကို စောင့်ရင်း တံခါးနှင့်





www.foreverspace.com.mm

ကြမ်းပြင်ကြားနေရာလေးကို ငုံ့ကြည့်မိသည်။ သဲနှင့်အမှိုက်တွေ ဟာ တံခါးအောက်ခြေကနေ ဖြစ်သလို တွန်းထုတ်ခံထားရတာမို့ အခန်းရှေ့မှာ ပုံနေသည်။ စည်းကမ်းကို မရှိကြပါဘူး၊ ဒီလို စည်းကမ်း မရှိပုံမျိုးနဲ့ဆို ကလေး ငယ်ငယ်နုနုလေးနဲ့ နေလို့မှ ဖြစ်ရဲ့လား မသိပါ။ ဟင်း ... ခုထိလည်း တံခါးလာမဖွင့်ကြ ပါလား။

ပျိုက ဘဲလ်ကို နောက်တစ်ကြိမ် ထပ်နှိပ်လိုက် တော့မှ အခန်းတံခါးက ဗြုန်းခနဲ ပွင့်လာပါသည်။

“ဟင် ... မေပျို”

“ရှင် ... ”

ပျိုသည် ညီငယ့်ပုံစံကိုရို့ကားယားကိုကြည့်ကာ အံ့သြရယ်ချင်သွားပါသည်။ ညီငယ်ဝတ်ထားသော ဒူးလောက် သောင်းဘီအပွင့်ကားကားကြီးက တစ်ပိုင်းရေစိုနေကာ ဆံပင်က စုတ်ဖွား၊ မျက်တွင်းကဟောက်ပက်ကျနေကာ သူ့လက်ထဲမှာ ကလေးအနှီးတွေ ပွေ့ပိုက်ထားပါသည်။ ထိုအနှီးများဆီမှ ကလေး ရှူးရှူးနံ့တွေကလည်း လှိုင်လှိုင်ထလို့ပင်။

“ကျွန်မ ကလေးထည့်လိုက်တာ တစ်ပတ်ပြည့်ပြီလေ၊ ဒါကြောင့် လာကြည့်တာ”

"ဪ…ဟုတ်ကဲ့၊ လာပါ…ဝင်ပါ၊ သော့…သော့၊ သော့ ဒီနားထားတာ ဘယ်ရောက်သွားလဲ မသိပါဘူး၊ မိုးကျော်ရေ…သော့ ဘယ်မှာတွေ့မိလဲဟော့"

"ရှင်ကလည်း အသံပြဲကြီးနဲ့ ဒီလောက် အော်မနေပါနဲ့၊ ကလေးနိုးသွားပါဦးမယ်"

"ကလေးနိုးတာကြာလှပေါ့၊ မိုးမလင်းခင်ကတည်းက နိုးနေတာ၊ ခင်ဗျားကလေးက ကျွန်တော်တို့ နိုးထနေတဲ့နေ့ခင်းဆို သိုးနေအောင်အိပ်ပြီး ညကျမှဂျီတာ၊ ညဉ့်နက်သန်းခေါင်လည်း မအိပ်၊ မနက်ဆိုလည်း အစောကြီးနိုး…၊ နေ့နဲ့ညတွေ မှားနေပုံကလည်း ဇီးကွက်သေလို့ဝင်စားသလား အောက်မေ့ရပါတယ်"

"ရှင် ကြည့်စမ်း…ကိုယ်သားသမီးအပေါ် ပြောပုံဆိုပုံက ရက်စက်လိုက်တာ၊ တစိမ်းတရံဆံကျနေတာပဲ၊ နည်းနည်းလေးမှ ချစ်စနိုးရယ်လို့မရှိဘူး၊ အဲဒါကြောင့် ကလေးကို ရှင့်လက်ထဲထည့်လိုက်ဖို့ စိတ်မချတာ၊ ခုလောက်ဆို ကလေးလည်း ဘယ်လိုဖြစ်နေပြီလည်း မသိပါဘူး"

"ကဲ…ကဲ စကားများချင်တယ်ဆိုလည်း အတွင်းနဲ့အပြင်





လှမ်းများမနေကြပါနဲ့၊ အထဲရောက်မှ များပါ၊ ကဲ…ရော ဒီမှာသော့"

"အူဝဲ…ဝါး…ဝါး"

"ဟော ကလေးငိုနေပြီ၊ သားသားလေးရေ…ဖေဖေကြီး လာပြီဟော့"

မိုးကျော်က သော့ပစ်ပေးပြီး အူယားဖားယား ပြန်ပြေးဝင် သွားတာမို့ ပျိုကြ ရယ်ချင်သွားရပါသည်။ မိုးကျော်ပုံစံကလည်း မျက်တွင်းဟောက်ပက်နှင့် ချူးချူးကျလို့ပါပင်။

ညီငယ်က သံတံခါးတစ်ထပ်ကို သော့ဖွင့်ပေးတာမို့ ပျိုကြ အခန်းထဲဝင်လာရရင်း…

"နေပါဦး…ခုန ရှင်သူငယ်ချင်းက သူ့ကိုယ်သူ ဖေကြီး ဆိုပါလား"

"ဟုတ်တယ်လေ…လောလောဆယ်အနေအထားမှာတော့ ကလေးမှာ အဖေသုံးယောက်ရှိတယ်၊ အဖေတစ်ယောက်က အနှီးလျှော်ရတယ်၊ တစ်ယောက်က သူ့ကိုချီပိုးချော့မြှူရတယ်၊ တစ်ယောက်က နို့ဘူးဖျော်ရတိုက်ရ ထမင်းချက်ရတယ်၊ အဲဒီလို အဖေသုံးယောက်ရှိတာတောင် အလုပ်က



www.foreverspace.com.mm

www.foreverspace.com.mm



သိပ်ဒေါက်စေချင်တာမဟုတ်ဘူး၊ ခဏထိုင်ဦးဗျာ အနီးတွေ သွားလျှော်လိုက်ဦးမယ်"

ညီငယ်က ခပ်ပျာပျာဝင်သွားပြီး ကျန်နှစ်ယောက်က တဝါးဝါးငိုနေသော ကလေးနှင့်အတူ အိမ်ရှေ့သို့ ထွက်လာကြပါသည်။

"ဝါး…ဝါး…"

"ဟော…ဟော…ဟော…ကလေးလေးရေ တိတ်ပါဟော၊ ဟော…ဟော…ဟော…အိုဘာတဲ့ သားသားလေးရဲ့"

"ဝါး…ဝါး…ဝါး"

"မငိုနဲ့ မငိုနဲ့…ချိုချိုစို့လေ ချိုချိုစို့"

နှစ်ယောက်လုံးက မျက်တွင်းနက်နက် ဆံပင် စုတ်ဖွား အိပ်မှုန်စုံမွှားတွေဖြစ်နေကာ တစ်ယောက်က ကလေးအငို တိတ်အောင် အပေါ်မြှောက်လိုက် အောက်ချလိုက်လုပ်ရင်း တဟော ဟော အော်ဟစ်နေတာမို့ ပျိုကာ ရင်တုန်ပန်းတုန်ဖြစ်ရကာ…

"သေတော့မှာပဲ…ရှင်တို့ ဘယ်လိုလုပ်နေကြတာလဲ၊ ဒီလောက်နုနုလေးကို ဒီလိုမလုပ်ပါနဲ့"

"အငိုတိတ်အောင် ချော့တာလေ"





"ရှင်တို့ချော့ပုံက ဂူးဂူးဝါးဝါးနဲ့ ကလေးကို လိပ်ပြာလွင့်အောင်လုပ်နေသလိုပဲ၊ ညင်ညင်သာသာ နူးနူးညံ့ညံ့လေး ချော့မှာပေါ့"

"ဒါဆိုလည်း ခင်ဗျားပဲချော့ပြပါလား၊ ဟဲဟဲ ကျွန်တော်တို့ အတူယူရတာပေါ့"

ပျိုက သူတို့လုပ်ပုံ အချိုးမပြေတာကို ဘဝင်မကျလှပေမယ့် ဒီပုံစံအတိုင်း တစ်သမတ်တည်း ချော့နေမှာစိုးတာမို့ ကလေးကို လှမ်းယူပွေ့ချီလိုက်ရပါသည်။ ပျိုက ကလေးကျောလေးကို အသာအယာပွတ်ပေးရင်း စုပ်သပ်ချော့မြူလိုက်တော့ ကလေးက အငိုတိတ်သွားသည်။ ကိုမိုးကျော်တို့နှစ်ယောက်က တအံ့တသြဖြစ်သွားကာ…

"ဩော်…ဒီလိုတော့လည်း ဟုတ်ပေသားပဲ၊ မသိပါဘူးဗျာ၊ ကျွန်တော်တို့သုံးယောက်ကတော့ ကလေးငိုပြီဆို ကလေးနားဝိုင်းလာပြီး ဟေးလားဝါးလား ဝိုင်းအော်ကြတာပဲ၊ ဒီနည်းလည်း ထိရောက်သားပဲဗျ၊ ကျွန်တော်တို့ အော်ပြီဆို ကလေးကလန့်ပြီး အငိုတိတ်သွားရော"

"ရှင်တို့လုပ်ပုံနဲ့ ကလေးတော့ ဒုက္ခပါပဲ၊ ကလေးကြည့်

ရတာ ပိန်လည်း ပိန်နေတယ်၊ ကြည့်စမ်း... လက်တွေ ခြေထောက်တွေမှာလည်း ခြင်ဖုတွေ ရဲနေတာပဲ၊ ကလေးဆီက အနံ့လည်းရတယ်၊ သေသေချာချာ သန့်ရှင်းရေးလုပ်မပေးကြဘူးထင်တယ်"

"လုပ်တော့လုပ်ပါတယ်၊ ဒါပေမယ့် သူက အီး ခဏခဏပါတော့..."

"ဟင် ဝမ်းသွားနေတယ်လား၊ တစ်နေ့ ဘယ်နှခါသွားလဲ"

"ဒီမနက်သွားတာတော့ တစ်ခါပဲ ရှိပါသေးတယ်"

"ဒါဆို မနေ့ကရော"

"မနေ့ကတော့ လေးငါးခါသွားတယ်"

"ဒါဆို ဆေးခန်းသွားမှဖြစ်မှာပေါ့"

"မနေ့ကသွားပြီးပါပြီ"

"ဒုက္ခပါပဲ၊ ရှင်တို့ကထားပါတော့၊ ဟိုကလေးအဖေအစစ်က ကလေးကို ဂရုမစိုက်ဘူးလား"

"ဘာလဲ...ဘာလဲ...ကျွန်တော့်ကို ဘာအပြစ်ပြောဦးမလို့လဲ"

ပျိုအပြစ်ပြောနေဆဲ ညီငယ်က အနားရောက်လာပါ





သည်။ ပျိုက ညီငယ့်လက်ထဲက အနှီးတွေဆီ အကြည့်ရောက်သွားကာ...

"ဒီအနှီးတွေက လျှော်ပြီးသားလား"

"ဟုတ်တယ်လေ"

"ကြည့်ရတာ ညစ်ထပ်ထပ်နဲ့ စင်ပုံလည်း မရပါလား"

"တတ်နိုင်သလောက်တော့ လျှော်ထားတာပဲ၊ လူပျိုလေးပဲဗျာ၊ ကလေးအနှီး မလျှော်တတ်တာ အပြစ်တော့ မဟုတ်ပါဘူး"

"ဘာ..."

ပျိုက နှုတ်ခမ်းမသိမသာမဲ့ကာ သူ့ကိုမျက်လုံးပြူးကြည့်လိုက်တာမို့ ညီငယ်က စကားမှားသွားမှန်းသိလိုက်ပါသည်။ ဟိုကောင်နှစ်ယောက်ကတော့ ခိခနဲခိုးရယ်နေပြီ။ တကယ်လည်း ကိုယ်ဟာလူပျိုမို့ လူပျိုမာန်ကလေးနဲ့ လွတ်ခနဲပြောလိုက် မိတာပင်။ သူမ အမြင်မှာကျတော့ ကိုယ်ဟာ ကလေးအဖေပဲမို့ ကိုယ့်စကားက လှောင်ပြောင်သရော်စရာ၊ အမြင်ကတ်စရာဖြစ်နေရပါသည်။ သူက ချောင်းတစ်ချက်ဟန့်ရင်း...

"အဟမ်း... စကားပြော မှားသွားပါတယ်၊ မှားသွားပါတယ်"

ဟု ခပ်မြန်မြန်ပြန်ပြောရသည်။ နို့မို့ သူမစိတ်ထဲ သူ့ကို ဘယ်လောက်အထင်သေးရှုတ်ချနေမည် မသိပါ။

တကယ်တော့ သူ့ကိုက မဆင်မခြင် မနိုင်ဝန် ထမ်းခဲ့မိတာပင်။ ကိုယ့်အိမ်မှာဆို ဒီလိုအနှီးလျှော်ပေးဖို့ဝေးလို့ ကိုယ့်အဝတ်အစားတောင် ကိုယ်လျှော်ခဲ့ရတာမဟုတ်။ အဝတ်အစားဆိုတာ သူ့အတွက်တော့ ဗီရိုထဲက အသင့်ထုတ်ယူ ဝတ်ဆင်နိုင်သောအရာ။ ကိုယ်က တကယ့်ကို သက်သက်သာသာပေါ်ကြော့ကလေးနေလာသူမို့ ဒီကလေးတာဝန် ထမ်းရွက်ရတာကိုက မဟာဒုက္ခကြီးပါပင်။

မနက်ဆိုလည်း ကလေးငိုသံဖြင့် နိုးထရ၊ ညဆိုလည်း အိပ်ရေးက မဝ။ ကလေးအနှီးတွေလျှော်ရတာလည်း ဖတ်ဖတ်မောနေကာ လူက ဖြူခါပြာကာကျလုနီးနေပြီ။ ဘယ်တုန်းကမှ ဒီလောက်ထိ မပင်ပန်းခဲ့ဖူးတာပဲ။ အံမလေးဗျာ...တွေးရင်းတောရင်း အိပ်ချင်လာရပြန်ပါပြီ။

ညီငယ်က ခုတစ်လုံးပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်မိပါသည်။ မေပျိုကတော့ ဘာတွေမှန်းမသိ ဗျစ်တောက်ဗျစ်တောက်ပြောရင်း ကလေးကို မျိုပိုးထိန်းကျောင်းနေသည်။





ကြာတော့ မေပျို့အသံက သူ့နားထဲ ဝေဝါးလာကာ လူက အိပ်ငိုက်လာသည်။ ညက လုံးဝအိပ်ရေးမဝ။ ခုပဲ လှဲချအိပ်စက်ပစ်လိုက်ချင်ပြီ။ အိပ်လိုက်ရရင် ကောင်း...ကောင်း။

"အံမလေး..."

"ဟာ...ဘာလဲဟာ..."

ညီငယ်မှာ မေပျို့အလန့်တကြားအော်သံကြောင့် မျက်လုံးတွေပြူးကျယ်လာကာ လန့်ဖျပ်ခုန်ထလိုက်မိသည်။

"ဘာဖြစ်တာလဲ...ဘာဖြစ်လို့လဲ"

မေပျိုက မျက်နှာကို ရှုံ့မဲ့နေရင်း...

"အံမလေး...နို့ဘူးက ချဉ်စုပ်နေတာပါပဲလား၊ ဘယ်တုန်းကတည်းက ဖျော်ထားတဲ့ နို့ဘူးလဲဟင်"

"အဲ...အဲဒါ ငသက် ဖျော်တာ၊ ဟော့ကောင် ဒီနို့ဘူး မင်းဘယ်တုန်းက ဖျော်တာလဲ"

"ညက...ညဦးပိုင်းက"

"ဟင်...ညဦးပိုင်းကတည်းကဖျော်တဲ့နို့ဘူးကို ဒီမနက်ထိတိုက်နေရသေးလား၊ ကလေး ဝမ်းသွားတာလည်း မပြောနဲ့လေ...ရှင်တို့လုပ်ပုံက..."

"အေးကွာ...အဲဒီ ငသက်ဟာ..."

"ဟာ...ငါလည်း ဘယ်သိမလဲကွ၊ ကလေး အော်ငိုသံကြားလို့ ငါနိုးလာပြီး အိပ်မှုန်စုံမွှား ဖြစ်နေတာနဲ့ ကလေးနားမှာ နို့ဘူးလည်း ရှိသေးတာနဲ့ အမြန်ကောက်တိုက်လိုက်ရတာ"

"ခက်တာပဲ၊ ဒီလိုပြီးစလွယ်လုပ်လို့တော့ မဖြစ်ဘူးလေရှင်၊ နို့ဘူးဖျော်ကတည်းက အပူအအေး အနေတော်ကလေးဖြစ်အောင် ဂရုစိုက်ရတယ်၊ တိုက်ခါနီး ကိုယ်က အရင်မြည်းရတယ်၊ ဒါမှ ပူသလား အေးသလား ချဉ်သလား ချိုသလား သိရမှာပေါ့"

"ကျွန်တော်တို့ အမှားပါဗျာ၊ ကျွန်တော်တို့လည်း ကလေးအပေါ်စေတနာတော့ရှိပါတယ်၊ ဒါပေမယ့် စစချင်းဆိုတော့ ဒီကလေးနဲ့ ဒီအဖေတွေ အသားကျအောင် မနည်း ကြိုးစားနေရလို့ပါ၊ ကျွန်တော်တို့ ကြိုးစားတယ် မကြိုးစားဘူးဆိုတာ မျက်တွင်းဟောက်ပက်က သက်သေပါ မမပျိုရာ"

"ဟုတ်ပါတယ်၊ ရှင်တို့စေတနာကိုသဘောပေါက်ပါတယ်၊





ကျွန်မလည်း အစပိုင်းကတော့ ရှင်တို့လိုပါပဲ၊ ဘာမှ မလုပ်တတ်ပါဘူး၊ နောက်တော့မှ အနားပါးနီးက ကလေးအမေတွေဆီ လိုက်မေးသင်ယူပြီး ဒီကလေးကိုပြုစုခဲ့ရတာပါ၊ ရှင်တို့လည်း အဲဒီလိုသင်ယူဖို့တော့ လိုတယ်လေ"

"မမပျိုဆီက သင်ယူရမှာလား"

"သင်ယူတယ်တော့ မဟုတ်ပါဘူး၊ ရှင်တို့ အဆင်ပြေအောင် ကျွန်မ ပြောပြခဲ့မှာပါ၊ ကလေးတစ်ယောက်ကိုပြုစုတယ်ဆိုတာ အင်မတန်ပညာသားပါတာရှင့်၊ ကျွန်မပြောပြမယ် နားထောင်၊ ဟိုကလေးအဖေ ပြန်အိပ်ငိုက်နေပြန်ပြီလား"

"ဟမ်...မငိုက်ပါဘူး၊ မငိုက်ပါဘူး"

ညီငယ်တို့သုံးယောက်မှာ ခေါင်းချင်းဆိုင်ကာ သူမလက်ချာရိုက်သမျှကို နားသောတဆင်ရသည်။ အနှီးကို ဘယ်လိုသန့်အောင်လျှော်ပြီး နို့ဘူးကို ဘယ်လိုအာဟာရပြည့်အောင် ဖျော်ဖို့၊ ကလေးငိုရင် ဘယ်လိုချော့ဖို့။ ကလေးငိုနိုင်တဲ့အကြောင်းအရင်းစသဖြင့်...စသဖြင့် စုံလို့နေပါသည်။

ညီငယ်သည် ပထမတော့ စိတ်မပါလက်မပါ နား

ထောင်ရင်း နောက်တော့ တဖြည်းဖြည်း စိတ်ဝင်စားလာရပါသည်။ သူစိတ်ဝင်စားလာတာက သူမပြောသောအကြောင်းအရာတွေတင် မဟုတ်...သူမကိုပါ စိတ်ဝင်စားမိခြင်းဖြစ်သည်။

သေးတစောင်းမြင်နေရသော မျက်နှာကလေးရဲ့ ဖြူစင် တင့်တယ်မှုကို သူတဖြည်းဖြည်း သတိပြုလာရပါသည်။ သူမထံမှာ 'ငါ့အတွက်' ဆိုတာထက် 'သူတစ်ပါးအတွက်' စဉ်းစားပေးခြင်းတွေသာ များပြားနေတာ အသေအချာပင်။ နုနယ်သော မျက်နှာကလေးနှင့်မှ မလိုက်သော ရင့်ကျက်ခြင်းတွေလည်း သူမထံမှာ ရှိသေးသည်။ ပျို...ပျို...တော်တော်ထူးဆန်းတဲ့ မိန်းကလေးပါလား။

"ကဲ...သဘောပေါက်ပြီလား"

"ဟင်...အဲ...ပေါက်ပါပြီ"

ပျိုသည် ညီငယ်ဘက် အမှတ်တမဲ့ လှည့်ကြည့်မေးလိုက်မိပြီးမှ ညီငယ့်အကြည့်တွေကို သတိပြုမိသွားရတာမို့ မျက်နှာကိုတည်ကာ ကိုမိုးကျော်တို့ဘက်လှည့်ပြီး စကားဆက်ပြောနေလိုက်ရပါသည်။

ပျို့စိတ်ထဲမှာတော့ ညီငယ့်အကြည့်တွေကို အံ့သြ





နေမိသလိုပင်။ သူ့အကြည့်တွေက သူ့ရဲ့ဘုကျကျစကားတွေနှင့် မလိုက်အောင် နူးညံ့နွေးထွေးနေခဲ့ပါသည်။ သူ့ရုပ်ကြည့်တော့လည်း ကလေးရုပ်ပင်မပျောက်ချင်သေးသလိုလို။ ဘဝမှာ သက်သောင့်သက်သာနေလာခဲ့ရသောပုံစံကလည်း ထင်းလို့ပါပင်။ မရင့်ကျက်မပြည့်ဝမှုတွေ ရှိနေသေးသည့် သူ့အပြုအမူ အပြောအဆိုတွေကလည်း နည်းနည်းလေးမှ လူကြီးမဆန်။ ပျို့စိတ်ထဲမှာတော့ သူဟာ ကလေးအဖေရယ်လို့ လက်ခံတစ်ဝက်၊ လက်မခံတစ်ဝက်နှင့် ဘာကိုမှန်းမသိ သံသယရှိနေသည်။

"ဒါဆိုလည်း ကျွန်မသွားဦးမယ်၊ ကလေးကိုတော့ ဂရုစိုက်ပေးကြပါနော်၊ ကျွန်မလို သွေးမတော်သားမစပ်လူကတောင် ဒီလောက်စိုးရိမ်နေရင် သွေးသားရင်းချာ ကလေးအဖေအစစ်က ပိုပြီစိုးရိမ်တတ်လိမ့်မယ်ထင်ပါတယ်"

ပျိုက ပြန်ဖို့ထရင်း လှမ်းပြောတော့ ညီငယ့်မျက်နှာက ခပ်အမ်းအမ်း။ ဒီလိုပဲ ကလေးအဖေရယ်လို့ ခေါင်းစဉ်တပ်လိုက်တိုင်း ရှက်အမ်းအမ်းဖြစ်သွားတတ်တဲ့ သူ့မျက်နှာထားကို ပျို အလွတ်ရနေပြီ။

"ပြော်...ပြီးတော့ အိမ်သန့်ရှင်းရေးကိုလည်း ဂရုစိုက်

www.foreverspace.com.mm



ကြည်းနော်၊ ပတ်ဝန်းကျင်မသန့်ရှင်းရင် အမှိုက်သရိုက် အငွေ့အသက်တွေကြောင့် ကလေးအရေပြားနုနုလေးမှာ ယားယံတာမျိုးဖြစ်တတ်တယ်၊ အိမ်ရှေ့ကအမှိုက်တွေကို သေသေချာချာကျုံးပြီး အမှိုက်ပုံးထဲ ထည့်ကြပါလား၊ ဒီအတိုင်းကြီး ကိုယ့်အခန်းထဲကလွတ် ပြီးရော လှည်း ထုတ်ထားတော့ အခန်းရှေ့မှာ မြင်မကောင်းဘူး၊ လှေကား မှာလည်း သဲတရှပ်ရှပ်နဲ့၊ ကဲ ... ဒါပဲနော် သွားလိုက်ဦး မယ်”

ပျို့ထွက်သွားတော့ မိုးကျော်နဲ့ငသက်က ဇက်ပုပြီး ကျန်ရစ်ခဲ့သည်။

ညီငယ်ကတော့ ပျို့ကို လန့်လည်းလန့်၊ သဘော လည်းကျ၊ အံ့လည်းအံ့ဩကာ ခံစားချက်မျိုးစုံဖြင့် တွေပြားငြိမ်သက် နေသည်။

ထိုအခိုက်မှာ ကလေးရဲ့ ဝါးခနဲငိုသံကြောင့် သုံး ယောက်လုံး ခုန်ထလိုက်ကြရပါသည်။

❊ ❊ ❊



www.foreverspace.com.mm

(၉)

“ဟော့ကောင် ... မင်းကြည့်ရတာ ကားတိုက်သေတော့မယ် ထင်တယ်”

ငသက်စကားကြောင့် ကလေးကို နို့ဘူးတိုက်နေ သော ညီငယ်က မျက်မှောင်ကြုတ်၍လှမ်းကြည့်မိရင်း ...

“ဘာလဲကွ ... မင်းစကားက ...”

“ဒါတောင် နားမလည်ဘူးလား”

“အေးလေ ... ဝေးပါ”

ညီငယ်ပြန်စဉ်းစားမိတော့မှ မေမိုကျိန်စာကို သွား သတိရပါသည်။ ဒီကောင်တွေပြောတဲ့သဘောဟာ မေမိုကို သူ သစ္စာဖောက်လုနီးနီးဆိုတဲ့ အဓိပ္ပာယ်ပေါ့။

"မင်းရင်ထဲမှာ ပျို့က မသိမသာရောက်နေသလိုပဲလို့ မထင်ဘူးလား ညီငယ်"

"မသိမသာမဟုတ်ပါဘူး သေက်ရာ၊ အသိသာကြီးပါ၊ သူ့လို လူ့ပေါ်ကြော လက်ကြောမတင်း သူဌေးသားက တစ်မိကလေးတစ်ယောက်ကို အဖေအမည်ဝင်ခံတယ်ဆိုတာ တော်ရုံစွန့်စားမှုမျိုးမှ မဟုတ်တာ"

"အေး... တော်ရုံမေတ္တာမျိုးနဲ့လည်း မဟုတ်ဘူးကွ"

"ဘယ်သူ့ကိုလဲ... သူ့မေတ္တာက၊ ဟဲဟဲ ဘယ်သူ့အပေါ်မှာထားတဲ့ မေတ္တာကြီးလဲ"

"အရင်းကြီးပါကွာ၊ ပျို့အပေါ်ထားတဲ့မေတ္တာတွေပေါ့၊ ပျို့ပင်ပန်းနေတာမကြည့်ရက်လို့ သူပဲအပင်ပန်းခံလိုက်တာပေါ့"

"နည်းတဲ့မေတ္တာမဟုတ်ဘူးကွနော်၊ တွေ့တွေ့ချင်းကြီးမှာ ယိုဖိတ်လာတဲ့မေတ္တာ၊ ထူးလည်းထူးတဲ့ ဒီမေတ္တာ၊ ရှားလည်းရှားတဲ့ ဒီမေတ္တာ၊ ရှေးအဆက်ဆက်က ပါရမီဖြည့်ခဲ့ပါတဲ့ ဒီမေတ္တာ..."

မိုးကျော်က သီချင်းလုပ်ဆိုနေတာမို့ ညီငယ်က မသိချင်ယောင်ဆောင်ရင်း ကလေးကို ငုံ့ကြည့်ကာ ချော့မြူဟန်ဖြင့်...





"အရူးတွေ... အရူးတွေလို့ ပြောလိုက်စမ်း သားသားရာ၊ ဖေကြီးက ကိုယ့်သားလေးမို့ ကိုယ်ခေါ်တာကို ဒင်းတို့က မဟုတ်တာရတ်တွေလျှောက်ပြောနေကြတယ်ကွာ၊ ဒီလူတွေ ကြည့်မရပါဘူးကွာ၊ ရှူးနဲ့ပန်းလိုက် ရှူးနဲ့ပန်းလိုက်၊ ဟာ... ဟာ... တကယ်ပန်းတယ်ဟာ၊ သေပြီဟာ"

ညီငယ်က ပေါက်တတ်ကရပြောကာ ချော့မြူနေဆဲ ကလေး ရှူးရှူးက သူ့မျက်နှာဆီ ပန်းထုတ်လိုက်ပါသည်။ မိုးကျော်တို့ကတော့ တဟီးဟီးတဟားဟား ဗိုက်နှိပ်ရယ်ကြလေသည်။

သူကမျက်နှာအမြန်ပြေးသစ်ရင်းစိတ်ညစ်ညစ်နှင့် ရယ်ချင်နေသည်။

ဒီကိစ္စဟာ ရယ်စရာကောင်းသလိုလိုနဲ့ တကယ်တမ်းက အလွန်ကြီးမားသော အရှုပ်ထုပ်ကြီးမှန်း သူလည်းသိပါသည်။ ရှေ့လျှောက်ဘာတွေဖြစ်မလဲဆိုတာ တွေးပင်မတွေးရဲ။ လောလောဆယ်မှာတော့ ကိုယ်က ကိုယ့်ပတ်ဝန်းကျင် ကိုယ့်အသိုက်အဝန်းထဲက ကင်းကွာနေတာမို့ ကိုယ် ကလေးအဖေလုပ်နေရသည့်ကိစ္စကြီးကို ကွယ်ဝှက်ထားလို့ရသေးသည်။ အခုနေနေသည့်တိုက်ခန်းမှာက ကိုယ့်ကို ဘယ်ကလာတဲ့ ဘယ်လိုလူ

ရယ်လို့ သေသေချာချာသိသည့်သူမရှိ။ ကိုယ်တွေကလည်း ဘယ်သူမှ သိပ်ဟက်ဟက်ပက်ပက် ရောရောဝင်ဝင်မနေ။ ဒါတောင်မှ ယောက်ယက်ခတ်နေကြသည့် ယောကျ်ားလေး သုံးယောက်နှင့် ကလေးပိစိကွေးလေးတစ်ယောက်ကို အိမ်နီးချင်းတွေက စပ်စုချင်လာကြပြီ။ စူးစူးစမ်းစမ်းကြည့်လာကြပြီ။ သုံးယောက်လုံးကလည်း ဘယ်သူ့မှ ဂရုမစိုက်ကြသူများချည်းမို့ 'ဒါ ဘယ်သူ့ကလေးလဲ' ဟု အမေးခံရတိုင်း 'ကျွန်တော့်ကလေး' ဟု သွားအဖြီးသားရယ်ပြကာ ဖြေကြမြဲ။ ဘယ်သူမေးမေး ဒီအဖြေပဲရတာမို့ မေးလာသူတွေသာ မျက်စိလည်သွားကြမြဲပင်။

"ဟောကောင် ညီငယ်၊ လာ ... လာ ထိုင်ဦး၊ စကားအတည်ပြောရအောင်"

မိုးကျော်လှမ်းခေါ်တာမို့ သူက မိုးကျော်နှင့် ငသက်ကြားထဲ သွားဝင်ထိုင်ကာ ငသက်ပေါင်ပေါ် ခြေထောက်ပစ်တင်လိုက်ပါသည်။

"တင်စီးပြီ၊ ဖယ်စမ်းကွာ ဒီခြေထောက်က"

"ခဏလေးပါကွာ၊ ညောင်းလို့ပါ ဟဲ ... ဟဲ"

"လူတကာအပေါ် အမြဲတင်တင်စီးစီး ခိုင်းချင်စေချင်၊

ညခင်းရဲ့လမင်း ၁၁၅

အပေါ်စီးကနေချင်တဲ့ မင်းလိုစိတ်မျိုးနဲ့ ဒီကလေးတစ်ယောက်ကို တစ်သက်လုံး မွေးနိုင်လို့လား၊ ပြန်စဉ်းစားစမ်းပါ ညီငယ်ရာ"

"မင်းတို့လည်း ရှိသားပဲကွာ၊ မင်းတို့ကလည်း"

"ဟာ ... ငါတို့လည်း အမြဲတော့ ဘယ်တတ်နိုင်မလဲကွာ ...၊ ငါတို့ဘာသာငါတို့ မိန်းမယူရဦးမယ်၊ ကလေးမွေးရဦးမယ်၊ ကိုယ့်ကလေးကိုယ် ထိန်းရဦးမှာလေကွာ"

"ဒါက နောက်ဖြစ်မှာ ကျောင်းဒကာပါကွာ၊ မင်းတို့ကြည့်ရတာ အခုတောင်မှ ရည်းစားလေးတစ်ယောက်တောင် မရှိသေးတာ၊ မိန်းမရဖို့က အဝေးကြီးပါ၊ မင်းတို့ပုံတွေကြည့်ရတာ ဒီကလေးလူပျိုဖြစ်တောင် စွံမယ့်ပုံတွေ မဟုတ်ပါဘူး"

"အဲလောက်လည်း လျှော့မတွက်နဲ့ ဟောကောင်ရေ ...၊ မိုးကျော် လိုက်နေတဲ့ ကောင်မလေးက မနေ့ကဘဲ အဖြေပေးလိုက်လို့ ဒီကောင် မြောက်ကြွကြွဖြစ်နေတာ၊ ညကလည်း သူ့ကောင်မလေးက သူ့ကို ကလေးအဖေလို့ထင်ရင် ဒုက္ခပါပဲဆိုပြီး ညည်းပြနေလို့ ကောင်းကောင်း မအိပ်ရဘူး"



www.foreverspace.com.mm

"မင်းကျတော့ရော မညည်းလို့လား သေက်"

"ဟဲ ... ဟဲ"

"ဒီကောင်လည်း ဘာမှ မထူးဘူးညီငယ်၊ သူကြိုက်နေတဲ့ နယ်က ကောင်မလေးက ရန်ကုန်မှာ အလုပ်လုပ်ဖို့ ရောက်လာတော့မှာ၊ ကောင်မလေးအလုပ်ကိစ္စ အဆင်ပြေဖို့ အတွက်လည်း သူပဲ လိုက်လုပ်ပေးနေရတာ၊ သူ့မှာလည်း အလားအလာနဲ့ပဲ၊ အများကြီးတက်လမ်းရှိတယ်၊ အဲဒါ ဒီကလေးကြောင့် သူ့တက်လမ်းတွေပိတ်သွားရင် ဒုက္ခပါပဲ ဆိုပြီး ညည်းပြနေတာ မကြားချင်မှအဆုံး"

သုံးယောက်သား ခဏငြိမ်သွားပြီးမှ မိုးကျော်က တွေးတွေးဆဆ ပုံစံဖြင့် ...

"ဘာပဲပြောပြော တို့လူပျိုလေးသုံးယောက်စလုံးမှာ တက်လမ်းတွေချည်းပါပဲကွာ၊ ကျိန်စာတိုက်ခဲ့တဲ့ ညီငယ့် တက်လမ်းကြီးကလည်း ပြန်လာတော့မှာ ..."

"ထားလိုက်ပါကွာ ... အများကြီး မတွေးချင်ဘူး၊ မင်းတို့လို ပြောကြကြေးဆိုရင် မေပျိုလည်းအပျိုလေးပဲ၊ သူ့တက်လမ်းနဲ့သူရှိမှာပဲ၊ သူတောင်မှ သွေးမတော်သားမစပ်ကလေးတွေကို စောင့်ရှောက်နိုင်သေးတာပဲ"





ညီငယ့်အပြောကြောင့် သေက်က ငြိမ်သက်သွားကာ ညီငယ့်ကို မျက်လုံးအပြူးသား စိုက်ကြည့်ကြရင်း ...

"နိုးလာပြီ"

"ဘာကိုလဲ"

"ကားတိုက်သေဖို့"

"တော်စမ်းပါကွာ"

"ငါတို့ ဒီလိုပြောတာ မလွန်ဘူး ညီငယ်၊ မင်းဆီမှာ မေပျို့ အပေါ်ထားတဲ့ စာနာငဲ့ညှာမှုကြီးကို တွေ့တွေ့နေရတယ်"

"ငါက ကလေးကို စာနာတာပါ"

"လုပ်မနေနဲ့ဟေ့ကောင် ... ကလေးကောက်ရလာတဲ့သူက မေပျိုမဟုတ်ရင် မင်း ဒီကလေးကို သွားခေါ်လာမလား"

"မင်းကလည်းကွာ ... ကလေးလေးက ချစ်စရာလေးမို့လို့ပါကွာ"

"အပိုတွေကွာ ... မင်း ကလေးမချစ်တတ်တာ ငါသိပါတယ်"

"အခုချစ်တတ်ပြီကွာ"

“မင်းချစ်တတ်တာက ကလေးကိုမှ ဟုတ်ရဲ့လား”

သူမဖြေနိုင် ...။ အချစ်ဆိုတာ ...။ အချစ်ဆိုတာ တော်တော်ရှုပ်ထွေးသည့်အရာဖြစ်ပါသည်။ မေမီက ချစ်သလားလို့ မေးခဲ့စဉ်ကတော့ မေမီထံမှဆွဲဆောင်မှုတစ်မျိုးကို မရုန်းနိုင်စွာ အလွယ်တကူပဲ ‘ချစ်တယ်’ လို့ ပြောခဲ့မိတာပင်။ အတူတွဲသွားတွဲလာဖြစ်ကြရင်း ‘ချစ်သူ’ ဆိုသည့် ပညတ်မှုကို အလိုက်သင့်ခံယူခဲ့မိတာပင်။ ခုဆိုရင်တော့ ... မေမီကိုချစ်တဲ့ အချစ်ဟာ သူ့ရင်ဘတ်ထဲမှာ ဘယ်လောက်ရှိနေပါလိမ့် ...။ သူသိချင်လာမိပါသည်။

“မင်းအတွက်ပြဿနာက မေမီ တစ်ယောက်တည်းတင် မကဘူးလေ ညီငယ်၊ မင်းမိဘ အသိုက်အဝန်းလည်း ရှိနေသေးတယ်၊ ခုချိန်မှာ မင်းနဲ့မင်းအိမ်ကလူတွေ ဘယ်လောက်ပဲ အစာမကြေဖြစ်နေဖြစ်စေ တစ်နေ့ကျ ပြန်ပေါင်းထုပ်ကြမှာပဲ၊ အဲဒီအခါကျ ဒီကိစ္စကို ဘယ်လိုပြန်ရှင်းပြမလဲ”

ငသက်က အတည်ပေါက်ပြောပြန်တာမို့ သူက စိတ်ရှုပ်လာရကာ ...





“နောက်ခါလာ နောင်ခါချေးပေါ့ကွာ၊ ဖြစ်လာတော့မှပဲ ကြည့်ကျက်ရှင်းလိုက်တာပေါ့”

သူ ပြောနေဆဲ တယ်လီဖုန်းမြည်လာပါသည်။ ဖုန်းက မိုးကျော်နှင့် နီးတာမို့ မိုးကျော်က လှမ်းကိုင်လိုက်ပြီး ဖုန်းခွက်ကို လက်နှင့်လှမ်းပိတ်ကာ ...

“ညီငယ် လာ ... လာ၊ ... မင်းရဲ့မေမီကွ၊ သူ့အတင်းပြောနေတာ သိတယ်ထင်တယ်”

ညီငယ်က ခပ်အေးအေး ထသွားကာ ဖုန်းကိုင်လိုက်ပါသည်။

“ညီ”

“ပြော ... မီ”

“အရမ်း သတိရလို့ ဆက်လိုက်တာသိလား၊ ညီကော မီကို သတိရရှိရဲ့လား”

“ရတဲ့အခါ ရပါတယ်”

“ဟင် ညီနော် ... အမြဲသတိမရဘူးလား ... ပြော”

“အမြဲတော့ ဘယ်သတိရပါ့မလဲ မီရယ်”

“မီးဝေးလို့ ချိတ်မာသွားပြီထင်တယ်၊ ဟွန်း ... ထင်တဲ့အတိုင်းပဲ”

“အဲလိုလည်း မဟုတ်ပါဘူးကွာ၊ မီ အဆင်ပြေရဲ့လား”

“ပြေတာပေါ့၊ မီ့သင်တန်းကလည်း ပြီးတော့မှာ၊ မီကဖြင့် ညီကိုလွမ်းလို့ ပြန်လာချင်နေတာ သိလား၊ ဒါပဲနော်... မီပြန်လာရင် ညီ မီ့ကိုပျော်အောင် ထားရမယ်၊ မီခိုင်းတာတွေ လုပ်ပေးရမယ်”

“အင်းပါ...အင်းပါ”

“ညီ့အသံကလည်း အသက်မပါလိုက်တာ”

မီက ခရားရေလွှတ် တတွတ်တွတ်ပြောနေဆဲ ကလေး အော်ငိုသံက ဆူညံစွာထွက်ပေါ်လာပါသည်။ မီဘက်က ခဏ တိတ်သွားပြီးမှ...

“ကလေးငိုသံပါလား...ဘယ်က ကလေးရောက်နေတာလဲ...”

“ဪ...ဟိုဟာပါ၊ ဟိုဘက်ခန်းက ကလေးရောက်နေတာပါ”

“ငိုသံကြားရတာတော့ တော်တော်ငယ်သေးတဲ့ကလေးပဲ၊ ဒီအရွယ်လေးနဲ့ အိမ်လည်ရတယ်လို့”

“ဟိုဘက်ခန်းက ကလေးအဖေနဲ့ ခင်နေလို့...အဲဒါ ကလေးအဖေလာလည်ရင်း ချီလာတာလေ”





“အရင်တုန်းက ညီပြောတော့ ကလေးငိုသံကို နားငြီးတယ်ဆို၊ အခုရော မငြီးဘူးလား”

“ငြီးပါတယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ၊ နှင်လွှတ်လို့မှမဖြစ်တာ၊ မီ ဖုန်းဆက်တာကြာပြီနော်၊ ဖုန်းဖိုးတွေ ကုန်နေဦးမယ်”

“ညီဆီဆက်ဖို့ဆို မီက ဖုန်းဖိုး မနှမြောပါဘူး၊ ညီသာ နှမြောပြီး မီ့ဆီ မဆက်တာမဟုတ်လား”

“ပိုက်ဆံတကယ်မရှိလို့ မဆက်တာပါကွာ”

“သူဌေးသားကများ...”

“သူဌေးသားဆိုပေမယ့် ခုချိန်မှာ ကိုယ်က အဘွားပို့နေတဲ့ ပိုက်ဆံကို သုံးနေရတဲ့သူလေ”

“အဲဒါကြောင့်ပြောတာပေါ့၊ အိမ်ပြန်ပါလို့ မီပြောတာ နားမထောင်ဘူး၊ ညီအိမ်ပြန်နေရင် ညီအိမ်မှာဆို ညီကြိုက်သလိုသုံးစွဲပြီးနေနိုင်သားနဲ့...”

“ဒီအကြောင်းတွေ မပြောပါနဲ့ မီရာ”

“ညီမကြိုက်ပေမယ့် မီကတော့ တဂျီဂျီပြောနေဦးမှာပဲ၊ ညီ အိမ်မပြန်မချင်း ပြောမှာပဲ၊ ဟော...ကလေးငိုသံကြား



www.foreverspace.com.mm

ရပြန်ပြီ၊ ဒီကလေးက ခုထိ မပြန်သေးဘူးလား”

“အင်း…ပြန်တော့မှာပါ”

ကလေးငိုသံက ကျယ်သထက်ကျယ်လာပြန်သည်။ သူလည်း မီနှင့် စကားပြောရတာ စိတ်ညစ်လာတာမို့…

“ဟော…ဟိုမှာ ကလေးအဖေတောင် ပြန်တော့မလို့၊ ကိုယ် သွားနှုတ်ဆက်လိုက်ဦးမယ်၊ မီ ဘာပြောစရာရှိသေးလဲ”

“မရှိတော့ပါဘူး၊ ဒါနဲ့ ကလေးအဖေမှ ဟုတ်ရဲ့လား”

“ဘာကိုလဲ”

“ညီအိမ်ကိုလာလည်တာ ကလေးအဖေမှ ဟုတ်ရဲ့လား မေးတာ၊ ကလေးရဲ့အစ်မတို့၊ အဒေါ်တို့များ ဖြစ်နေသလားလို့၊ သူတို့ချီချီလာတဲ့ ကလေးလေးတွေကို ကလူကျီစယ်ရင်းနဲ့ ဘာညာ ဘာညာ ဇာတ်လမ်းတွေ ကြားဖူးနေလို့”

“မဟုတ်ပါဘူးကွာ…”

“သစ္စာဖောက်ရင်…”

“ကားတိုက်သေရပါစေရဲ့ကွာ…ကဲ…”

ညီငယ်က စိတ်ပေါက်ပေါက်နှင့် ပျစ်ပျစ်နှစ်နှစ် ကျိန်ကာ ဖုန်းချလိုက်ပါသည်။ မိုးကျော်က ခွိခနဲရယ်ရင်း…





“သက်ရေ…အပြင်သွားရင် ဒီကောင်နဲ့အတူမသွားနဲ့၊ တော်ကြာ မင်းကိုပါ ကျိန်စာအဖျားခတ်နေဦးမယ်”

ဟု ကျီစယ်လိုက်လေသည်။

❋ ❋ ❋



www.foreverspace.com.mm

## (၁၀)

ဘာပဲပြောပြော ကလေးတစ်ယောက်နှင့် အဖေ သုံးယောက်တို့ကတော့ ချာလပတ်ယမ်းနေကြဆဲဖြစ်ပါသည်။ မိုးကျော်တို့ နှစ်ယောက်ကလည်း သူတို့ရည်းစားတွေအတွက် ဘယ်လိုပဲ စိတ်ပူစိတ်ပူ ကလေးကိုတော့ ဥပေက္ခာ ပြုနိုင်ကြသူများ မဟုတ်ပါ။ ပါးစပ်က ဆိုဆိုပြောပြောနဲ့ပဲ ဝိုင်းဝန်းလုပ်ကိုင်ပေးခဲ့ကြပါသည်။

တစ်နေ့တော့ ပြဿနာ အကြီးအကျယ်တက်ပါလေသည်။ မိုးကျော် ကောင်မလေးက ဒေါ်သတွေ မိုးမွှန်ကာ မိုးကျော်ဆီ ရောက်ချလာပါသည်။





"ကိုမိုး...ရှင် တော်တော် အကျင့်ယုတ်တဲ့ လူပါလား ဟင်..."

ထိုစကားလုံးတွေကို နင့်နင့်ကြီး ပြောပြီးနောက် ရှေ့ဆက်မပြောနိုင်ဘဲ ဒေါသဖြင့် ဆတ်ဆတ်တုန်ကာ အံကြိတ်ထားတာမို့ မိုးကျော်က ကလေးနို့ဘူးတိုက်နေရင်းက ဂုန်းခနဲ ထရပ်ကာ...

"ချစ်...ချစ် ဘာဖြစ်လာတာလဲ၊ ဘာကိုပြောတာလဲ၊ ဒီလောက်ဒေါသမကြီးပါနဲ့၊ စိတ်လျှော့လိုက်ပါ၊ ချစ်က ဒေါသကြီးရင် တက်တတ်တယ်ဆို၊ အမလေး ကိုယ် ရင်တုန်လိုက်တာကွာ"

မိုးကျော်က သူ့ ကောင်မလေး ဒေါသကြီးတာ၊ တက်တတ်တာကို သိနေသူမို့ လက်ထဲက နို့ဘူးကို တင်းတင်း ဆုပ်ကိုင်ထားရင်း ထိုနို့ဘူးကြီး တယမ်းယမ်းဖြင့် အော်ဟစ် တောင်းပန်နေရှာပါသည်။

"ရှင့်လက်ထဲက နို့ဘူးကြီးကို ချထားလိုက်စမ်းပါ ကလေး အဖေ"



www.foreverspace.com.mm

ကောင်မလေးက အသံပြာအက်အောင် အော်လိုက်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မိုးကျော်က အကြောင်းရင်းကို ချက်ချင်းသဘောပေါက်သွားကာ နို့ဘူးကို လွှတ်ချရင်း သွေးရူးသွေးတမ်း ငြင်းလေသည်။

"မဟုတ်ဘူး... မဟုတ်ဘူး၊ ကိုယ် ကလေးအဖေ မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ... ဘာမဟုတ်ရမှာလဲဟင်၊ အောက်ထပ် ကွမ်းယာဆိုင်က ပြောလိုက်တာ ကျွန်မနားနဲ့ ဆတ်ဆတ်ကြားပြီးပြီ"

"ဘာပြောလဲ သူတို့က ဘာပြောလဲ"

"ကိုမိုးကျော်တို့အခန်းက ဘယ်အခန်းလဲဆိုတော့ သြော်... ဟိုကလေးအဖေရဲ့အခန်းလားတဲ့၊ အခုလည်း ရှင့်လက်ထဲမှာ နို့ဘူးနဲ့ လက်ပူးလက်ကြပ်မိနေပြီ"

"ဟာ... မဟုတ်ပါဘူးကွာ၊ ကလေးက ဟိုကောင် ညီငယ့်ကလေးပါ၊ သူ မအားလို့ ကိုယ်က ကလေးကူထိန်းပေးနေရတာပါ"

"မယုံဘူး... မယုံဘူး၊ ရှင် မညာနဲ့..."





"လာကြည့်ပါကွာ... ကလေးကိုလာကြည့်ပါ၊ ကလေးက ကိုယ်နဲ့ လုံးဝမတူပါဘူး"

"မယုံဘူး၊ ရှင်ကြောင်မလိမ်နဲ့၊ ရှင့်သူငယ်ချင်း ညီငယ်က လူပျိုဖြစ်ကြောင်း၊ သူ့ချစ်သူက နိုင်ငံခြားမှာ ဖြစ်ကြောင်း ရှင်ပြောထားဖူးတာ မမေ့နေပြီလား၊ ရှင် အဲဒီလို ပြောခဲ့တဲ့ အချိန်နဲ့ အခုလက်ရှိအချိန်ကြားမှာ ကလေး တစ်ယောက်ရစရာ အကြောင်းမရှိသေးဘူး"

"မဟုတ်သေးပါဘူးကွာ... ဒုက္ခပါပဲ၊ ဘယ်လိုရှင်းပြရမှန်းကို မသိတော့ဘူး ချစ်ရာ၊ ကိုယ် ကလေးအဖေ လုံးဝမဟုတ်တာတော့ အမှန်ပါ"

"မယုံဘူး"

"ဟာ... ဟော... ဟော"

ကောင်မလေးက ငယ်သံပါအောင် အော်လိုက်ပြီး မျက်လုံးပြူးလာကာ လက်ချောင်းလေးတွေ ကောက်ကွေးသွားလေသည်။ မိုးကျော်မှာ ကောင်မလေးကို ပြေးပွေ့ရင်း ခြေမကိုင်မိ လက်မကိုင်မိ။

www.foreverspace.com.mm



ခဏနေတော့မှ ကောင်မလေးက သတိရလာကာ အံတစ်ချက်ကြိတ်လျက် မိုးကျော်ကို စူးစူးဝါးဝါး ကြည့်ရင်း...

"ရှင့်ကိုမုန်းတယ်၊ ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး"

ကောင်မလေး ကမူးရှူးထိုး ပြေးထွက်သွားတော့ မိုးကျော်က ခေါင်းငိုက်စိုက်ကျ၍ ကျန်ရစ်သည်။ ငသက်က မိုးကျော် ပခုံးကို ကိုင်လှုပ်ရင်း...

"ဟေ့ကောင်...လိုက်သွားလေ၊ အမြန်လိုက်ချော့လေ"

"မဖြစ်ဘူး...မဖြစ်ဘူး၊ ငါလိုက်ချော့ရင် သူပိုဒေါသထွက်ပြီး တက်လိမ့်မယ်၊ နောက် သူ့ဒေါသ နည်းနည်းပြေသွားမှ သွားချော့မယ်"

မိုးကျော်ကိုကြည့်ကာ ညီငယ်က သက်ပြင်းချမိရင်း...

"တောင်းပန်ပါတယ်ကွာ...ငါ့ကြောင့်ဖြစ်ရတာ"

"ကိစ္စမရှိပါဘူးကွာ"

"ငါလိုက်ရှင်းပေးရမလား"

"မင်းဘယ်လိုလိုက်ရှင်းမှာလဲ"



www.foreverspace.com.mm



"ကလေးအဖေက ငါဆိုတာ ပြောပြမှာပေါ့"

"လုပ်မနေနဲ့၊ ယုံမှာမဟုတ်ဘူး"

"ဒါဆို အမှန်အတိုင်း သွားရှင်းပြရင်ရော"

"အဲဒါဆို ပိုတောင်မယုံသေးဘူး၊ သူ့ ပုလာပြောတယ် ထင်မှာပေါ့၊ ဒီလိုအဖြစ်မျိုးက ရှိမှမရှိတာ၊ ဒဏ္ဍာရီဆန်လွန်းပါတယ်ကွာ"

မိုးကျော်မှာ သုံးနှစ်သုံးမိုးလိုက်ထားရသူ ကလေးရဲ့ အထင်လွဲမှုကြောင့် စိတ်ညစ်၍နေလေသည်။ ကလေးနားလည်း သိပ်မကပ်တော့ဘဲ တစ်နေကုန်အပြင်ထွက်နေတာမို့ ကလေးကို ငသက်နှင့် ညီငယ်နှစ်ယောက်တည်း ကြည့်ရသည်။ ငသက်က သင်တန်းသွားတက်ရသေးတာမို့ အချိန်ပြည့်တော့ မကူညီနိုင်။ ကူညီသည့် အခါတွေမှာလည်း...

"ငါ့အလှည့် ဘယ်တော့ရောက်မလဲမသိဘူး၊ ကျောချမ်းလိုက်တာကွာ"

ဟု မကြာခဏ ရေရွတ်လေ့ရှိပါသည်။

တစ်နေ့တော့ ငသက်ကို အမှန်တကယ် ကျောချမ်းစေသောအဖြစ်မျိုးကို ကြုံတွေ့ရလေသည်။

သေက်က ယူကျုံးမရသကြီးဖြင့် ကြေကွဲစွာ ရှေ့ရှုတ်ရင်း ကောင်မလေးနောက်သို့ ပြေးလိုက်သွားလေသည်။

ညီငယ်သည် ဖြစ်ပုံပျက်ပုံအလုံးစုံအတွက် ရယ်လည်း ရယ်ချင် စိတ်လည်းမောရကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိလေသည်။

❉ ❉ ❉



www.foreverspace.com.mm

## (၁၁)

အဲဒီနောက်မှာတော့ မိုးကျော်နှင့် သက်အောင်တို့ နှစ်ယောက်သားမှာ သူတို့ချစ်သူများကို အောင်မြင်စွာ ချော့မော့နိုင်ရေးအတွက် လုံးပန်းနေရတာမို့ ကလေးနားမကပ်နိုင်ကြတော့ချေ။

ညီငယ်သည် ကိုယ်စခဲ့သော ဇာတ်လမ်းကို ကဖို့ရာ ကိုယ်မှာသာ တာဝန်ရှိတာမို့ သူတို့ကိုလည်း နားပူနားဆာမလုပ်တော့ဘဲ ကိုယ့်ကလေးကိုယ် နိုင်အောင်ထိန်းရလေသည်။

တစ်နေ့တစ်နေ ဖတ်ဖတ်မောရသည်မှာ ပြောကို မပြောချင်။ အနှီးလျှော်လည်းကိုယ်၊ နို့ဘူးဆောင့်တိုက်တော့လည်း



www.foreverspace.com.mm

ကိုယ်။ အာတပြိုပြိုအော်ငိုနေတာကို ချိုးချော့မော့ရတော့လည်း ကိုယ်။ ဘဝမှာ တစ်ခါမှ ခုလောက် မပင်ပန်းဖူးခဲ့။

တစ်နေ့တော့ ညီငယ်တစ်ယောက်တည်းရှိနေချိန်မှာ ကလေးက တအီအီငို၍နေသည်မှာ ဘယ်လိုနည်းနဲ့မှ ချော့လို့မရချေ။ နို့ဘူးတိုက်တော့လည်း အငိုမတိတ်၊ ဘာဖြစ်မှန်းကို မသိတာမို့ သူစိတ်လည်းညစ်၊ စိုးလည်းစိုးရိမ်လာသည်။

"တိတ်ပါကွာ...မငိုပါနဲ့တော့၊ ငါလည်း စိတ်ညစ်လာပြီ ကွာ"

ညီငယ်က တကယ်ပဲစိတ်ညစ်လာသည်။ သူက အင်မတန် အလှအပကြိုက်ကာ ခပ်ကြော့ကြော့နေတတ်သူဖြစ်ပါသည်။ ခုတော့ သူ့မှာ အဝတ်အစား သစ်သစ်လွင်လွင်ဝတ်ကာ စတိုင်လ်ကျကျ မနေရတာကြာပြီ။ ဆံပင်ကိုတောင် Alter မထောင်နိုင်တာမို့ ပုံမကျပန်းမကျ ဘုတ်ပွပွဖြစ်နေသည်။ လူတစ်ကိုယ်လုံးလည်း ကလေးသေးနံ့ဖြင့် ဟောင်နေလေသည်။

"ကဲ...ကဲ...လာကွာ...ငါချီပြီးတော့ ချော့ပါမယ်"

လူကလည်း အိပ်ရေးမဝတာမို့ မျက်လုံးတောင် သိပ်မဖွင့်ချင်တော့။ သူက စင်းကျနေသောမျက်ခွံကို အားတင်း ပင့်ရကာ လေးလံသောလက်များဖြင့် ကလေးကို ပွေ့ယူပြီး ထ,လိုက်ရာ...

"ဟာ...ဟာ..."

ကလေးက သူ့ရင်ခွင်ထဲအရောက် သူ့ခြေထောက်က ကြမ်းပြင်ပေါ်က သေးစိုနေသော အနှီးစကိုနင်းကာ လျှောခနဲဖြစ်သွားပြီး လူက ဟန်ချက်ပျက်ကာ ချော်လဲသွားလေသည်။

"အဲ...အဲ...ဝါး"

ကလေးကိုမထိအောင် ထိန်းသော်လည်း ကလေးခေါင်းက ကြမ်းပြင်နှင့် ဆောင့်မိသွားကာ ငိုသံစူးစူးဝါးဝါး ထွက်လာသည်။

သူ ရင်တွေပန်းတွေပင်တုန်ကာ ဘာလုပ်ရမှန်း မသိအောင် ပျာယာခတ်သွားသည်။

ဒီလိုအချိန်မျိုးမှာ သူအားကိုးတကြီး သတိရမိတာက ပျို့ကိုဖြစ်သည်။ ပျိုသာလျှင် အရာအားလုံးကို ငြိမ်းချမ်းစေသူဟု သူ့ မသိစိတ်မှာ ကိန်းအောင်းနေခဲ့တာပင်။

သူက ကလေးကို ခပ်တင်းတင်း ပွေ့ချီကာ အိမ်ထဲမှ ပြေးထွက်လာပါသည်။

❀ ❀ ❀







www.foreverspace.com.mm

www.foreverspace.com.mm

"မေပျိုရော...မေပျိုရှိလား..."

အိမ်ရှေ့ဆီက အမောတကောမေးသံ၊ ကလေး ငိုသံတွေကြောင့် ပျိုက အိမ်ရှေ့သို့ အပြေးတစ်ပိုင်း ထွက်လာမိပါသည်။

"ဟင်...ညီငယ်တို့ သားအဖပါလား၊ ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လာတာလဲဟင်"

"လုပ်ပါဦး...ကယ်ပါဦး မေပျို၊ ကလေးက တစ်နေ့လုံး ငိုနေလို့ ကျွန်တော် ချီပြီး ချော့မလို့ထရင်း ချော်လဲသွားတယ်၊ အဲဒါ...အဲဒါ ကလေးကို ထိမိသွားတယ်"

"ဟင်...ဟုတ်လား၊ တော်တော်များလား၊ ဆေးခန်းမသွား





www.foreverspace.com.mm

ဘဲနဲ့ ဘာလို့ ကျွန်မဆီလာရတာလဲ၊ ဆေးခန်း အရင်ပြမှပေါ့"

"ဟို...ဟို...ခင်ဗျားပဲ တတ်နိုင်မယ်ထင်လို့ပါ"

"ကဲ...ပေး...ပေး၊ ကလေး ကျွန်မကိုပေး"

ပျိုက ကလေးကို လှမ်းပွေ့ယူကာ ချော့မော့ရင်း...

"ထိမိတာက ဘာနဲ့ထိမိတာလဲ"

"ကြမ်းပြင်နဲ့"

"အရှိန် တော်တော်ပြင်းလား"

"သိပ်တော့ မပြင်းဘူး၊ ဒါပေမယ့်... သူက အရမ်းငိုတော့ ကျွန်တော် လန့်ပြီး အမြန်ပြေးလာတာ"

ပျိုက ကလေးကိုပွေ့ကာ ချော့မော့နေဆဲ ကလေးက အငိုရပ်သွားသည်။

"ဘာမှတော့ သိပ်မဖြစ်လောက်ပါဘူး၊ လန့်သွားတာပါ"

"ဟုတ်လား၊ တော်သေးတာပေါ့ဗျာ"

"အခုတော်သေးပေမယ့် နောက်ထပ် ဒါမျိုးထပ်ထပ်ဖြစ်ရင်တော့ ကလေး ဒုက္ခရောက်လိမ့်မယ် ကိုညီငယ်၊ ကျွန်မမလာနိုင်တဲ့ တစ်ပတ်အတွင်းမှာ ရှင်ကြည့်ရတာလည်း

ရုပ်တွေဘာတွေတောင် ကျသွားတယ်၊ ကလေးကလည်း ပိန်လို့...”

“အိမ်မှာက မိုးကျော်နဲ့ သေက်နှစ်ယောက်စလုံး ဒီကလေး အတွက် အဲ...သားလေးအတွက် သူတို့ကောင်မလေးတွေ အထင်လွဲတာခံရပြီးကတည်းက ကျွန်တော်တစ်ယောက် တည်းပဲကြည့်နေရတာ”

“ဖြစ်ရလေ...ရှင်မလဲ ဒုက္ခပေါ့၊ ကလေးထိန်းငှားဖို့ကော စိတ်ကူးမရှိဘူးလား”

“မဖြစ်ပါဘူးဗျာ၊ ကျွန်တော်တို့က ယောကျ်ားချည်း လွတ် လွတ်လပ်လပ်နေတဲ့အိမ်မှာ မိန်းမတစ်ယောက်ခေါ်ထားလို့ အဆင်မပြေပါဘူး၊ သူလည်း အနေကျဉ်းကျပ်၊ ကိုယ်လည်း အနေကျဉ်းကျပ်”

ပျိုသည် စိတ်ရှုပ်စွာဖြင့် ခေါင်းယမ်းနေသော သူ့ကို ကြည့်ရင်း ကရုဏာသက်မိသွားပါသည်။ သူ့အဖြစ်က တစ်မျိုး တော့ တစ်မျိုးပါပင်။ မိဘတွေနဲ့လည်း စိတ်ဆိုးပြီးဆင်းလာ သတဲ့...။ ပြီးတော့ မိန်းမက ဘယ်ဆီနေသည်မသိဘဲ ကလေး တစ်ယောက်အဖတ်တင်နေသည်။ သူ့ကြည့်ရတာ တွေ့စကနှင့်





တောင် မတူ၊ ဖိုသီဖတ်သီနှင့် ဖြစ်ချင်တိုင်းဖြစ်နေသည်။ ပျိုက သက်ပြင်းချကာ...

“ကဲ...ဒီလိုဆို ဒီလိုလုပ်”

“ခင်ဗျာ...”

“ဒီလိုလေ...ရှင့်ကလေးကို ကျွန်မပဲ ပြန်ခေါ်ထားလိုက် တော့မယ်၊ ဒါထက် နည်းနည်းလေးကြီးပြီး ရှင် ထိန်းလို့ လွယ်မယ့် အရွယ်ကျတော့မှပဲ ပြန်ခေါ်တော့”

“ဖြစ်ပါ့မလား၊ ပျို့မှာကလည်း အလုပ်တစ်ဖက်နဲ့၊ တခြား ကလေးနှစ်ယောက်ကလည်း ရှိသေးတယ်”

“ကိစ္စမရှိပါဘူး၊ ဖြစ်တယ်၊ ရှင်သားကိုရှင်စိတ်ချတယ် ဆိုရင် ထားခဲ့ပါ”

“စိတ်တော့ချပါတယ်၊ ဒါပေမယ့် ခင်ဗျား ပင်ပန်းမှာ စိုးလို့ပါ”

“သူများကိုကူညီရလို့ ပင်ပန်းတယ်ဆိုတာ ကျွန်မမှာ မရှိ ပါဘူး”

ညိုငယ်သည် နှာသီးဖျားမှာချွေးကလေးသီးနေသော သူ့မျက်နှာလေးကို ဖျတ်ခနဲခိုးငေးရင်း ရင်ထဲမှာ တစ်စုံတစ်ရာ

www.foreverspace.com.mm



ခိုတွယ်သွားပါသည်။ သူမအနားမှာရှိနေတိုင်း ငြိမ်းချမ်းခြင်းကို သူခံစားရပါသည်။

သူက သူမကို Lu Na (လုန) ဟု တိတ်တိတ်ကလေး နာမည်ပေးလိုက်မိသည်။

စပိန်စကား Lu Na ဆိုတာ 'ငွေလဝန်း' တဲ့။

သူမက သူမပတ်ဝန်းကျင်ကို သူမ၏အလင်းရောင်ဖြင့် ဖြန့်ကျက်ခြုံလွှမ်းထားလိုသူဖြစ်သည်။

ပျိုက ကလေးကို ငုံ့ကြည့်ရင်း တွေးတွေးဆဆ ပြောသည်မှာ...

"ကလေးက ရှင်နဲ့တော့ မတူဘူးနော်၊ အမေတူတယ် ထင်ပါရဲ့"

သူမစကားကြောင့် သူ့မျက်နှာတစ်ပြင်လုံး ဖြန်းခနဲ ပူနွေးလာသည်။ ကလေးအဖေနာမည်တပ်ခံရတိုင်း သူ ရှက်ရွံ့ ရှိန်းမြလာရမြဲပင်။

ပျိုက အသံတိတ်သွားသော ညီငယ်ကို မော့ကြည့်မိတော့ ထုံးစံအတိုင်း ရှက်အမ်းအမ်းဖြစ်နေသောမျက်နှာထားကို တွေ့ရပြန်လေသည်။ ပြီးတော့ သူ့ပုံစံက ဒီကလေးနှင့် 'သားအဖ' ပုံစံမျိုး ဘယ်တော့မှ အသားမကျ။ သူက အသားဖြူကာ မျက်ခုံး နက်နက် နှာတံလုံးလုံးနှင့် ရုပ်ရည်ကနုနယ်သန့်ပြန့်သည်။ ကလေး ကတော့ ညိုညိုကျစ်ကျစ် မျက်နှာဝိုင်းဝိုင်း နှာတံပြားပြားကလေး။ ရုပ်ရည်ချင်းက ဆင်ဆင်တောင်မတူ။ တခြားစီပဲဆိုပါစို့။



www.foreverspace.com.mm



"ဟို...ဒါဆိုလည်း ကျွန်တော် စိတ်ချပြီ၊ ပြန်ဦးမယ်နော်"

ညီငယ်က စကားလွှဲပြောလိုက်ပြီး ပြန်ရန်ပြင်လိုက်သည်။

"စိတ်ချသွားပါ"

"ကျွန်တော် မကြာမကြာ လာမယ်နော်"

"ဟုတ်ကဲ့ လာပါ၊ ရှင်တို့သားအဖ ဘယ်အကြာကြီး ခွဲနေနိုင်ပါမလဲ"

ကျွန်တော် အကြာကြီး ခွဲမနေနိုင်တာက ကလေးလား၊ ခင်ဗျားလား...ဇဝေဇဝါပါပဲ Lu Na ရယ်။

ညီငယ်က ရင်ဘတ်ထဲက စကားကို သိုဝှက်ရင်း သူမထံက မပြန်ချင်ပြန်ချင် ပြန်လာခဲ့ရပါသည်။

❊ ❊ ❊

www.foreverspace.com.mm

## (၁၂)

"လူပျိုပြန်ဖြစ်ပြီ…ခုတော့ လူပျိုပြန်ဖြစ်ပါပြီကွာ"

ညီငယ်သည် မှန်ရှေ့မှာရပ်ကာ ဂျဲလ်ဘူးဖွင့်လျက် သူ့ဆံပင်တွေကို Alter ပုံထောင်ရင်း ထိုစကားကို သီချင်းလုပ် ညည်းလျက်ရှိလေသည်။ ပြီးတော့ ဘော်ဒီစပရေးကို တရှိုးရှိုး ဖျန်းကာ မီးပူကော့နေအောင်တိုက်ထားသော ဂျင်းဘောင်းဘီနှင့် တီရှပ်ကို လှမ်းယူဝတ်ဆင်လိုက်ပါသည်။

ခုမှပဲ သူလည်း လူပျိုလေးပီပီ ရှိုးထုတ်ခွင့်ပြန်ရပါသည်။

"ဒါက ဘယ်သွားမလို့လဲ"





www.foreverspace.com.mm

မိုးကျော်က လှမ်းမေးတော့ ညီငယ်က မှန်ရှေ့မှာ ရပ်ကာ ရှုထောင့်အမျိုးမျိုးပြောင်းကြည့်နေရင်းက…

"သားသားလေးဆီသွားမှာလေကွာ၊ ငါ့သားသားလေးကို လွမ်းလို့ သွားကြည့်မှာ"

"သားသားလေးကိုမှ ဟုတ်ရဲ့လား၊ ငါထင်တာတော့ သားသားရဲ့ မွေးစားမေမေဆီပဲ ဖြစ်လိမ့်မယ်"

"ကြည့်လည်းသွား၊ လမ်းမှာ ကားတိုက်သေနေဦးမယ်"

ညီငယ်က သူတို့ပြောသမျှကို မသိချင်ယောင်ဆောင်ရင်း လေတစ်ချက်ချွန်ကာ အိမ်မှထွက်မည်ပြင်ဆဲ မိုးကျော်က ချောင်းဟန့်ကာ…

"အဟမ်း…ငါတို့လည်း အားရင် မေပျို့ဆီသွားဦးမယ်"

"ဘာသွားလုပ်မှာလဲ…မင်းတို့က…"

"သွားပြောမှာလေ…ညီငယ်ဟာ ကလေးအဖေအစစ် မဟုတ်ပါဘူးလို့ သွားပြောမှာ"

"ဟော့ကောင်တွေ…မင်းတို့…"

"ဘာဖြစ်ရတာလဲ…မင်းက…"

ညီငယ်က အတည်မှန်း နောက်ပြောင်မှန်းမသိသော ထိုစကားအတွက် စိုးရိမ်လာကာ…

"မင်းတို့ပါးစပ်တွေ ကြပ်ကြပ်ပိတ်ထားနော်၊ မေပျို့ကို ဒီကိစ္စ ဘာမှသွားပြောဖို့မလိုဘူး၊ မင်းတို့သွားပြောရင် ငါနဲ့ အတွေ့ပဲ"

"ငါတို့ပြောလို့ မေပျိုသိသွားရင် ပိုမကောင်းဘူးလား၊ မင်းကို လူပျိုလေးမှန်းသိမှ ပိုပြီး အလားအလာရှိမှာ မဟုတ်ဘူးလား"

"မေပျိုက အဲဒီလိုမျိုးမဟုတ်ဘူး မိုးကျော်၊ ငါ လိမ်ထားမှန်းသာသိရင် သူ့ဆီသွားလို့ရမှာမဟုတ်တော့ဘူး၊ ကလေးအတွက် ငါ ထောက်ပံ့နေတဲ့ စရိတ်စကတွေကိုလည်း လက်ခံမှာ မဟုတ်တော့ဘူး"

"မင်းက ကြောက်တယ်လား"

"ကြောက်တယ်ကွ၊ ငါ သူ့ကိုနည်းနည်းကြောက်သလိုပဲ"

"မေမို့လို ဆတ်ဆတ်ကြဲတောင် မင်းမကြောက်ဘဲနဲ့"

"မတူဘူးကွ၊ ငါလည်း သိပ်မပြောတတ်ဘူး၊ တောင်းပန်တယ်ကွာ... သူငယ်ချင်းတို့ရာနော်၊ ဒီတစ်ခါ အသွားဆိုက ပိုက်ဆံလာရင် မင်းတို့ကြိုက်တာ ဝယ်ပေးပါ့မယ်၊ မင်းတို့ ပါးစပ်ကိုတော့ လုံလုံပိတ်ထားကြပါ"





ညီငယ်က မိုးကျော်တို့ကို လက်သီးထောင်ပြခဲ့ပြီး မေပျို့ဆီထွက်လာခဲ့ပါသည်။ လမ်းမှာ ကလေးအတွက် နို့မှုန့်ဘူး၊ ပေါင်ဒါ၊ Loction တွေဝင်ဝယ်ရင်း ဖိုးသားနဲ့ မိချောအတွက် အဝတ်အစားတချို့၊ စားစရာတချို့နှင့် မေပျို့အတွက် ပါတိတ်တစ်စုံပါ ဝယ်လိုက်သည်။

သူ မေပျိုတို့အိမ်ရှေ့ရောက်တော့ သနပ်ခါးအဖွေးသားလိမ်းကာ အဝတ်အစား သစ်သစ်လွင်လွင်ဝတ်ထားသော ဖိုးသားနှင့် မိချောကို တွေ့ရသည်။

"ဖိုးသားတို့ ဘယ်သွားကြမလို့လဲ"

"ဘုရားသွားမလို့"

"အမယ် တယ်ဟုတ်ပါလား၊ ဘယ်သူနဲ့သွားမှာလဲ"

"မမပျိုနဲ့"

"ဟုတ်လား... မမပျိုက အခု ဘယ်မှာလဲ"

"အိမ်ထဲမှာ ကလေးသိပ်နေတယ်၊ ကလေးအိပ်ရင် ဒေါ်ကြီးတင်က ကြည့်ပေးမှာ၊ မမပျိုက သားတို့ကို ဘုရားလိုက်ပို့မှာ၊ မုန့်တွေလည်း ဝယ်ကျွေးဦးမှာတဲ့"

သူက ဖိုးသားတို့နှင့် စကားပြောနေဆဲ ပျိုက အိမ်ထဲမှထွက်လာကာ...

"ဟော . . . ကိုညိုငယ်"

"ညိုငယ်ပဲခေါ်ပါဗျာ"

"အင်း . . . ညိုငယ် ကလေးဆီလာတာလား၊ ကလေးက ခုပဲ အိပ်သွားတာ၊ နိုးတဲ့အထိ စောင့်မလား"

"ကလေးကအိပ်ရင် ကြာသားပဲ၊ ကျွန်တော့်ကားနဲ့ ပျိုတို့ကို ဘုရား လိုက်ပို့ပေးမယ်၊ ပြန်လာရင် ကလေးနိုးတာနဲ့ အတော်ပဲပေါ့"

"နေပါစေ . . . ပျိုတို့ဘာသာပဲ ဘတ်စ်ကားစီးသွားလိုက်ပါ့မယ်၊ ကလေးတွေလေ . . . ဘုရားသွားချင်တယ်၊ ကစားကွင်းလည်းသွားချင်တယ် ပူဆာနေတာကြာပြီ၊ ပျိုမအားတာနဲ့ လိုက်မပို့ရတာ၊ ကြည့်ပါဦး . . . လျှောက်လည်ရမယ်ဆိုလို့ ပျော်နေတာပဲ၊ သူတို့က ရှင်သားလေးကိုပါ ခေါ်သွားချင်တာ၊ ကလေးက နုနုလေးမို့လို့ ပင်ပန်းမှာစိုးတာနဲ့ထားခဲ့ရတာ၊ စိတ်တော့မဖြောင့်ဘူး၊ ဒေါ်ကြီးတင်ကတော့ စိတ်ချရပါတယ်၊ ကဲ . . . ပျိုတို့သွားလိုက်ဦးမယ်နော်၊ ရှင်လည်း ကလေးနားမှာပဲ အေးအေးဆေးဆေးထိုင်စောင့်နေလိုက်ပါ"





"ကျွန်တော် လိုက်ပို့ပေးပါရစေဗျာ၊ လာပါ . . . ဘတ်စ်ကားတွေက အရမ်းကြပ်တာ၊ ကလေးတွေကလည်း နေရာစုံသွားချင်ကြတာနဲ့ မိုးချုပ်တောင် အိမ်ပြန်ရောက်မှာ မဟုတ်ဘူး၊ ခင်ဗျားပြန်မလာခင် ကလေးနိုးလို့ငိုနေရင် ကျွန်တော်လည်း အခက်တွေ့မယ်အတူတူ မြန်မြန်ပြီးအောင် လိုက်ပို့ပါရစေ"

"မမပျို သားလည်း ဦးဦးကားနဲ့ သွားချင်တယ်"

ဖိုးသားကလည်း ပူဆာ၊ မိချောကလည်း ကားကို သဘောတကျ လှည့်ပတ်ကြည့်နေတာမို့ မေပျိုက ညိုငယ့်ကားပေါ် လိုက်လာခဲ့လေသည်။

ညိုငယ်သည် ကလေးတွေကို ဂရုတစိုက်လိုက်ပို့နေသော ပျိုကိုကြည့်ရင်း စိတ်ချမ်းသာရသည်။ အပျိုကလေးရယ်လို့ ထွေထွေထူးထူး ပြင်ဆင်တာလည်းမရှိ။ သဘာဝအတိုင်း ပန်းသွေးရောင်စိုနေသော နှုတ်ခမ်းလေးက နူးညံ့ပြုံးချိုနေကာ ကလေးတွေကိုကြည့်သော အကြည့်တွေက ကြည်လင်တောက်ပနေသည်။ ဖြူလဲ့လဲ့ရှပ်အင်္ကျီလေးနှင့် လုံချည်အနက်ကို ရိုးရိုးမှိန်မှိန် ဝတ်ဆင်ထားကာ ဆံပင်တွေကိုတော့ သူ့ထုံးစံအတိုင်း အလွယ်တကူ နောက်လှန်စည်းထားသည်။ သူမစိတ်ထားက နူးညံ့

သလောက် ခန္ဓာကိုယ်ကတော့ မပျောမန္ဒ ထောင်မတ်သွက်လက်နေပါသည်။ သူမထံမှာ နူးညံ့ခြင်းနှင့် ကြံ့ခိုင်ခြင်းတို့ အားပြိုင်နေသည်။

ဘုရားပေါ်ရောက်တော့ ဘုရားကန်တော့ကြပြီး ကလေးနှစ်ယောက်က ရင်ပြင်တော်ပေါ်မှာ လျှောက်သွားနေကြသည်။ မေပျို့က ကလေးတွေကိုလှမ်းကြည့်ရင်းက ညီငယ်အနားမှာ ဝင်ထိုင်ရင်း…

"ရှင် အိမ်ဘယ်တော့ပြန်မှာလဲ ညီငယ်"

"ဗျာ…"

မထင်မှတ်သောမေးခွန်းမို့ ညီငယ်က ပျို့ကို တအံ့တသြကြည့်မိသည်။ ပျို့… သူ့ရဲ့ ငွေလဝန်း…။ သူမက သူ့ကို နွေးထွေးစွာကြည့်ပါသည်။

"ရှင် ဘာအကြောင်းနဲ့ အိမ်ပေါ်က ဆင်းလာတယ်ဆိုတာတော့ ကျွန်မမသိပါဘူး၊ ဒါပေမယ့် ပျို့ ရှင့်ကို တစ်ခုပဲ ပြောချင်တယ်၊ ရှင်က ကိုယ့်ရဲ့အကြီးမားဆုံး ကံကောင်းမှုကြီးကို တန်ဖိုးမထားတတ်တဲ့သူပဲ"

"ပျို့ ဘာကိုဆိုလိုချင်တာလဲ"





"ဟိုမှာကြည့်စမ်း ညီငယ်၊ ဖိုးသားနဲ့ မိချောကိုကြည့်ပါ၊ ဘယ်လောက်သနားစရာကောင်းတဲ့ ကလေးတွေလဲလို့၊ ဖိုးသားဆို အမေရင်းရဲ့စွန့်ပစ်မှုကိုခံရတယ်၊ မိချောဆိုလည်း အဖေမရှိတော့တဲ့အပြင် အမေက သူ့အိမ်ထောင်နဲ့သူ၊ မိချောကိုလည်း ဂရုမစိုက်နိုင်တော့ဘူး၊ အဲဒီကလေးတွေကို စောင့်ရှောက်ထားရတဲ့ ပျို့မှာလည်း မိဘတွေမရှိကြတော့ဘူးလေ၊ ရှင်မသိသေးလို့ပါ၊ လောကမှာ မိဘနှစ်ပါးစလုံး မရှိတော့တဲ့၊ ဒါမှမဟုတ်ရင်လည်း မိဘရဲ့စွန့်ပစ်ခြင်းခံရတဲ့ ကလေးတွေရဲ့ အားကိုးရာမဲ့တဲ့ခံစားမှုမျိုးကို ရှင်မခံစားဖူးသေးလို့ ရှင့်မှာရှိနေသေးတဲ့ မိဘနှစ်ပါးကို ရှင်တန်ဖိုးမထားတာပါ…"

သူမအကြည့် သူမစကားတွေက သူ့ကို တခဏချင်း လွှမ်းမိုးသွားနိုင်ပါသည်။ သူက ငိုင်တွေနေမိရင်း ဖေဖေနဲ့မေမေကို မြင်ယောင်လာသည်။ ဖေဖေက အလွန်ထက်မြက်ပြီး စီးပွားရေးလောကမှာ ထင်ရှားအောင်မြင်သူ၊ မေမေကလည်း ဖေဖေရဲ့ ပါရမီဖြည့်ဖက်ကောင်းပီသသူဖြစ်ပါသည်။ မိဘတွေက ကြိုးစားသလောက် ညီငယ်က ဘာအလုပ်မှမည်မည်ရရမလုပ်ချင်ဘဲ ပျင်းရိ

www.foreverspace.com.mm



ပျိုကာ…ပျိုကာ ဒီလိုပဲ ပျို့ဘဝတစ်လျှောက်လုံး ကလေးတွေနဲ့ အချိန်ကုန်သွားတော့မှာလား၊ ဟိုလေ ကျွန်တော်ပြောတဲ့သဘောက ရည်းစားတွေဘာတွေထား၊ အိမ်ထောင်တွေဘာတွေ မပြုတော့ဘူးလားလို့"

ပျိုကာ ပြုံးလိုက်မိရင်း…

"ဒါကတော့ မပြောနိုင်သေးဘူးလေ"

"ပျိုကာ ဘယ်လိုလူမျိုးကို ရွေးချယ်မှာလဲ"

"အဓိကကတော့ အတ္တမကြီးတဲ့သူမျိုးဖြစ်ရမှာပေါ့၊ ကဲ…ခုလောက်ဆို ကလေးလည်း နိုးလောက်ပြီ၊ ပြန်ကြရအောင်၊ မိချောရေ…ဖိုးသားရေ…လာ…လာ ပြန်ကြမယ်၊ ညီညီလေးနိုးနေရင် ငိုနေဦးမယ်"

ပျိုကာ ကလေးတွေကိုလှမ်းခေါ်ရင်း စကားစဖြတ်ပစ်လိုက်တာမို့ ညီက ဘာမှဆက်မေးခွင့် မသာတော့ချေ။

ညီငယ်က ရင်ထဲမှာ တစ်စုံတစ်ရာသယ်ဆောင်ကာ သူမနောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ရပါသည်။

Lu Na ရယ်…မင်းက…မြင့်မြတ်လွန်းပါတယ်"

❄ ❄ ❄



www.foreverspace.com.mm

## (၁၃)

"ဟဲလို…"

ဩရှရှဖေဖေအသံကြားတော့ ညီငယ်က တိတ်ဆိတ်နေကာ ဖုန်းခွက်ကို ခပ်တင်းတင်းဆုပ်ထားမိပါသည်။ ကိုယ်က အဖေကို တော်လှန်ပုန်ကန်ကာ လူပါးဝဝဆင်းချလာခဲ့ပြီးမှ ပထမဆုံးအကြိမ် ပြန်ဆက်သွယ်ရတာမို့ ရင်တော့ခုန်ပါသည်။ ဖေဖေ ဒေါသကိုလည်း သိနေတာမို့ ဒေါသတကြီး အော်ဟစ်ငေါက်ငမ်းခံရမှာကိုလည်း ကြောက်ရသေးသည်။

"ဟဲလို…ဟဲလို"

ဖေဖေက ဟဲလိုနှစ်ချက်ဆင့်ခေါ်သည်အထိ သူက ငြိမ်နေမိဆဲ။ ဖေဖေက ဒေါသထွက်လာပုံရကာ…

ပုညခင် စာအုပ်တိုက်

"ဟဲလို…ဟဲလို…ထူးနေတယ်လေကွာ၊ မကြားဘူးလား"

သူက ဆက်ငြိမ်နေတော့ ဖေဖေ့ဘက်က ခဏငြိမ်သွားသည်။ ပြီးမှ ခပ်ဆတ်ဆတ်လေသံဖြင့်…

"ဟိုကောင် ညီငယ်မဟုတ်လား"

သူ အံ့သြသွားမိပါသည်။ သူက ငြိမ်မနေရဲတော့ဘဲ…

"ဟုတ်ပါတယ် ဖေဖေ၊ ဖေဖေဘယ်လိုသိလဲ"

"မိဘပဲကွာ မသိဘဲနေပါ့မလား၊ မင်းတစ်နေ့ကျ ကြောက်ကြောက်နဲ့ ဖုန်းဆက်လာမယ်ဆိုတာ ငါသိတာပေါ့၊ ဘယ်လိုလဲ မင်း အချိန်ဖြုန်းလို့ အားရပြီလား"

"ဟုတ်ကဲ့၊ အဲ…မဟုတ်ပါဘူး၊ ဟိုလေ ဖေဖေ့ကို တောင်းပန်မလို့"

"ပါးစပ်က တောင်းပန်နေတာထက် အိမ်ပြန်လာပြီး ငါ့အလုပ်တွေ လာကူလုပ်တာက ပိုပြီးထိရောက်တယ် ညီ"

"လာတော့လာမှာပါ ဖေဖေ၊ ဒါပေမယ့် ခုတော့ မလာချင်သေးဘူး၊ ကျွန်တော့်ကို အချိန်နည်းနည်းထပ်ပေးပါဦး"

"ဖြုန်းဖို့ဆိုရင်တော့ မပေးနိုင်ဘူး ညီ၊ အချိန်ဆိုတာ တန်ဖိုးရှိတယ်ကွ"





"ကျွန်တော် အချိန်ဖြုန်းမလို့မဟုတ်ပါဘူးဖေဖေ၊ ပရဟိတအလုပ်ကလေးတွေ လုပ်ချင်လို့ပါ"

"ဘာ…မင်းက၊ ဟား…ဟား"

ဖေဖေက တဟားဟားရယ်တော့ သူရှက်ရွံ့သွားရသည်။ အားလုံးသိကြတဲ့အတိုင်း သူက သူ့တစ်ကိုယ်စာ သက်သက်သာသာ နေရဖို့ကိုသာ သိတတ်သူဖြစ်ပါသည်။

"ကျွန်တော် တကယ်ပြောနေတာ ဖေဖေ"

သူက လေးလေးနက်နက်ပြောနေတော့ ဖေဖေက ရယ်ရှိန်သတ်ကာ…

"ဆိုစမ်းပါဦး…မင်းကဘာလုပ်မှာလဲ"

"မိဘမဲ့ကလေးတွေကို ပြုစုစောင့်ရှောက်နေတဲ့လူတစ်ယောက်ကို ကူညီဝိုင်းဝန်းပေးမလို့ပါ"

ဖေဖေက ခဏငြိမ်သွားပြီးမှ…

"ကောင်းပြီ…လူငယ်တွေကို ဖေဖေအထင်မသေးပါဘူး၊ မင်းတကယ်လုပ်ချင်တယ်ဆိုရင်တော့ ခွင့်ပေးရမှာပေါ့၊ မင်းအိမ်ပြန်မလာခင်စပ်ကြားမှာ တစ်ခုတစ်ရာအကျိုးရှိအောင်တော့ လုပ်ခဲ့ပေါ့ကွာ…ဟုတ်လား"

“ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်”

“ဘာအတွက် ကျေးဇူးတင်ပြီး ဘာအတွက် တောင်းပန်ချင်တာလဲ”

“ကျွန်တော့်ကို ဒီအရွယ်အထိ ကျေးမွေးပြုစုစောင့်ရှောက်ပြီး လုံခြုံမှုပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဖေဖေ၊ တောင်းပန်တာက ကျွန်တော် ဖေဖေ့အပေါ် မသိတတ်ခဲ့မိတဲ့အတွက် အထင်မှားယွင်းခဲ့မိတဲ့အတွက်ပါ”

“ထူးတော့ ထူးခြားတယ် … ငါ့သား”

“ခင်ဗျာ”

“မင်း ဒီလိုစကားမျိုး ပြောလာတာ အရမ်းထူးခြားတယ်၊ အပြောင်းအလဲက အရမ်းမြန်လွန်းတယ်၊ မင်းဘဝမှာ တစ်ခုခုတော့ ထူးခြားနေပြီထင်တယ်၊ မင်းစိတ်ကို တစ်ယောက်ယောက်က ပြောင်းလဲစေခဲ့တာဖြစ်မယ်၊ အဲ့ဒီ တစ်ယောက်ယောက်ဟာ ရင့်ကျက်ပြည့်ဝတဲ့ မိန်းကလေး တစ်ယောက်ယောက်လည်း ဖြစ်နိုင်တယ်”

သိနိုင်လှချည်လား ဖေဖေရယ်။ သူက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်လို့သာ နေမိပါသည်။





“အဲ့ဒီ မိန်းကလေးဟာ မင်းချစ်သူ မေမိလည်း မဖြစ်နိုင်တာ သေချာတယ်ကွ၊ အိုကေ … ဘာပဲဖြစ်ဖြစ် အပြောင်းအလဲတွေက မင်းကိုရင့်ကျက်လာစေမှာ သေချာတယ်၊ မင်းကံကောင်းပါစေကွာ … Good Luck”

ဖေဖေက ဟောကိန်းကြီးထုတ်ပြီး ဖုန်းပိတ်သွားတော့မှ ညီငယ်က အိမ်မှာရှိနေသော ဘွားဘွားဆီ ဖုန်းခေါ်လိုက်ပါသည်။

“ဘွားဘွား … သားပါ”

“ပြော သားလေး၊ ပိုက်ဆံလိုနေပြီလား၊ ဘယ်လောက်ပို့ရမလဲ”

“သားအတွက်က မလိုပါဘူး ဘွားရ”

“အံမယ် တယ်ထူးဆန်းပါလား၊ အရင်တုန်းကဆို ဘွားဆီဖုန်းဆက်တိုင်း မုန့်ဖိုးတောင်းဖို့ချည်းပဲ”

“အခုက မုန့်ဖိုးတောင်းဖို့ မဟုတ်ပါဘူးဘွားရဲ့၊ အလှူခံမလို့ပါ”

“သဘောတရားချင်းက သိပ်မကွာဘူးမဟုတ်လား၊ ပိုက်ဆံထည့်ရတာချင်းအတူတူပဲလေ၊ စကားလှအောင် ပြောင်း

မပြောပါနဲ့ ငါ့မြေးရယ်၊ မုန့်ဖိုးဆိုလည်း ဘွားဘွားက ပေးမှာပါ"

"တကယ် အလျှုခံမှာပါ ဘွားဘွားရဲ့"

"ကဲ...ဒါဆိုလည်း ပြောစမ်းပါဦး၊ ဘာအတွက်လှူရမှာလဲ"

"သားအသိထဲမှာ စိတ်ထားအရမ်းကောင်းပြီး ပရဟိတလုပ်ငန်းတွေလုပ်နေတဲ့သူရှိတယ်၊ သူက မိဘမဲ့ကလေးတွေကို စောင့်ရှောက်နေတာ၊ အဲဒါ ဘွားက သူ့လိပ်စာနဲ့ အလှူငွေ ပို့ပေးရုံပါပဲ"

"ဘယ်လောက် လှူရမှာလဲ"

"စေတနာ ရှိသလောက်ပေါ့"

"အေးလေ...စေတနာကတော့ရှိပါတယ်၊ လိပ်စာကရော"

"သား ပြောပြမယ်...ဘွားလိုက်မှတ်..."

"အေး...အေး...ခဏ မျက်မှန်နဲ့ဘောလ်ပဲန်ယူလိုက်ဦးမယ်"

သူက နာမည်နှင့် လိပ်စာ ရွတ်ပြလိုက်ရင်း...

"ဘွား ငွေပို့ရင် အဲဒီလိပ်စာအတိုင်း 'ဒေါ်မေပျို၏ မိဘမဲ့ကလေးများသို့ မေတ္တာဖြင့်ကူညီငွေ' လို့ ရေးပေးလိုက်"

"ဒေါ်မေပျိုဆိုတာ အဘွားတို့လောက်ရှိပြီလား"





"အဘွားလောက်တော့ ဘယ်ရှိဦးမလဲ"

"ဒါဆို မင်းအမေအရွယ်တော့ ရှိလောက်ရောပေါ့"

"အင်း...အဟဲ...ဟုတ်တယ် ဘွားရဲ့"

သူ အမှန်အတိုင်းပြောလျှင် အဘွားက မယုံသကဲ့သို့ စပ်စုတော့မှာမို့ သူနက မြန်မြန်စကားစဖြတ်ရသည်။

"သားက အခုလိမ္မာနေပါပြီဘွားရဲ့၊ မကြာခင် အိမ်ပြန်လာပြီး ဖေဖေ့ အလုပ်တွေ ကူလုပ်တော့မှာ၊ ခုနပဲ ဖေဖေ့ဆီ ဖုန်းဆက်လိုက်ပြီးပြီ၊ နောက်နေ့မှ မေမေ့ဆီ ထပ်ဆက်လိုက်ဦးမယ်၊ သား ဖုန်းချလိုက်တော့မယ် ဘွား၊ ဘွားဘွား ကျန်းမာ ချမ်းသာပါစေ"

"အေး...အေးကွယ်၊ ဘွားလည်း မြေးကို လွမ်းလှပါပြီ"

သူက ဖုန်းချလိုက်ပြီး နောက်ဘက်သို့လှည့်လိုက်ရာ သူ့နောက်တည့်တည့်မှာရပ်လျက် သူ့ကိုလက်ပိုက်ကြည့်နေကြသော မိုးကျော့်နှင့် သေက်ကို တွေ့ရပါသည်။ ပြီးတော့ သူတို့ရဲ့ သံပြိုင်ကောင်းချီးပေးသံကြီး ထွက်ပေါ်လာလေသည်။

"တော်တော် တော်တဲ့အလှူခံပုဂ္ဂိုလ်ကြီး"

❋ ❋ ❋

www.foreverspace.com.mm

## (၁၄)

“အရမ်းအံ့ဩဖို့ကောင်းတာပဲသိလား၊ ပျို့ကိုဘယ်လိုသိပြီး ကူညီလိုက်တာလဲ မသိဘူး၊ ပျိုဖြင့် အရမ်းပျော်သွားတာပဲ ညီငယ်ရယ်၊ ဒီပိုက်ဆံနဲ့ဆို ချောကို အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုလည်း သင်ပေးလို့ရပြီ၊ ပြီးတော့ ပျိုလေ အခု ကလေးနှစ်ယောက်ထပ်မွေးစားထားတယ် သိလား၊ ကလေးက အမြွှာလေး၊ ခုနစ်နှစ် ရှိပြီ၊ ကျောင်းမထားနိုင်သေးဘူး၊ အဘွားကစောင့်ရှောက်ထားတာ၊ အခု အဘွားဆုံးတော့ အားကိုးရာမဲ့နေကြတာ၊ ပြီးတော့ သူတို့က ပျို့မျက်စိအောက်မှာ ကြီးလာတဲ့သူတွေလေ၊ ပျို့ကိုလည်း





www.foreverspace.com.mm

ခင်နေကြတာ၊ ပျိုအခု သူတို့ကို ကျောင်းထားပေးဖို့ စီစဉ်နေတာ”

ပျိုက ပျော်ရွှင်တက်ကြွစွာပြောနေတာမို့ ညီငယ်ထံသို့ပါ ထိုအပျော်က ကူးစက်လာပါသည်။ သူတစ်ပါးအတွက်ပျော်သော ထိုအပျော်ကြောင့်ပင် သူ့မျက်နှာလေးက ပိုပြီးကြည်လင်နုပျိုလာသည်။ မင်းမျက်နှာလေးဟာ ငွေလဝန်းလိုပါပဲလုနရယ်။

ညီငယ်က ပျို့ကိုပြုံးကြည့်နေမိဆဲ... ပျိုက စကားဆက်ပြန်သည်။

“ပြီးတော့လေ... ဟိုဘက်လမ်းထိပ်က ဆိုက်ကားနင်းနေတဲ့ ကောင်လေးတစ်ယောက်ရှိတယ်၊ ၁၆ နှစ်ပဲရှိသေးတယ်၊ ၁၀ တန်းကို ဒီသုံးခုနဲ့အောင်ထားတာသိလား၊ သူ့ကိုလည်း ပျိုကျောင်းထားပေးချင်တာ၊ ခုတော့ အဆင်ပြေသွားပြီ”

ညီငယ်သည် ပျို့ကိုတစိမ့်စိမ့်ငေးရင်း ဘယ်တုန်းကမှ မပျော်ဖူးသော အင်အားကြီးမားသည့် ပျော်ရွှင်ခြင်းကိုခံစားရလေသည်။ ပျော်ရွှင်မှုထဲတွင် ကြည်နူးခြင်းကပါ ပမာဏများများပါဝင်နေသေးသည်။ ပျို့အနားမှာနေပြီး ပျို့အတွက် ပျော်ရွှင်မှုတွေ

ဆောင်ကြဉ်းပေးနိုင်သူဖြစ်ချင်သည်။ ပြီးတော့ ပျို့ရဲ့ပျော်ရွှင်မှုတွေကိုလည်းမျှဝေယူချင်သည်။ ချစ်သူတစ်ယောက်အပေါ်တောင် မရှိခဲ့ဖူးသော စိတ်ခံစားမှုတွေက ညီငယ်ထံ ထူးဆန်းစွာ ရောက်ရှိလာပါသည်။

"ဪ… ဟိုနေ့က ရှင် ကလေးဖို့ ဝယ်လာတဲ့ပစ္စည်းတွေထဲမှာ ပါတိတ်တစ်ထည်ပါ ပါလာတယ်နော် ညီငယ်"

"ဟုတ်တယ် ပျို့။ ပျို့ဖို့ဝယ်လာတာပါ"

"ပျို့က အဲဒါမျိုး လှလှပပတွေ၊ ဝမ်းဆက်တွေမှ မဝတ်တတ်တာ၊ အဲဒါနဲ့ ညီငယ်ကိုပြန်ပေးလည်း မယူမယ် အတူတူ ဒေါ်ကြီးတင်ကိုပြန်ကန်တော့လိုက်တယ်၊ ဒေါ်ကြီးတင်က ပါတိတ်သိပ်ကြိုက်တာ၊ ညီငယ်လည်း ကုသိုလ်ရတာပေါ့"

ပျို့ရယ်… မင်းမှာ လှချင်ပချင်စိတ်ကလေး နည်းနည်းတောင်မရှိချင်ဘူးလားဟု သူကမေးချင်သည်။ ပြီးတော့ အနည်းငယ်ပွချင်နေသော ဆံပင်စတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်လည်စည်းပေးချင်သည်။

ညီငယ်သည် ကလေးကိုအကြောင်းပြကာ ပျို့ထံ





လာရင်း ပျို့ရဲ့မြင့်မြတ်မှုတွေကို တွေ့လာရလေသည်။ အမြဲသွက်လက်လန်းဆန်းနေသော ပျို့က ကလေးတွေ အားကိုးလောက်စရာ စိတ်ဓာတ်အင်အား ခိုင်မာသူ၊ ကရုဏာစိတ် ကြီးသူလည်းဖြစ်သည်။

ဘယ်အရာမဆို ကိုယ့်ဖို့ကိုယ်ရာသာ စဉ်းစားတတ်သော ညီငယ်ထံသို့ပင် သူမထံမှ မေတ္တာစိတ်တွေ ကူးစက်လာကာ ကလေးတွေရဲ့ ဝေယျာဝစ္စတွေကို ကူညီဆောင်ရွက်ပေးမိသည်။ ပျို့ စာသွားသင်လျှင် ညီငယ်က ကလေးတွေကို ကြည့်ပေးရမြဲဖြစ်သည်။ မိုးကျော်နှင့် သက်အောင်ကလည်း ရံဖန်ရံခါ လာပြီးကူညီတတ်သည်။

တစ်နေ့တော့ ညီငယ်က မိုးကျော်တို့ကို စည်းရုံးမိလေသည်။

"ငါတို့ အလှူခံ ထွက်ကြရအောင်ကွာ"

"ဘာ…"

မိုးကျော်တို့က ထုံးစံအတိုင်း မျက်လုံးပြူးကြီးတွေဖြင့် ကြည့်လာပါသည်။

"မင်းအဘွားအပြင် ဘယ်သူ့ကို အလှူခံချင်သေးလို့လဲ"

"ငါ့အဖေ သူငယ်ချင်းတွေ မိတ်ဆွေတွေထဲမှာ သူဌေးတွေ အများကြီးပါကွာ၊ ငါနည်းနည်းလောက် သွားပြောလိုက်ရင် လှူကြမှာပါ၊ သူတို့စိတ်ညွတ်လာအောင် ငါပြောနိုင်ပါတယ်၊ မင်းတို့လည်း အပြောကောင်းတာပဲ၊ မင်းတို့ပါ ကူပြောတော့ ပိုပြီးမြိုင်တာပေါ့"

"ဖြစ်ပါမလားကွ... အောက်ကျနောက်ကျ မနိုင်ဘူးလား"

"ဟာ... ဘာလို့ အောက်ကျရမှာလဲ၊ အပေါ်စီးကတောင် နေလို့ရသေးတယ်၊ ငါတို့က အကူအညီတောင်းတာမဟုတ်ဘူး၊ သူတို့ကို ကုသိုလ်ရခွင့်ပေးရတဲ့ အလှူခံပုဂ္ဂိုလ်တွေ...၊ ငါတို့ကိုတောင် သူတို့က ကျေးဇူးတင်ရဦးမယ်"

"မင်း ပြောလိုက်ရင်တော့ ညွှန့်နေတာပဲ"

"ငါပြောတာ မမှန်လို့လား၊ မင်းတို့ပဲစဉ်းစားကြည့်ပါဦး၊ ဒါ အများကောင်းကျိုးဆောင်ရွက်တာနော်၊ ငါတို့ဘဝမှာ သူများအကျိုးဆောင်တာ ဒါပထမဆုံးပဲ၊ ပျို့နဲ့ယှဉ်ရင် ရှက်ဖို့တောင် ကောင်းနေတယ်...၊

"အခုဆို ပျို့မှာ ကလေးငါးယောက်ဝန်ကို ထမ်းနေရတာ၊ သိပ်မကြာခင် မိဘမဲ့ဂေဟာအသေးစားလေး





တောင် ဖွင့်ချင်ဖွင့်နိုင်တော့မှာ၊ ပျို့သက်သာအောင် ဝန်ထမ်း ငှားဖို့တွေ ဘာတွေ စရိတ်စကရှိတယ်၊ ကလေးတွေ ကျောင်းစရိတ်၊ အဝတ်အစား၊ ထမင်းဟင်းအဆင်ပြေပြေ စားနိုင်ဖို့လိုတယ်၊ ပြီးတော့ ပျို့ကသွားရင်းလာရင်း ဟို ကလေးက ဘာဖြစ်လို့ ဒီကလေးက ဘယ်လို ဒုက္ခရောက် နေလို့ သူပဲ ရှာရှာဖွေဖွေ တွေ့ပဲတွေ့တတ်တယ်...၊

"သူ့ အကြောင်းသိတဲ့ သူတွေကလည်း တစ်ယောက်ယောက်ဒုက္ခရောက်ပြီဆို သူ့ဆီပဲ တွန်းတွန်း ပို့ချင်ကြတာ၊ နောက်ဆို ထစ်ခနဲရှိ သူ့ဘူတာပဲ လာဆိုက်ကြတော့မှာ သေချာတယ်၊ အဲဒါတွေကို ဒိုင်ခံကူညီဖို့ ရန်ပုံငွေတော့ လိုတယ်လေ"

မိုးကျော်တို့ကလည်း ပျို့အပေါ် စာနာကြသူများမို့ ညိုငယ်အစီအစဉ်ကို လက်ခံလိုက်ကြလေသည်။

နောက်တစ်နေ့မှာတော့ ညိုငယ်က ဦးဆောင်ကာ ဖေဖေ့သူငယ်ချင်း သူဌေးများအိမ်သို့ တစ်အိမ်တက်ဆင်း အလှူ လိုက်ခံလေသည်။

သူတို့ ပထမဆုံးရွေးချယ်လိုက်သောသူမှာ ဖေဖေ့

www.foreverspace.com.mm

သူငယ်ချင်း ရွှေဆိုင်သူဌေး ဦးဟုတ်ကျင်ဖြစ်သည်။ ဦးဟုတ်ကျင်မှာ အသားဖြူဖွေး မျက်စိမှေးပြီး ဗိုက်ရွဲကာ အရပ်ပုသူဖြစ်သည်။ လူကသာကြည့်မကောင်းသော်လည်း ပိုက်ဆံကျတော့ ကျိုကျိုတက်ချမ်းသာသည်။ သူက မန္တလေးရောက်တိုင်း ဖေဖေ့ဆီလာကာ ဟိုဗိုပါ ဒီဗိုပါ၊ ဟိုဟာလုပ်ပေးပါ ဒီဟာလုပ်ပေးပါနှင့် အခွင့်အရေးတွေ ကျုံးကျုံးယူသွားတတ်သူမို့ ညီငယ်က ကောင်းကောင်းကြီး မှတ်မိနေပါသည်။

ဦးဟုတ်ကျင်ကိုတွေ့တော့ မိုးကျော်တို့က ညီငယ်ကို တံတောင်နှင့် တွတ်ကာ...

"ဟော့ကောင်... မင်းအဘိုးကြီးရုပ်ကြည့်ရတာတော့ သဒ္ဓါတရား ပြည့်ဝတဲ့ပုံမပေါ်ဘူးနော်"

"အသာနေစမ်းပါကွာ... ဖေဖေ့မျက်နှာရှိပါတယ်"

ဦးဟုတ်ကျင်က သူတို့ကိုတွေ့တော့ သူ့မျက်လုံးကျဉ်းကျဉ်းလေးတွေကို ပြူးပင့်ကြည့်ရင်း...

"ညီငယ်ပါလား... ဘယ်တုန်းက ရန်ကုန်ရောက်လဲ"

"ကြာပါပြီ ဦး..."

"ကဲ ပြော... ဦး ဘာအကူအညီပေးရမလဲ"





"ဦးဆီက အလှူခံချင်လို့ပါ"

"ဟော... ဘာအတွက်တုန်းကွ"

"ဒီလိုပါဦး...၊ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး မိဘမဲ့ဂေဟာ အသေးစားလေးတစ်ခုဖွင့်ဖို့ ကြိုးစားနေလို့ပါ၊ အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံရတဲ့ ကလေးတွေ၊ မိဘမဲ့ကလေးတွေရဲ့ ဘဝဟာ အရမ်းသနားဖို့ကောင်းပါတယ် ဦး"

"ဒါကတော့ သူ့ဘဝနဲ့သူ့အကြောင်းပဲကွယ် မဟုတ်ဘူးလား၊ သူ့ကံကိုက ဒီဘဝမှာ ဒီလိုဖြစ်ရမယ်လို့ ပါလာပြီးသား၊ ဒါ ထူးတော့မထူးဆန်းပါဘူး၊ ကဲပါ ထားလိုက်ပါတော့၊ မင်းက ဦးမင်းညီသားဖြစ်နေတော့လည်း ဦးဘက်က အလှူငွေထည့်ရမှာပေါ့၊ ဒီမှာ ငွေ ငါးသောင်းထည့်လိုက်မယ် ဟုတ်ပြီလား"

ညီငယ်တို့သုံးယောက်မှာ ဦးဟုတ်ကျင်ကို ချဉ်သွားသော်လည်း အလှူငွေပမာဏကများတာမို့ အောင့်သက်သက်နှင့်ပင် လက်ခံလိုက်ရပါသည်။

"အလကားအဘိုးကြီး၊ နှလုံးသားမရှိတဲ့လူကြီး၊ သူလည်း

ကံကောင်းလို့သာ ဒီဘဝမှာချမ်းသာနေတာ၊ နောက်ဘဝကျ လမ်းဆုံလမ်းခွမှာ တောင်းကလေးနဲ့ထည့်ပြီး အပစ်ခံရမှာ သေချာတယ် ...။

"ပြီးတော့ အနားမှာ ခွေးတွေကလည်း ဟောင်၊ ကျီးတွေကလည်းဝဲ၊ ဟိုဘဝမှာလည်း ဒီလိုဥပမိမျိုးနဲ့ဆို ဘယ်သူမှ ကောက်မွေးချင်မှာ မဟုတ်ဘူး"

သုံးယောက်စလုံး ပွစိပွစိပြောလာကာ နောက် တစ်အိမ်သို့ ဆက်လက်ချီတက်လာသည်။

နောက် တစ်အိမ်ကတော့ ညိုငယ် အကြောင်း ကယနကာသိထားသော သစ်ကုမ္ပဏီသူဌေး ဦးဇော်ရှင်ရဲ့အိမ် ဖြစ်ပါသည်။ သူကတော့ ညိုငယ့်ကို မြင်မြင်ချင်း ဆောက်နဲ့ထွင်းပါသည်။

"ဖိုးညိုပါလား၊ မင်းသတင်းကတော့ မွှေးနေတာပဲဟေ့၊ အလုပ်လုပ်ရမှာပျင်းလို့ အိမ်ပေါ်ကဆင်းသွားပြီး သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလား သက်သာကျိုးပြီး နေနေတယ်ဆို၊ မင်းအဘွား ပိုတဲ့ပိုက်ဆံနဲ့ ဓိမ်ရှိရှိ နှပ်နေတယ်ဆို"





ညိုငယ်မှာ ကြားရသောစကားအတွက် ရင်ဆို့ရသော်လည်း လိုရင်းကိုတော့ ထိထိမိမိ ပြောရပါသည်။

"အခု ပေါကြောမနေတော့ပါဘူး အန်ကယ်ရဲ့၊ ပရဟိတ လုပ်ငန်းလေးတွေ လုပ်နေပါတယ်"

"အံမယ် ... မင်းက ... ဟောဟော ထူးတော့ ထူးဆန်းသား ကွ ... "

ဦးဇော်ရှင်က လှောင်ပြောင်သရော်ဟန် ရယ်သွမ်းသွေးလိုက်ပါသည်။

"ဘာဖြစ်လို့ပါလဲ အန်ကယ်"

"ပြော်ကွာ ... ဖိုးညိုရာ၊ မင်းအကြောင်း ငါ တော်တော် သိပါတယ်၊ မင်းအဖေကလည်း ငါ့ကို ပြောပြောပြပါတယ်၊ ကိုယ့်အကျိုးအတွက် ကိုယ်အလုပ်လုပ်ဖို့တောင် ပျင်းရိနေတဲ့ မင်းလိုလူက ပရဟိတ လုပ်တယ်ဆိုတော့ ထူးဆန်းတာ ပေါ့ကွ ... "

"တကယ်ပါ အန်ကယ် ...၊ ယုံပါ ... ကျွန်တော် မညာပါဘူး၊ အရမ်း သနားစရာကောင်းတဲ့ ကလေးတွေကို ကျွန်တော်တို့ ပြုစုစောင့်ရှောက်နေတာပါ၊ အန်ကယ် မယုံရင် လိုက်ကြည့်နိုင်ပါတယ်"

"လိုက်ကြည့်ပြီးရင် ငါက ဘာလုပ်ရမှာလဲ"

"အန်ကယ် စေတနာရှိသလောက် ပံ့ပိုးကူညီလှူဒါန်းနိုင်ပါတယ် အန်ကယ်၊ အန်ကယ်ဟာ ဘယ်လောက် စာနာစိတ် ကရုဏာစိတ်နဲ့ ပြည့်ဝတယ်ဆိုတာကတော့ အန်ကယ် လှူတဲ့ ပမာဏပေါ်မှာ ပေါ်လွင်သွားမှာပါ ..."

"မင်း စကားက ချည်ပြီးတုပ်ပြီးသားပါလား၊ မင်းမုန့်ဖိုးလိုရင်လည်း တခြားနည်းလမ်း သုံးပေါ့ကွာ ..."

"ဟာ အန်ကယ် အဲလို အထင်မမှားပါနဲ့၊ ကျွန်တော် တကယ်ပြောနေတာပါ"

"ကဲပါကွာ ... ရော ... ရော ... မုန့်ဖိုးပဲဖြစ်ဖြစ် အလှူငွေပဲဖြစ်ဖြစ် ငါပေးလိုက်ပါမယ်၊ တစ်သိန်းယူသွား ..."

"အန်ကယ် မယုံကြည်ဘဲ ပေးတာဆိုရင်တော့ ကျွန်တော် မယူဘူး"

"ဒါဆိုလည်း မင်းသဘောပဲ"

ဦးဇော်ရှင်က ငွေထုပ်ကို စားပွဲပေါ် တင်ထားပေးပြီး သတင်းစာ ဖတ်နေသည်။ ညီငယ်က 'ရင့်လှချည်လား' ဟု တွေးကာ ထပြန်မည်ပြင်ဆဲ မိုးကျော်နှင့် ငသက်က ဝိုင်းပြီး လက်ကုတ်ကြလေသည်။





"ယူလိုက်ကွာ ... ယူလိုက်၊ သူဘာပြောပြော အလှူငွေရဖို့က အရေးကြီးတာပဲ၊ အပြောလည်း ခံရပြီးပြီ၊ မယူလိုက်ရင် ကိုယ်ပဲ နစ်နာမယ်"

နောက်ဆုံးတော့ ညီငယ်က မျက်နှာပြောင်ပြောင်နှင့်ပင် ထိုငွေထုပ်ကို လှမ်းယူကာ ...

"ဒီမှာ ယူသွားပြီနော် အန်ကယ်"

ဟု ပြောပြီး အမြန်ထထွက်လာရလေသည်။

သို့သော် ဘာပဲဖြစ်ဖြစ် ငွေတစ်သိန်းခွဲ ရသည့်အတွက်တော့ သူတို့ပျော်ပါသည်။ ထိုပိုက်ဆံတွေကို ပို့ထဲ ဘယ်လိုရောက်အောင် ပို့ရမည်ဆိုတာကို သုံးယောက်သား ခေါင်းချင်းဆိုင် တိုင်ပင်ကြရသည်။ နောက်တော့ မိုးကျော်ရဲ့ ဆိုင်နီးနားချင်း ဦးလေးကြီး တစ်ယောက်ကို အကူအညီတောင်းကာ အဝတ်အစား သစ်သစ် လွင်လွင် ဝတ်စေရသည်။ ထိုဦးလေးကြီးမှာကလည်း တန်ဖိုးကြီး အဝတ်အစား သိပ်မရှိတာမို့ ငသက်က သူ့ဦးလေးဆီက အာမခံကာ ငှားပေးရသည်။ ပြီးတော့ ကားတစ်စီးပါ ငှားပေးရကာ ချမ်းသာ၍ သဒ္ဓါတရားပြည့်စုံသော ပုဂ္ဂိုလ်ကြီးဂိုက်ဆိုက်အပြည့်ဖြင့် ပို့ထဲလွှတ်ကာ အလှူငွေ ထည့်ခိုင်းရလေသည်။

နောက်တစ်နေ့ သူတို့ ရောက်သွားတော့ ပျို့ကဝမ်းသာအားရ ဆီးပြောရှာပါသည်။

"မနေ့က အလှူရှင်တစ်ယောက် ရောက်လာတယ် ညိုငယ်၊ သူက ဒီရပ်ကွက်ထဲမှာ မေပျို့က မိဘမဲ့ကလေးတွေကို စောင့်ရှောက်နေတယ်လို့ သတင်းကြားတာနဲ့ လာကူညီတာပါတဲ့၊ သူက ဒီလိုပဲ မိဘမဲ့ ကလေးတွေအတွက် အလှူငွေ ထည့်နေကျတဲ့၊ သူကိုယ်တိုင်ကလည်း မိဘမဲ့ဘဝကနေ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားပြီး ခုလို ဘဝရောက်လာတာတဲ့၊ သူပြောတာ မိဘမဲ့ ကလေးတွေအတွက် သူလှူခဲ့တာ ဒါပါနဲ့ဆို ၁၉၉ ခါ ရှိပြီတဲ့၊ သူက ပြောရင်းနဲ့ သူ့ငယ်ဘဝကို သတိရပြီး မျက်ရည်တောင် ဝဲတယ်"

ဦးလေးကြီးတို့ ရှိုးချက်ကတော့ကွာ ... ။ ညိုငယ်နှင့် မိုးကျော်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးစိစိ။

ညိုငယ်သည် ပျို့အပျော်ကို မျှဝေခံစားနေဆဲ ရက်များ မကြာမီမှာပင် ဖေဖေက ဖုန်းဆက်လာခဲ့ပါသည်။

"ညိုငယ်ရေ ... မင်းအဖေ ငါတော့ မင်းကောင်းမှုကြောင့် ဟုတ်ကျင်နဲ့ ဇော်ရှင်ဆီ ပိုက်ဆံ တစ်သိန်းခွဲ လွဲပေးလိုက်ရတယ်ဟေ့ ... "





"ဗျာ ... "

"သူတို့ နှစ်ယောက်လုံးက ငါဆီ ဖုန်းဆက်ကြတယ်၊ မင်းက မုန့်ဖိုးလိုချင်လို့ သူတို့ဆီ မိဘမဲ့ ကလေးများ ရန်ပုံငွေဆိုပြီး အလှူလာခံလို့ တစ်ယောက်က ငါးသောင်း၊ တစ်ယောက်က တစ်သိန်း ပေးလိုက်ရပါတယ်တဲ့ ... "

"ဟာ ... ဖေဖေရာ ဒါ သူတို့ သက်သက် လုပ်လည်ကျတာပဲ၊ ထည့်တုန်းကတော့ အပေါ်စီးကနေ ထည့်လိုက်ပြီးတော့၊ သူတို့ ထင်သလိုလည်း မဟုတ်ဘူး ဖေဖေ၊ ကျွန်တော် တကယ် ပရဟိတ လုပ်နေတာပါ၊ ကျွန်တော့် ကိုယ်ကျိုး မပါပါဘူး ... "

"အေးလေ ... ဟုတ်မဟုတ်တော့ စောင့်ကြည့်ရသေးတာပေါ့၊ ကဲ ... ဒါပဲဟေ့"

ဖေဖေ ဖုန်းချသွားတော့ ညိုငယ်က ဦးဟုတ်ကျင်နဲ့ ဦးဇော်ရှင်ရဲ့ တင်တင်စီးစီး မျက်နှာနှစ်ခုကို မြင်ယောင်ကာ မခံချိမခံသာ ဖြစ်ကျန်ခဲ့ရလေသည်။

❋ ❋ ❋

www.foreverspace.com.mm

## (၁၅)

ညိုငယ်မှာ ဘယ်လို ကမောက်ကမတွေပဲဖြစ်ဖြစ် ပျိုကတော့ သူ့စိတ်ကူးတွေကို တက်ကြွစွာ အကောင်အထည် ဖော်နေပြီမို့ ညိုငယ်က ကျေနပ်ရလေသည်။

ပျိုသည် နောက်ထပ် ကလေးနှစ်ယောက် ထပ်မံ လက်ခံကာ အကူအမျိုးသမီးကြီး တစ်ယောက် ငှားလိုက်ပြီး စနစ်တကျ စီမံစောင့်ရှောက်သည်။ ညိုငယ် အဖေ အမည်ခံထားသော ကလေးကိုတော့ညိုငယ်က သီးသန့်ထောက်ပံ့ကာ ကလေးထိန်း တစ်ယောက် ငှားပေးထားသည်။

ညိုငယ်နှင့် ပျိုသည် ကလေးတွေကို ပြုစုစောင့်ရှောက်ကြရင်း ပိုမိုရင်းနှီးနွေးထွေးလာပါသည်။



www.foreverspace.com.mm



တစ်နေ့တော့ ညိုငယ်က ပျို့ကို ခေါ်ကြည့်ရင်း ...

"ပျို ..."

"ရှင် ..."

"ကျွန်တော် မကြာခင် အိမ်ပြန်ဖို့ ဆုံးဖြတ်ထားတယ်၊ ကျွန်တော့် မိဘတွေဆီကိုလည်း ဖုန်းဆက်တောင်းပန်ပြီးပါပြီ"

"ကောင်းတာပေါ့ ... ပျို ဝမ်းပါတယ်"

ပျိုသည် နှုတ်ဖျားကသာ ဝမ်းသာပါတယ် ပြောမိသော်လည်း ရင်ထဲမှာ တစ်စုံတစ်ခုအတွက် ဝမ်းနည်းမိသလိုပင်။ ပျိုက ကိုယ့်စိတ်ကို ကိုယ် ပြန်အံ့သြမိရပါသည်။ သူ့ဘဝအတွက် ကရုဏာ၊ သူ့အတွက် ထားမိသော စေတနာက ပျို့ထံမှာ တစိမ့်စိမ့် ဖြစ်တည်လာခဲ့သည်မှာ ပျိုကိုယ်တိုင်ပင် မသိလိုက်။

"ရှင် မိဘတွေဆီ ပြန်သွားရင် ကလေးလည်း အဘိုးအဘွား မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေရမှာ"

အဲဒီ ပြဿနာကိုတော့ ကျွန်တော် ဘယ်လိုဖြေရှင်းရမှန်း မသိသေးပါဘူး Lu Na ရယ် ...။ ညိုငယ်သည် ကလေးတစ်ယောက်ပိုက်ကာ အိမ်ပြန်သွားရမည့် အဖြစ်ကြီးကို တမင်

www.foreverspace.com.mm

မမေလျှော့ထားရသည်။ သူ အဲဒီလို ပြန်သွားခဲ့လျှင် မေမေကတော့ ဘယ်လိုနေမည် မသိ။ ဘွားဘွားကတော့ ရင်ဘတ်စည်တီးဖြစ်မှာပင်။ သူ လူတွေကို ဘယ်လိုရှင်းပြရမည် မသိပါ။

ပြီးတော့ ပျို့နဲ့ ခွဲရမှာကို တွေးမိလျှင် ရင်ထဲနင့်လာတတ်ပြီ။ ရဖန်ရခါ မေမီအကြောင်း တွေးမိလျှင်တော့ မောပန်းရုံမက အမောဆို့ချင်လာရတတ်ပါသည်။

"မိသားစုဆိုတာ တကယ် တန်ဖိုးထားအပ်တဲ့ အရာပါ ညီငယ်၊ ညီငယ့်ကို ကိုယ့်မိသားစုနဲ့ကိုယ် သိုက်သိုက်ဝန်းဝန်း နေစေချင်တယ်၊ ပျို့မှာတော့ အဲဒီလို နေချင်လို့တောင် နေလို့မရခဲ့ဘူးလေ၊ လောကအလယ်မှာ ငါတစ်ယောက်တည်းပါလားဆိုတဲ့ ခံစားမှုက ဘယ်လောက်ဆိုးတယ် မှတ်သလဲ ညီငယ်၊ ပျို့ အရမ်း ဒုက္ခရောက်ခဲ့ရတယ်၊ ဆွေမျိုးတွေဆီက မေတ္တာအစား လောဘတွေပဲရခဲ့တယ်၊ ပျို့ကို မေတ္တာနဲ့ စောင့်ရှောက်ရမယ့်အစား ပျို့ မသိနားမလည်စွာ ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာတွေကိုပဲ မက်မောတကြီး ယူသွားကြတယ် …၊

"ပျို့ရခဲ့တာက အိမ်နီးချင်း ဒေါ်ကြီးတင်ရဲ့ မေတ္တာ ပါ၊





www.foreverspace.com.mm

သွေးမတော် သားမစပ်တဲ့ သူတစ်ယောက်ရဲ့ မေတ္တာကြောင့် ပျို့ဘဝ လုံခြုံခဲ့ရတယ် …၊

"အဲဒါကြောင့်ပဲ မေတ္တာဆိုတာ သွေးမတော် သားမစပ်ဘဲလည်း အပြည့်အဝထားလို့ ရနိုင်တဲ့ အရာဆိုတာ ပျို့ နားလည်လာတယ်၊ ပျို့ မရခဲ့တဲ့အရိပ်ကို ကလေးတွေအတွက် ပေးချင်ခဲ့တာပါ …၊

"တစ်ခါတစ်ခါတော့ သူတို့ကို စောင့်ရှောက်ရင်း မေမေနဲ့ မေမေကို ပျို့ အရမ်းလွမ်းတယ်"

တိုးဖွညင်သာစွာ ပြောနေသော ပျို့ မျက်ဝန်းထဲမှာ မျက်ရည်တို့ အိုင်ဖွဲ့လာကာ အဆုံးမှာတော့ မျက်ရည်တစ်စက် ပါးပြင်ပေါ် လိမ့်ဆင်းလာပါသည်။

"ပျို့ရယ် …"

ညီငယ်သည် ကိုယ့်ခံစားချက်ကို ကိုယ်မထိန်းသိမ်းနိုင်မိမှာပင် ပျို့ပါးပေါ်က မျက်ရည်တစ်စက်ကို တို့သုတ်မိပြီးဖြစ်သည်။

ပျို့သည် ပျို့မျက်နှာဆီ လှမ်းလာသော သူ့လက်တစ်ဖက်ကို မရှောင်တိမ်းခဲ့မိ …။ ဘယ်သူ့ကိုမှ ရင်မဖွင့်ခဲ့မိဘဲ သူ့

ကိုမှ တိုင်တည်ရင်ဖွင့်မိသော ကိုယ့်စိတ်ကို ကိုယ် မသိနားမလည်စွာ အသာအယာ ငြိမ်သက်နေခဲ့မိလေသည်။

❊ ❊ ❊



www.foreverspace.com.mm

(၁၆)

"တီးတောင် … တီးတောင် … တီးတောင် … တီးတောင်"

"ဟဟ … ဘယ်လိုဖြစ်တာလဲ၊ သရမ်းလှချည်လား …"

ထိုနေ့မနက်စောစောမှာ ဘဲလ်သံက ဆူညံစွာ အဆက်မပြတ် ထွက်ပေါ်လာတာမို့ ညီငယ်တို့ သုံးယောက်လုံး အလန့်တကြား နိုးထလာရပါသည်။

"အံ့ရောကွာ … ဒီလိုဘဲလ်နှိပ်ပုံမျိုး ဘဝမှာ တစ်ခါမှ မကြုံဖူးပါဘူး …"

"အမြင်ကတတ်ကတတ်နဲ့ မဖွင့်ဘဲထားရင် မကောင်းရှိတော့မယ်"

"ဒါလည်း ကောင်းတာပဲ၊ ငါ့အသိထဲမှာလည်း ဒါမျိုး ကြမ်းတမ်းတဲ့သူ တစ်ယောက်မှ မရှိဘူး"

"တီးတောင် ... တီးတောင် ... တီးတောင် ... တီးတောင်"

"ဟာ ... ဟာ ... နှိပ်ပြန်ပဟာ၊ ဘယ်လိုများ ဖြစ်ရတာလဲ၊ ငါနော် ..."

သုံးယောက်ထဲမှာ နားငြီးမခံနိုင်ဆုံး မိုးကျော်က ဘယ်သူ့ကိုမှ သွားဖွင့်ပေးဖို့ လွဲချမနေတော့ဘဲ နားအေးပြီးရော ဝရန်းသုန်းကား ပြေးလွှားပြီး ဖွင့်ပေးလိုက်ပါသည်။

"ကိုမိုးကျော်ကြီး"

"ဟာ ... မေမိ ... ဘယ်တုန်းက ပြန်ရောက်လဲ"

"ခုပဲ ... ခုပဲ ရောက်တာ၊ အိမ်မှာ အထုပ်အပိုးတွေချပြီး ညီဆီ အမြန်ပြေးလာတာ၊ ဖုန်းမဆက်တာက တမင် Surprise လုပ်ချင်လို့လေ၊ ညီက အိပ်နေတုန်းပဲလား၊ အဲဒီလို အိပ်ပုတ်ကြီးတာတွေ မိ မကြိုက်တာပေါ့၊ သူ အခု အရင်လို ပျင်းနေတုန်းပဲလား ကိုမိုးကျော်"

"အင်း ... ခုတော့ မပျင်းတော့ပါဘူး ..."

မိုးကျော်က မေမိကို သဘောမကျသူမို့ ပြောသာ





ပြောရ ခပ်အင်အင် ...။ ဘဲလ်ကို ဒီလောက်ကြမ်းကြမ်းတမ်းတမ်း နှိပ်ခဲ့တဲ့ မေမိရဲ့ စိတ်ကိုလည်း သဘောမကျချင် ...။

"ညီရေ ... ညီ ..."

မိက ဘယ်သူ့ကိုမှ သိပ်ဂရုစိုက်လေ့မရှိသော သူ့ထုံးစံအတိုင်း မိုးကျော်ကို တိုက်မိတော့မတတ် အိမ်ထဲ ခပ်သွက်သွက် ဝင်လာသည်။

"ဟာ ... နေ ... နေပါဦး မေမိရဲ့၊ ကျွန်တော်တို့ ယောကျ်ားလေးတွေချည်း ဖြစ်သလိုနေနေတာ၊ ခဏလေး ... ရှင်းပါရစေဦး၊ ဟောကောင် ညီငယ် ထ, ထ ... ဒီမှာ မေမိ လာတယ်"

ညီငယ်သည် အံ့သြသော်လည်း ဝမ်းသာစိတ်မရှိဘဲ ထထိုင်ကာ ...

"မေမိရာ ... အကြောင်းမကြား ဘာမကြား ..."

"ညီကို အံ့သြစေချင်လို့ပေါ့ ... ကဲ အခု ညီမပျော်ဘူးလား ပြော ..."

"အင်း ... ပျော်ပါတယ်"

ညီငယ်က မှုသားသုံးရင်း စိတ်ရှုပ်တွေးနေသည်။



www.foreverspace.com.mm

www.foreverspace.com.mm



“ကြည့်စမ်း … ညီက ဧည့်ခန်းကြီးမှာ မွေ့ရာမပါ ဘာမပါ ထွက်အိပ်နေတာကိုး၊ ဖြစ်သလို နေနေတော့တာပါလား၊ ညီ့အိမ်မှာဆို ညီ ဒီလိုနေဖူးလို့လား၊ ကိုယ့်အခန်းနဲ့ကိုယ် ကျယ်ကျယ်ဝန်းဝန်း သီးသီးသန့်သန့် ဇိမ်ရှိရှိ နေနေတာ မဟုတ်လား၊ ခု ကြည့်စမ်းပါဦး ညီတို့တိုက်ခန်းက ညီ အခန်းတစ်ခန်းစာလောက်တောင် မကျယ်ဘူး၊ ကဲ … ကဲ သွား မျက်နှာသစ်လိုက်ဦး၊ ပြီးရင် မိတို့ အပြင်မှာ Breakfast ထွက်စားကြမယ်၊ ဒီနေ့ တစ်နေ့လုံး မိ လျှောက်သွားတဲ့ နောက်ကို ညီ လိုက်ပေးရမယ်၊ ညီကို ဒီနေ့ မိ ပိုင်တယ်”

“ဟာ … တစ်နေ့လုံးတော့ မရဘူး မိ …”

“ညီမှာ တခြား ဘာအလုပ်ရှိလို့လဲ …”

“ဟို … ကလေး … ဟိုဒင်းလေ …”

“ဘာလဲ ညီ၊ ဘာလို့ ထစ်အနေတာလဲ”

“အိပ်ရာ နိုးစမို့ အိပ်ချင်မူးတူး ဇဝေဇဝါကြီး ဖြစ်နေလို့ စကားတွေ မှားကုန်တာပါ မိရာ … ကလေးဆိုတာက ဟို …”



www.foreverspace.com.mm



“ဒီလို မမိရေ … ကလေးဆိုတာ မိုးကျော်ဆိုင်က ဝန်ထမ်းကောင်လေးတွေကို ပြောတာ၊ အဲဒီ ကလေးတွေကို သူက နေ့တိုင်းသွားပြီး ပြောဆိုသင်ပြပေးနေရတာ”

“ဪ … ဒီလိုအလုပ်တွေတောင် လုပ်တတ်လာပြီပေါ့၊ မဆိုးဘူးပဲ … ၊ ဒါဆို အတော်ပဲနော် မိကလည်း အလှပြင် ပညာ ဒီပလိုမာ ယူခဲ့တာ၊ မိ Beauty Salon ဖွင့်ရင် မိကို ညီ ကူရမယ်”

“ဟာ … အလှပြင်ဆိုင်ကြီးမှာ ကိုယ်က ဘာလုပ်ရမှာလဲ”

“management လုပ်ပေးပေါ့ …”

“မလုပ်ချင်ပါဘူးကွာ”

“မလုပ်ချင်လည်း လုပ်ရမှာပဲ၊ မိက ညီ့ချစ်သူလေ၊ မိ ပူဆာရင် ညီ လိုက်လျောရမှာပေါ့”

ချစ်သူဆိုတိုင်း ဘာမဆို လိုက်လျောရမှာလား မိ။ မိက ‘ချစ်သူ’ ဆိုတဲ့ စကားတစ်လုံးကို အသုံးချပြီး အကျပ်ကိုင်လွန်းတယ်။

ညီငယ်က စိတ်ထဲမှသာ ပြန်ပြောဖြစ်သည်။ ဖွင့်ဟပြောလိုက်လျှင် မိက မပြီးနိုင် မစီးနိုင် ပြဿနာလုပ်ဦးမှာကို ကြိုသိနေခဲ့လို့ပင်။

ထိုနေ့ တစ်နေ့လုံး ညိုငယ်က မိနောက်ကို တကောက်ကောက် လျှောက်လိုက်ရင်း မိအလုပ်တွေကို ကူညီ၊ မိကို ရုပ်ရှင်ပြ၊ ထမင်းအတူစား၊ သွားချင်သည့် နေရာတွေ လိုက်ပို့ဖြင့် မအားနိုင်တော့ချေ။

မိနှင့် အတူသွားနေရသော်လည်း သူ့စိတ်က ပျိုနှင့်ကလေးတွေဆီ ရောက်ကာ နောက်ဆံငင်နေသည်။ ဒီအချိန်ဆို ပျိုစာသွားသင်နေမလား။ ကလေးတွေရဲ့ ဝေယျာဝစ္စဖြင့် အလုပ်များနေမလား ...။

သူ့ နောက်ဆံငင်မှုကို မိကပင် ရိပ်မိကာ ...

"ညို ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ ..."

"မိ နောက်သာ လိုက်နေတယ်၊ ညိုစိတ်ကတခြားကို လွင့်နေသလိုပဲ၊ စိတ်မပါတဲ့ပုံက အရမ်းသိသာနေတယ်၊ မိပြန်လာတာကိုလည်း သိပ်လိုက်လိုက်လှဲလှဲ မရှိသလိုပဲ၊ ညို အသစ်တွေ့နေတာလား၊ မှန်မှန်ပြော ... မိကို မညာနဲ့"

"မဟုတ်ပါဘူး မိရာ ..."

"မိတော့ လုံးဝမသင်္ကာဘူး၊ ညိုကြည့်ရတာ အရင်ကနဲ့ မတူဘူး"





"မိ ထင်လို့ပါ"

မိက သူ့ကို တရားခံတစ်ယောက်ကို ကြည့်သော အကြည့်မျိုးဖြင့် မကြာခဏ ကြည့်လေသည်။ ဟိုအရင်ကတည်းက အဲဒီလို အကြည့်မျိုးကို သူ အလွန်စိတ်ပျက်ငြီးငွေ့ခဲ့ဖူးသည်။ မိက လွဲလို့ တခြားမိန်းမတစ်ယောက်ကို ခင်ရုံလေးတောင် မခင်ရဟူသော ပညတ်ချက်ဖြင့် မိက သူ့ကို ကျပ်တည်းစွာ ချုပ်ကိုင်ထားခဲ့သည်။ သူ့ဘဝမှာ တစ်မိန်းမိန်းမဆိုလို့ မိ တစ်ယောက်နှင့်သာ တရင်းတနှီး ပတ်သက်ခဲ့ဖူးပါသည်။ မိုးက သွက်လက်မြူးကြွသည်၊ ပွင့်လင်းသည်။ ပြီးတော့ ဒေါသကြီးသည်၊ မာနကြီးသည်၊ လောဘလည်းကြီးသည်၊ အတ္တလည်းကြီးသည်။ ဘာမဆို သူ့သဘောအတိုင်းသာ ဖြစ်စေလိုကာ တစ်ဖက်သားအတွက် ထည့်မစဉ်းစားတတ်သူ ဖြစ်သည်။ မိန်းမများများနှင့် မရင်းနှီးခဲ့ဖူးသော ညိုငယ်ကတော့ မိန်းမတိုင်း ဒီလိုချည်းပဲဟုသာ တွေးထင်သည်။ မိ သူ့အပေါ် အနိုင်ယူချင်တာတွေဟာလည်း မိန်းမ သဘောဝတစ်ခုဟုသာ ထင်သည်။

ခုတော့ သူက မိနှင့် ကွဲလွဲသော မိန်းမတစ်ယောက်ကို တွေ့ခဲ့ရပြီ။ ထိုမိန်းမကတော့ မိနှင့် ဆန့်ကျင်စွာ အတ္တနည်းလွန်း

ပြီး သူတစ်ပါးအတွက်သာ စဉ်းစားတတ်သူ၊ လောဘစိတ်နည်းကာ ရောင့်ရဲနိုင်သူ၊ ဒေါသစိတ်နည်းကာ မေတ္တာစိတ်ကြီးမားသူ ဖြစ်သည်။ ရိုးစင်းဖြူဖြောင့်သူဖြစ်သည်။ သတ္တိရှိသင့်သော ကိစ္စတွေမှာ သတ္တိရှိဝံ့သူ ရဲရင့်သူလည်း ဖြစ်သေးသည်။

ညီသည် မိကို ကြည့်ရင်း ပျိုအကြောင်းသာ စဉ်းစားမိလေသည်။ မိဆံပင် ညိုတိုတိုကောက်ကလိန်တွေကို အရင်က မျက်စိယဉ်ခဲ့သော်လည်း ခုတော့ ရှင်းလင်းစွာ သိမ်းဆည်းထားသော ပျိုဆံပင် နက်ဖြောင့်ဖြောင့်တွေနှင့် နှိုင်းယှဉ်ကာ အမြင်ရိုင်းနေသည်။ မိရဲ့ သည်းမခံနိုင်မှုတွေ၊ ကြမ်းတမ်းမှုတွေကို လန့်ကာ ပျိုရဲ့ သည်းခံခြင်းနှင့် နူးညံ့ခြင်းတွေကို တောင့်တမက်မောလာသည်။

ပျိုက ... ငွေလဝန်းဆိုရင် ...

မိက ... နေတစ်စင်းနဲ့ အလားတူပါသည်။

ညီငယ်က မိနှင့်အတူ ယိုးဒယားစာ စားရင်း အတွေးများကာ ယိုးဒယားငါးပိချက်ပန်းကန်ထဲ ဇွန်းနှင့် အားပါးတရ ထိုးခပ်ကာ စားလိုက်မိလေသည်။

"အား ... စပ်လိုက်တာ၊ စပ်တယ် ... စပ်တယ် ... ဖရူးရှီး ... ရှဲ၊ အားလားလား ..."





ညီငယ်က အလွန်အမင်း စပ်ကာ လျှာတန်းလန်းထုတ်လျက် ဖရူးဖရဲဖြစ်နေဆဲ မိက ရေခွက် လှမ်းမပေးဘဲ ...

"ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ၊ ညီစိတ်က ဘယ်ရောက်နေတာလဲ၊ ညီ လုံးဝပုံမှန်မဟုတ်ဘူး"

"အမလေးဗျာ စပ်ရတဲ့အထဲ ... ပေးပါ ... ရေခွက်ပေးပါ"

"မပေးဘူး ... အဲဒီအတိုင်းနေ"

"ဟာ ... ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ အားပါးပါး ... ပူလိုက်တာ၊ ညီလေးရေ ... ညီလေး ... ရေ ... ရေ ... ရေပေးပါ"

"ဟဲ့ ... နေပစေ ... မပေးနဲ့"

waiter လေးမှာ နှစ်ယောက်ကြားထဲလည်း မဝင်ရဲဘဲ ကြောင်တောင်တောင်ရပ်နေသည်။ မိက စားပွဲပေါ်ရှိသမျှ ရေသန့်ဘူးနှင့် ဖန်ခွက်များကို သူ့ဘက်သို့ ဆွဲယူသိမ်းဆည်းလိုက်ရင်း ...

"ပြောလေ ... ညီစိတ် ဘယ်ရောက်နေသလဲဆိုတာ မှန်မှန်ပြော"

"ရေ ... ရေ ... ရေပေးပါ၊ ရေအရင်ပေးပါ ဖရူး ..."

"မပေးဘူး ... ပြောမှပေးမယ်"

"မပေးလည်းနေကွာ"

ညိုငယ်သည် မီ တမင်ညစ်နေတာကို စိတ်ပျက်လာကာ စပ်စပ်နှင့် ထ,ထွက်လာခဲ့လေသည်။ ဆိုင်ထဲမှာလည်း လူတချို့ လှမ်းကြည့်နေကြပြီမို့ ရေသန့်ဘူးမှာပြီး စောင့်ယူဖို့ စိတ်မရှဲ။

ညိုငယ်က လမ်းတစ်ဖက်ခြမ်းဆီမှ စတိုးဆိုင်ဆီ ရေသန့်ဘူးသွားဝယ်ဖို့ စိတ်ကူးရကာ ကသောကမျော လမ်းဖြတ်ကူးလိုက်လေသည်။

"ကျွိ ... ကျွိ ..."

"ဟာ ... သေတော့မှာပဲ"

"ကားတစ်စီးလုံး မမြင်ဘူးလား"

သူ့ကို ကားတိုက်မိမလို ဖြစ်သွားတာမို့ ပတ်ဝန်းကျင်မှာ ဝရုန်းသုန်းကား ဆူညံသွားသည်။ ကားသမားက သူ့ကို လက်ဟန်ဖြင့် ဆဲဆိုကာ မောင်းထွက်သွားလေသည်။

မီက ဆိုင်ထဲမှပြေးထွက်ပြီး သူ့ထံရောက်လာကာ ...

"သေချာပြီ ... သေချာပြီ၊ ရှင် သစ္စာဖောက်ဖို့ ကြိုးစားနေတာ သေချာပြီ"

ဟု ဒေါသတကြီး ပြောတာမို့ သူက မီကို အံ့သြတကြီး လှည့်ကြည့်မိပါသည်။





"ဘာလဲ ... ဘာတွေပြောနေတာလဲ"

"ရှင် အခု ကျိန်စာရူးတော့မလို့ သိသိလေးပဲ လိုတော့တာလေ ညိုရဲ့၊ ရှင် ကိုယ်ကျိန်စာကိုယ် မမှတ်မိတော့ဘူးလား၊ မီကို သစ္စာဖောက်ရင် ကားတိုက်သေလို့ ညို ကိုယ်တိုင်ကျိန်ခဲ့တာ မဟုတ်လား ..."

ညိုသည် မီစကား မီအမူအရာ မီဒေါသ မီအတွေးအခေါ်တွေအတွက် အလွန်အမင်း စိတ်ပျက်သွားလေသည်။ ကိုယ်မှာဖြင့် ကံကောင်းလို့ ကားမတိုက်မိတာမို့ ခုထိ ရင်တွေပန်းတွေ တုန်နေတုန်း။ သူကတော့ သူ့ကျိန်စာကို သတိတရ နှစ်ထောင်းအားရ ဖြစ်နေသည်။ မီရဲ့ တစ်ကိုယ်ကောင်းစိတ်ဟာ ပိုပြီး မြင်သာထင်သာ ဖြစ်လာပါသည်။

မီအပေါ် စိတ်ပျက်ရခြင်းက လောလောဆယ် စပ်သည့် ဝေဒနာကိုပင် မေ့လျော့သွားစေသည်။

"ခုနတုန်းက ကားတိုက်သေလိုက်ရင်လည်း အကောင်းသား"

"ဘာပြောတယ်"

"ဟုတ်တယ်လေ ... အဲဒါမှ နားအေးသွားတာပေါ့၊ ကတ်သီး

ကာတ်သတ် လိုက်လိုက်မေးနေတဲ့ မေးခွန်းတွေကို မဖြေရတော့ဘူးပေါ့”

သူ မီးရှေ့က လှည့်ထွက်လာတော့ မိက တညီညီခေါ်ကာ အပြေးလိုက်လာချော့လေသည်။

အဲဒီလို ပြောချင်ရာပြော၊ လုပ်ချင်ရာ လုပ်တတ်သည့် မိအကျင့်ကို သူ ကြောက်နေခဲ့ပြီ။

❆ ❆ ❆



(၁၇)

“ညီ . . . အိမ်ပြန်တော့လေ၊ ဘာဖြစ်လို့ ခုလို နေနေမှာလဲ”

မိက စပြောလာတော့ သူက နှုတ်ဆိတ်နေလိုက်သည်။ သူ့ဆုံးဖြတ်ချက်ကို မိ မသိသေး။ သူကလည်း ပြောမပြဖြစ်သေးပေ။ မိ ဘာပြောမလဲ သူ နားထောင်ကြည့်ချင်သေးသည်။

“ညီ ခုလိုနေနေတာ အရမ်းနစ်နာတယ် သိလား၊ ဘာပဲပြောပြော ညီက တစ်ဦးတည်းသော သား၊ ညီ မိဘက ချမ်းသာတယ်၊ ညီမိဘရဲ့ စည်းစိမ်ကို ညီ ခံစားပိုင်ခွင့်ရှိတယ်၊ မိဘအိမ်ပေါ်မှာ ဇိမ်နဲ့နေရမယ့် အချိန်မှာ

ခုလို ခပ်စုတ်စုတ် တိုက်ခန်းတစ်ခန်း ငှားပြီး အနေဆင်းရဲ အစားဆင်းရဲ နေနေတော့ ညီအခွင့်အရေးတွေ ဆုံးရှုံးတာပေါ့၊

"ညီအဖေက ဒေါသက ကြီးကကြီးနဲ့၊ တော်ကြာ စိတ်ဆိုးပြီး အမွေတွေဘာတွေ ဖြတ်ပစ်လိုက်မှ ညီ ချောင်းထဲ ရောက်နေမယ်၊ ညီမှာ ရစရာရှိတဲ့ အမွေတွေက နည်းမှ မနည်းတာ၊ ဒါကို ဘာလို့ လက်လွှတ်ခံမလဲ၊ ရသင့်ရထိုက်တာတော့ ရမှဖြစ်မယ် မဟုတ်လား၊

"ပြန်ပါတော့ ညီရာ နော် ...၊ အိမ်ပြန်ပြီး ညီအဖေဆီမှာ တောင်းဆိုစရာရှိတာ တောင်းဆို၊ လုပ်ငန်းခွဲ တစ်ခုခု တောင်းပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ပေါ့၊ ညီအဘွားကလည်း ညီကို သိပ်ချစ်တာဆို၊ အဘွားမှာက စိန်တစ်ပြည်လောက်တောင် ရှိတာတဲ့၊ မီ ကြားဖူးတယ်၊ အဘွားဆီက အမွေဆိုလည်း ညီပဲ ရမှာ ...၊

"ညီ အိမ်ပြန်ပြီး လုပ်စရာရှိတာလုပ်မှ မီတို့ လက်ထပ်ဖို့ အဆင်ပြေမှာလေ၊ မီ့ကို တောင်းရမ်းတဲ့အခါ တင့်တင့်တယ်တယ် တောင်းရမ်းနိုင်မှ မီ့အိမ်ကလည်း ကြည်ဖြူမှာ၊ မီတို့ရဲ့ မင်္ဂလာပွဲကို အကောင်းဆုံး ဟိုတယ်





မှာ အခမ်းနားဆုံး လုပ်နိုင်ဖို့ကလည်း အရေးကြီးသေးတယ် မဟုတ်လား၊ မီတို့ လက်ထပ်ပြီးရင် သီးသန့်တိုက်၊ သီးသန့်အိမ်၊ သီးသန့် စီးပွားရေးနဲ့ နေနိုင်မှ ဖြစ်မှာ၊ ဒါမှ မီလည်း မီ့အသိုက်အဝန်းမှာ မျက်နှာပန်းလှမှာလေ ..."

ဘုရား ... ဘုရား ... အကြံကြီးပါပေ့ မီရယ်၊ ညီငယ်သည် မီ့ရဲ့ စိတ်ဓာတ်ကို လက်ဖျားခါသွားသည်။ သူ့ကို အိမ်ပြန်ဖို့ တိုက်တွန်းသော မိန်းမနှစ်ယောက်ရှိပါသည်။ ထိုမိန်းမနှစ်ယောက်ရဲ့ တိုက်တွန်းရသော အကြောင်းရင်းကတော့ အလွန်ကွာခြားလှပါသည်၊ သူက မီ့ရဲ့ စိတ်ကို စမ်းလိုတာမို့ ...

"မပြန်တော့ပါဘူး မီရာ ...၊ သူဌေးသား ဘဝနဲ့ မီ့ဘကို မှီခိုမနေချင်တော့ပါဘူး၊ ကိုယ့်မှာလည်း အစွမ်းအစရှိတယ်ဆိုတာ ပြချင်သေးတယ်၊ မီ့ဘအကူအညီ မယူဘဲ အလုပ်ကလေး တစ်ခု စလုပ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြည့်မယ်လေ ..."

"ညီ အရူးပဲ၊ ဘာလို့ စိတ်ကူးယဉ်ချင်ရတာလဲ၊ ညီဘာသာလုပ်နေလို့ ဘာအကြောင်းထူးမှာလဲ၊ ဘယ်လို ကြီးပွားမှာလဲ"

www.foreverspace.com.mm

"တဖြည်းဖြည်းတော့ ကြီးပွားမှာပေါ့ကွာ ..."

"မလွယ်ပါဘူး ... ငွေရင်းမရှိဘဲ ပံ့ပိုးမှုမရဘဲ လုပ်လိုက တော့ အိုပြီးသာ သေသွားမယ်၊ ကြီးပွားမှာကို မဟုတ်ဘူး"

"အဲဒီလောက်လည်း အထင်မသေးပါနဲ့ကွာ၊ ကိုယ့်မှာလည်း အစွမ်းအစရှိပါတယ်၊ ကိုယ့်အစွမ်းအစကို ယုံစမ်းပါ၊ ကိုယ်တို့ နှစ်ယောက် လက်ထပ်ပြီးရင် တိုက်ခန်းလေး တစ်ခန်းငှားနေပြီး သုညကနေ စ,ပြီး ကြိုးစားကြတာပေါ့၊ မကောင်းဘူးလား"

"မဖြစ်နိုင်ဘူး ..."

မိက စိတ်ဆိုးမာန်ဆိုး ထ,ရပ်ပါသည်။

"ညီ ကိုယ့်ကိုကိုယ် အထင်ကြီးပြီး အရူးထမနေပါနဲ့၊ ညီ အဲလိုလုပ်ရင် မိပါ ဒုက္ခရောက်သွားလိမ့်မယ် သိလား"

မိက ဒေါသတကြီး ပြောပြီး ပြန်သွားတော့ ညီငယ်က ပြုံးစိစိနှင့် ခေါင်းတညိတ်ညိတ် လုပ်နေမိလေသည်။

❄ ❄ ❄



www.foreverspace.com.mm

## (၁၈)

ညီအပေါ် အမြဲ သဲသဲယနှင့် စိုးရိမ်တကြီး ဖြစ်နေတတ်သော မိသည် တစ်နေ့တော့ ညီတို့မရှိခိုက် ညီငယ်တို့ အခန်းရှေ့သို့ ရောက်လာခဲ့ပါသည်။

ဖုန်းကလည်း ပျက်နေတာမို့ မိ လာမယ့်အကြောင်း ကြိုမပြောခဲ့ရ။ မိ ရောက်လာတော့လည်း သူတို့က မရှိကြပေ။

မိက သူတို့ ရှိလိုရှိငြား ဘဲလ်ကို အဆက်မပြတ် နှိပ်ကြည့်ပြီး အကြောင်းမထူးတာမို့ စာရွက်ပိုင်းကလေးမှာ မိ လာသွားကြောင်းရေးပြီး တံခါးမှာ ကပ်နေဆဲ တစ်ဖက်အခန်း တံခါးက ပွင့်လာပါသည်။ အိမ်ရှင်ဖြစ်ဟန်တူသူ အန်တီကြီးက မိကို စူးစူးစမ်းစမ်းကြည့်ကာ ...

ပုညခင် စာအုပ်တိုက်

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ်"

"ဩော် … ဒီအိမ်က ညီငယ်ဆီ လာတာပါ အန်တီ"

"ဩော် … ဟိုကလေးအဖေ ပေါက်စလေးကို ပြောတာထင်တယ်"

"ရှင် …"

"ဟိုကောင်လေး ချောချောလေး မဟုတ်လား၊ သူ့ဆံပင်လေးကို ဂျယ်လီလိမ်းပြီး ထောင်ထောင်ထားတယ်လေ၊ သူ့ကြည့်လိုက်ရင် ကလေးအဖေလို့ကို မထင်ရဘူးလေ"

"နေ … နေပါဦး အန်တီရယ်၊ ဖြည်းဖြည်းပြောပါ၊ ကျွန်မနားမရှင်းလို့ပါ၊ ကလေးအဖေဆိုတာက …"

"ဩော် … ငါ့တူမကြီးက မသိသေးဘူးထင်တယ်၊ အဲဒီကောင်လေးမှာက ကလေးတစ်ယောက် ရှိတယ်လေ၊ ကလေးအမေကတော့ စွန့်ပစ်သွားတယ်ဆိုလား ဘာလား သေသေချာချာတော့ မသိပါဘူး၊ အရင်ကတော့ အဲဒီကလေးတစ်ယောက်ကို သူတို့ သူငယ်ချင်းသုံးယောက် ဝိုင်းထိန်းနေကြတာပဲ၊ နောက်တော့ ဟိုနှစ်ယောက်ရဲ့ ကောင်မလေးတွေက အထင်မှားပြီး ညီငယ်တစ်ယောက်တည်း ထိန်းနေ





ရတာ ဒုက္ခတွေ များနေတာပဲ၊ တစ်နေ့တစ်နေ့ အဲဒီဘက်ခန်းက ကလေးငိုသံတွေ ဆူညံနေတာပဲ၊ အန်တီတို့လည်း နားအေးပါအေး မနေရပါဘူး"

"အခု … အခုကော အဲဒီကလေးက ဘယ်ရောက်သွားပြီလဲ အန်တီ"

"ခုတော့ ညီငယ်လည်း နောက်မိန်းမ ယူတော့မလား မသိပါဘူး၊ သူ့ကလေးကိုလည်း အဲဒီမိန်းကလေးပဲ ကြည့်ပေးနေတယ်ထင်တယ်၊ ခုလည်း သူ အဲဒီမိန်းကလေးဆီ သွားတာပဲ နေမှာပေါ့"

မိသည် ထိုနေရာမှာပင် ကြက်သေ သေသွားသည်။ လူကလည်း ဒေါသဖြင့် တုန်ယင်လာသည်။ ဒါကြောင့် ဖုန်းဆက်တုန်းက ကလေးငိုသံကြားခဲ့တာ၊ ညီ ဒီလောက် ဇာတ်လမ်းရှုပ်တတ်မှန်း မိ လုံးဝမသိခဲ့ရ။

"ဒီ … ဒီမှာ အန်တီ၊ အဲ … အဲဒီ မိန်းကလေးအိမ်ကို အန်တီ သိလားဟင်"

"ဟိုဘက် နောက်လမ်းထဲကတင်ကွယ် … အန်တီတော့ သေသေချာချာမသိဘူး၊ အင်း … ဒါပေမယ့် လမ်းထိပ်က



www.foreverspace.com.mm

ဆိုက်ကားဆရာတွေကတော့ သိမယ်ထင်တယ်၊ ညီငယ်က သူ့သူငယ်ချင်းတွေ ကားယူသွားရင် ဆိုက်ကား စီးပြီး အဲဒီ အိမ်ကို သွားတတ်တယ်၊ သွားမေးကြည့်လိုက်ပါ လား"

"ဟုတ်...ဟုတ်ကဲ့၊ ကျေးဇူးပါပဲ အန်တီ"

မိက တိုက်ခန်းလှေကားထစ်တွေပေါ် ဒေါသတကြီး နင်းဆင်းလာကာ ဆိုက်ကားဂိတ်ဘက်သို့ ခြေဦး လှည့်လိုက်ပါသည်။

❄ ❄ ❄



## (၁၉)

"ပွေ့ဖက်ခြင်းဆိုတာ ကလေးတွေကို စိတ်ဓာတ်မြှင့်တင် အားပေးမှု တစ်ခုပဲ ညီငယ်၊ ကလေးတွေကလည်း ပွေ့ဖက် ခံရတာကို နှစ်သက်လိုလားကြတယ်လေ၊ ကလေးတွေနဲ့ လက်ပွန်းတတီးနေတော့ ကလေးနဲ့ လူကြီးကြားမှာ နွေးနွေး ထွေးထွေး ပိုရှိတာပေါ့"

ပျိုက ကလေးတစ်ယောက်ကို ပွေ့ချီထားရင်း ပြောတာမို့ ညီငယ်က ကိုယ့်အဖေ အမည်ခံထားသော ကလေးကို လှမ်းခေါ်ချီပိုးထားလိုက်လေသည်။ ကလေးမချစ်တတ်သော သူပင် လျှင် ဟန်ဆောင်ရင်းကပဲ ကလေးတွေအပေါ် သံယောဇဉ် တွယ်

လာခဲ့ရပါသည်။ မိနောက်ကို လိုက်နေရသည့် တစ်ချိန်လုံးလည်း ပျို့နှင့် ကလေးတွေဆီပဲ စိတ်ရောက်နေခဲ့သည်။ မိဆီမှာ ပူလောင်ခဲ့သမျှတွေဟာ ပျို့ဆီရောက်တော့ ငြိမ်းချမ်းသွားပါသည်။

"ဟိုရက်တွေက ရှင် ဘယ်ပျောက်နေလဲ ညီငယ်"

"ဪ ... ဟိုလေ မန္တလေးက ကျွန်တော့် ဦးလေးလာလို့ အဲဒါ သူနဲ့ လျှောက်လိုက်နေရတာ ..."

ညီငယ်က ထစ်ထစ်ငေါ့ငေါ့ ပြောဆဲ ...

"မန္တလေးက ဦးလေးမှ ဟုတ်ရဲ့လား ညီ"

"ဟင် ... မိ ..."

ညီငယ်သည် မိကို အတွေ့မှာ လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားပါသည်။ မိက ခနဲ့ခနဲ့အပြုံးနှင့် သူတို့ဆီ လျှောက်လာသည်။ ပျို့က မျက်မှောင်ကလေးတွန့်လျက် ရူးရူးစမ်းစမ်း ကြည့်လာပါသည်။

"နိုင်ငံခြားက ရှင့်ချစ်သူ ပြန်လာလို့ လျှောက်လိုက်နေရတာ မဟုတ်ဘူးလား၊ ဘာလို့ အမှန်အတိုင်း မပြောတာလဲ၊ သူက ရှင့်ရဲ့ ဘာမို့လို့လဲ ..."

"ဟာ ... မိရာ ... မင်း ... ဘယ်ကနေ ဘယ်လို ..."





"ဒီမှာ ... ညီ"

မိက ဒေါသဖြင့် အော်လိုက်တာမို့ သူ လန့်ဖျပ်သွားပြီး ပျို့ကို အားနာသွားသည်။

မိက မျက်နှာနီရဲလျက် ဒေါသတကြီး ဖြစ်လာကာ ...

"ရှင် တော်တော် သစ္စာမဲ့တဲ့လူ၊ တော်တော် ရမ်းကားတဲ့သူ၊ ရှင် ဘယ်အချိန်ကတည်းက ဇာတ်လမ်းရှုပ်ထားလို့ ဒီကလေးကို ရ,ရတာလဲဟင်၊ ပြီးတော့ အခု နောက်ဇာတ်လမ်းတစ်ခု ရှုပ်နေပြန်ပြီ မဟုတ်လား"

"ဟာ ... ဟေ ... မိ ... မင်း မဟုတ်တာ မပြောနဲ့၊ ပျို့က ငါနဲ့ ဘာမှမဆိုင်ဘူးကွ၊ သူ့ဘာသာ မိဘမဲ့ကလေးတွေကို စောင့်ရှောက်ပေးနေတဲ့သူ ..."

"ဒါဆို ရှင့်ကလေးက မိဘမဲ့မို့လို့ သူ့ဆီမှာ ထားထားရတာလား ..."

"ငါတစ်ယောက်တည်း မနိုင်လို့ သူက ကူညီနေတာကွ"

"မေတ္တာနဲ့ ကူညီတာပေါ့လေ ..."

"မိ ... မင်းကွာ တော်ကွာ ..."

www.foreverspace.com.mm



ညိုငယ်သည် ပျိုရှေ့မှာ ရှက်ရွံ့ထုပုနေသည်။ ပျိုကတော့ ဘာမှဝင်မပြောဘဲ တည်တည်ငြိမ်ငြိမ် ရပ်ကြည့်နေပါသည်။

"ဒါ ရှင့်ကလေးပေါ့၊ ဟုတ်လား ... တကယ်ပဲလား"

မီက အတင်းအကျပ် မေးတော့ သူ ချက်ချင်းမဖြေနိုင်။ ပျိုရှေ့မှာမို့ အဖြစ်မှန်ကို မပြောရဲ။ မီကို သီးသန့်ခေါ်ထုတ်သွားပြီး အဖြစ်မှန်ကို ပြောပြလျှင်လည်း ပျိုကို ကူညီချင်စိတ်ဖြင့် နာမည်ဝင်ခံသည့် အဖြစ်သနစ်ကြီးကို မီက ဆွေ့ဆွေ့ခုန်လိမ့်ဦးမည်။ အခက်ကြီးခက်လှပါသည်။

"ညို ... မီ မေးနေတယ်လေ"

မီက ဒေါသဖြင့် အော်ပြန်တာမို့ သူက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ် ... ကိုယ့်ကလေးပဲ ..."

"ကိုယ့်ကလေး ဟုတ်လား ... အဲ့ဒါ ရှင်ချီထားတဲ့ ကလေးလား ..."

"ဟုတ်တယ် ..."

"ထားခဲ့ ... အဲ့ဒီ ကလေးကို ခု ချထားခဲ့၊ လာ ... ရှင် အခု မီနဲ့ ပြန်လိုက်ခဲ့ ..."





"ကိုယ် နောက်မှ လိုက်လာခဲ့မယ်"

"ခု လိုက်ခဲ့ ..."

"နောက်မှလိုက်မယ်"

"ပြောနေတာ မရဘူးလား ... ကဲ ..."

မီက ရုတ်တရက် ရှေ့တိုးလာကာ သူ့လက်ထဲက ကလေးကို လုယူလိုက်ပြီး ကြမ်းပြင်ပေါ် ချထားလိုက်တာမို့ ကလေးငိုသံက ပွက်ပွက်ညံသွားသည်။

"အို ... ကလေးရယ် ... မငိုနဲ့ ... မငိုနဲ့၊ တိတ် ... တိတ် ကျွတ် ... ကျွတ်"

ပျိုက ကလေးကို ပွေ့ချီချော့မော့လိုက်ပြီး မီကို စိုက်ကြည့်လိုက်ရင်း ...

"ဒီမှာ ... ရှင်တို့ကြားမှာ ဘာပြဿနာပဲရှိရှိ အပြစ်မဲ့တဲ့ ကလေးတစ်ယောက်ကို ဒီလောက် ပစ်စလက်ခတ်လုပ်ဖို့ မလိုဘူး၊ ကျေးဇူးပြုပြီး ကျွန်မ ခြံထဲကနေ ရှင်တို့ နှစ်ယောက်စလုံး ထွက်သွားပေးပါ"

"ပျိုရယ် ... ကျွန်တော် တောင်းပန် ..."

"မလိုဘူး ... ရှင် သူ့ကိုခေါ်ပြီး ထွက်သွားရင် ရပြီ ..."

"ဒီမှာ ... ရှင်က ဘာမို့လို့ အပေါ်စီးကနေ အမိန့်ပေးနေရတာလဲ"

"မီ ... တော်ကွာ ..."

မီက ပျို့ကို ကြည့်ကာ လှောင်ပြုံးပြုံးလိုက်ရင်း ...

"ရှင့်ကိုယ်ရှင် ပရဟိတ လုပ်ငန်းတွေ လုပ်နေပါတယ်ဆိုပြီး လူတွေအထင်ကြီးအောင် ပေါ်ပြူလာဖြစ်အောင် စတန့်ထွင်မနေနဲ့၊ မီတို့က အထင်မကြီးဘူး ..."

"ရှင် အထင်ကြီးဖို့ မကြီးဖို့က ကျွန်မအတွက် အရေးမကြီးပါဘူး၊ ကျွန်မအတွက် အရေးကြီးတာက ကျွန်မ စောင့်ရှောက်နေတဲ့ ကလေးတွေပဲ၊ လူဆိုတာ ကိုယ့်ကိုကိုယ်လေးစားနိုင်ဖို့ပဲ လိုတယ်လေ"

ပျို့က တည်တည်ငြိမ်ငြိမ်ပြောပြီး ကျောခိုင်းလှည့်ထွက်သွားသည်။ ညီငယ်သည် ပျို့အကြည့်၊ ပျို့အမူအရာ၊ ပျို့စကားတွေအောက်မှာ အလွန်အမင်း ရှက်ရွံ့မိရလေသည်။ ပျို့အမြင်မှာတော့ ကိုယ်ဟာ အဖေမပီသတဲ့ လူရှုပ်လူပွေတစ်ယောက်ပေါ့။

ညီငယ်သည် ရုပ်ကလေး လှသလောက် ဒေါသကြီး





ကာ ရင့်သီးရိုင်းပျလှသော မီရဲ့ အကြင်နာကင်းမဲ့မှု ရက်စက်မှုတွေကို စိတ်ကုန်စိတ်ပျက်သွားခဲ့ရပါသည်။ အရင်ကတည်းက မီ့အပေါ် တဖြည်းဖြည်း စိတ်ပျက်ခဲ့ရပြီဖြစ်သော်လည်း ချစ်သူဆိုသော နှောင်တွယ်မှုဖြင့် သူငဲ့ကွက်ခဲ့သေးသည်။ ခုတော့ဖြင့် သူက မီ့အပေါ် ပြန်လှည့်မကြည့်ချင်လောက်အောင် စိတ်ကုန်သွားခဲ့ရပြီ ဖြစ်ပါသည်။

တကယ်တော့ ယောကျ်ားဆိုတာဟာ ကြင်နာတတ်ပြီး တစ်ကိုယ်ကောင်းမဆန်တဲ့ မိန်းမမျိုးကိုသာ လိုချင်တတ်ကြတာပဲ။ ကိုယ့်ဖို့ ကိုယ်တာသာသိသည့် အတ္တကြီးကြီး ဒေါသကြီးကြီး မိန်းမမျိုးကို ဘယ်သူက လိုချင်မလဲ။ ထိုမိန်းမမျိုးနှင့်အတူ တစ်သက်လုံး ယှဉ်တွဲနေထိုင်သွားခဲ့လျှင် မီးလိုပူပြင်းရမှာ သေချာသည်။ သူက ငွေလဝန်းနှင့် တူသော မိန်းမမျိုးကိုသာ နှစ်သက်လှပါသည်။

ငွေလမင်းဆိုတာ ကမ္ဘာမြေကို အလင်းရောင်ပေးသည်။ သူ့အလင်းရောင်ဟာ ကမ္ဘာမြေပေါ်က အယုတ်အလတ် အမြတ်မရွေး လူတွေပေါ်သို့ မျှတစွာ ဖြန့်ကြက်ထားသည်။ အေးမြသည်။ နွေးထွေးသည်။ ကြည်နူးနှစ်သိမ့်စေပါသည်။

မီအကြောင်း တွေးရုံနှင့်တောင် စိတ်ထဲမှာ ပူပြင်းလာရသော ညီငယ်သည် ပျို့အကြောင်းတွေးရုံနှင့် စိတ်ချမ်းသာကြည်နူးခဲ့ရဖူးပြီ။ သူမထံမှ ကြင်နာခြင်းနှင့် အေးချမ်းခြင်း အလင်းရောင်သည် သူမနံဘေးမှလူတွေဆီ ဝေမျှဖြန့်ကြက် ရစ်သိုင်းထားခဲ့ပါသည်။

အချစ်ဆိုတာ ဘာပါလိမ့်။ မေတ္တာဆိုတာ ဘာပါလိမ့်။ သူက ထိုအရာတွေကို မီထံမှာ ရှာဖွေဖူးသည်။ မတွေ့ခဲ့ရ။ ပျို့ထံမှာတော့ မရှာဖွေဘဲ တွေ့ခဲ့ရပါသည်။

ပျို့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း မြတ်နိုးသည်။ ပျို့လုပ်ရပ်တွေကို လေးစားသည်။ ပျို့ရဲ့ ပေးဆပ်နိုင်မှုကို အံ့သြသည်။ ပြီးတော့ မြတ်နိုးခြင်း အရင်းခံဖြင့် တစိမ့်စိမ့် မေတ္တာသက်ဝင်လာခဲ့မိပါသည်။ ပျို့ကို သူ မေတ္တာရှိသည်။ အလွန်လေးနက် ခိုင်မြဲသော ချစ်ခြင်းမေတ္တာဖြင့် ဖွဲ့ချည်ခဲ့မိပါပြီ။ အဲဒီချစ်ခြင်းမေတ္တာဟာ မနက်ခင်းတစ်ခုမှာ ညင်သာသော ဘဲလ်သံတစ်ချက်နှင့်အတူ တစိမ်းကလေးတစ်ယောက်ကို ပွေ့ပိုက်၍ ရောက်ရှိလာခဲ့သော မိန်းကလေးကို မြင်စမှာပင် အမှတ်မထင် ဖြစ်တည်လာခဲ့တာ ဖြစ်သည်။





သူမနှင့် သိကျွမ်းခဲ့ပြီးနောက်ပိုင်းမှာတော့ သူ့ဘဝညခင်းဟာ သူမ၏ အလင်းရောင်ဖြင့် တဖြည်းဖြည်း လင်းဖြာလာခဲ့ရပါသည်။

တကယ်တော့ သူဟာ လူဆိုးကလေးပင်။ ဖူးဖူးမှုတ်အလိုလိုက်ထားသော မိသားစုအလယ်မှာ ရွှေဇွန်းကိုက်ကာ မွေးဖွားလာခဲ့သူမို့ လေးနက်သော ဘဝအသိလည်း မရှိ။ ကိုယ့်အောက်ကဆင်းရဲသူတွေရဲ့ ဒုက္ခကိုလည်း မစာနာ။ မိဘရှာသမျှ ထင်တိုင်းသုံးဖြုန်းနေကာ မိဘက အသုံးမကျဘူးပြောတော့လည်း မခံချင်ဘဲ အိမ်ပေါ်မှ စိတ်လိုက်မာန်ပါ ဆင်းခဲ့တာပင်။

မီကရော ...

မီကတော့ သူ့ရဲ့ ရင်ခုန်နှစ်မွန်းရာ တစ်ခုပေါ့။ ရေပေါ်ဆီ လူတန်းစားချင်းအတူတူမို့ club တစ်ခုမှာ စ,တွေ့မိကြကာ တွဲဖြစ်ခဲ့ကြရင်း မီရဲ့ ချစ်သလားဟူသော မေးခွန်းတစ်ခုကို အလွယ်တကူပင် ခေါင်းညိတ်ချည်နှောင်ခံခဲ့တာပင် ...။

ခုတော့ရော ...

ခုတော့ သူ့ကို မီရဲ့ ဆူးတွေ စူးကာ သူက ထိုဆူးတွေအောက်မှ ရုန်းကန်ထွက်ပြေးချင်ပါသည်။ သို့သော် မီက

www.foreverspace.com.mm

သူ့ကို ခိုင်ခိုင်ဆွဲထားသည်။ သူကဖြင့် ဆူးစူးလို့ သွေးစက်လက်ထွက်နေပြီ။

ညီသည် မီနောက်က ခေါင်းငိုက်စိုက်ဖြင့် လိုက်ခဲ့ရင်း ခြံဝရောက်တော့ ပို့ထံ တစ်ချက်လှည့်ကြည့်မိသည်။ သူ့ထံလှည့်ကြည့်လာသော ပို့မျက်ဝန်းတွေနှင့် ဆုံသည်။

ပို့ မျက်ဝန်းထဲမှာ သူသိသော ... မသိသော အဓိပ္ပာယ်များစွာဖြင့် ပြည့်နှက်နေလေသည်။

❆ ❆ ❆



www.foreverspace.com.mm

# (၂၀)

"ဒီကိစ္စ ရှင်တို့ သိရမယ်"

"ဟာ ... သိတာပေါ့၊ တစ်အိမ်ထဲနေတာပဲ မသိဘဲ နေမလား"

"ပြောပြမယ် ... ပြောပြမယ်၊ ဒီလို ... ဒီလို ..."

မိုးကျော်နှင့် သက်အောင်မှာ မီကို အစကတည်းက ခပ်ချဉ်ချဉ် ရှိလှတာမို့ ညီငယ်ကိစ္စကို လုပ်ဇာတ်ခင်းပြရန် တက်ကြွနေကြပါသည်။ ညီငယ်ကလည်း မီ မေးလာရင် နစ်နစ်နာနာ သာသာထိုးထိုး လုပ်ဇာတ်ခင်းလိုက်ဖို့ တိုက်တွန်းထားခဲ့ပါသည်။

www.foreverspace.com.mm

“ဒီကောင်က လူရုပ် မေမိရေ၊ ကျွန်တော်တို့ဖြင့် ထင်တောင် မထင်ဘူး၊ သူ့ဓာတ်လမ်းက မေမိ နိုင်ငံခြားမသွားခင် ကတည်းက စ,နေတာ၊ မေမိလည်း သွားရော ဘာပြောကောင်းမလဲ ...”

မိုးကျော်က အပြောကောင်းလှတာမို့ မေမိ မျက်နှာရဲရဲတွတ်လာသည်။ သက်အောင်ကလည်း မီးလောင်ရာ လေပင့်ပါသည်။

“အဲဒီ မိန်းမက အင်မတန် ရက်စက်တဲ့ မိန်းမ မေမိရဲ့၊ ဒါနဲ့များတောင် ကျွန်တော်တို့ရဲ့ ချစ်သူငယ်ချင်းကြီးက ဘာဖြစ်လို့ ဒီလောက် မြတ်မြတ်နိုးနိုး ချစ်ရသလဲဆိုတာ စဉ်းစားလို့ကို မရဘူး၊ ဟိုက နောက်တစ်ယောက် တွေ့သွားပြီး ထားခဲ့တာတောင် သူက ခုထိ မေ့မရနိုင်ဘူး၊ ဒါနဲ့ အခု မေမိ ပြန်လာတော့ မေမိကို သူ ဆက်ဆံတာ အေးစက်စက် ဖြစ်မနေဘူးလား”

“ဖြစ်တယ် ...”

“သေချာတာပေါ့၊ အဲဒါ သူ ဟိုမိန်းမကို လုံးဝ မမေ့နိုင်သေးလို့ပေါ့၊ အချစ်ကြီးပုံများတော့ကွာ ...”





“တော်ပါတော့ ...”

မေမိ အော်လိုက်တော့မှ မိုးကျော်တို့ တိတ်ဆိတ်သွားကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရယ်ချင်စိတ်ကို ထိန်းကြရသည်။

“ကလေးက ညီဆီ ဘယ်လိုရောက်လာတာလဲ ...”

“ဟို မိန်းမက ကလေးကို ပစ်ခဲ့တာ၊ ညီ့ဓာတ်ပုံတစ်ပုံကို အနားထားခဲ့တယ်လေ၊ အဲဒါ မေပျို့က ကောက်ရပြီး ဓာတ်ပုံနောက်မှာ ပါတဲ့ လိပ်စာအတိုင်း ကလေးကို လာပို့တာ ...”

“ဓာတ်ပုံ ... !”

“ဟုတ်တယ်၊ ညီငယ် ပေးထားတဲ့ ဓာတ်ပုံလေ၊ နောက်ဘက်မှာ စာတောင်ပါသေး၊ သိပ် ... သိပ် ... သိပ် ချစ်တဲ့ ညီငယ် ... တဲ့”

မေမိက စိတ်ကြီးလာပုံရကာ ရှေ့က စားပွဲပေါ်ကို သူ့လက်ထဲက ပိုက်ဆံအိတ်ကို ဆောင့်ချပစ်တင်လိုက်ရင်း ...

“အခု အဲဒီဓာတ်ပုံ ဘယ်မှာလဲ”

“မေပျို့ဆီမှာထင်တယ်”

“မေပျိုက ဘာကိစ္စ ယူထားရတာလဲ ...”

“ယူထားတယ်တော့ မဟုတ်ပါဘူး၊ ကလေးကို သူခေါ်လာတော့ ကလေးနဲ့ အတူတူပါလာတဲ့ ပစ္စည်းတချို့ကို အမှုမဲ့အမှတ်မဲ့ သိမ်းထားတဲ့ သဘောပဲ ထင်ပါတယ်၊ ညီငယ်ကလည်း သူ အမှတ်တရပေးထားတဲ့ ခေါက်ပုံလေးကို သူ ပြန်ပြန်တွေ့နေရင် အပေါင်းတွေ အသစ်ဖြစ်ပြီး ခံစားရမှာမို့လို့ မတောင်းတာထင်ပါတယ်”

“ဒီကောင် ကားတိုက်သေမလို ဖြစ်တာလည်း ခဏခဏပဲ”

“ဘာဖြစ်လို့လဲ ...”

“ဪ ... မေမိပဲ မေမိကို သစ္စာဖောက်ရင် ကားတိုက်သေပါစေလို့ ကျိန်ခဲ့တယ်ဆို၊ အဲဒါ သူသစ္စာဖောက်လို့ ကျိန်စာ ရူးမလို ဖြစ်တာပေါ့ မဟုတ်ဘူးလား ...”

မေမိက ခဏငြိမ်သွားကာ စဉ်းစားလိုက်ရင်း ...

“အခု အဲဒီကလေး အမေနဲ့ ရှင်တို့သူငယ်ချင်းက အဆက်အသွယ် ရှိသေးလား”

“မရှိပါဘူး”





“မေပျိုနဲ့ကရော ဘယ်လိုပတ်သက်နေတာလဲ”

“မေပျိုကိုတော့ အထင်မမှားပါနဲ့၊ မေပျိုက ဂုဏ်ခြွေသိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ညီငယ့်ကို ကူညီရုံ သက်သက်ပါ”

“တစိမ်း မိန်းမနဲ့ တစိမ်းယောကျ်ား ဒီလောက်ထိ ကူညီတယ်ဆိုတာ တော်ရုံ နက်ရှိုင်းမှုမျိုး မဟုတ်ဘူး ကိုမိုးကျော်”

“မေပျိုက ညီငယ်ကလေးကိုမှ မဟုတ်ပါဘူး၊ တခြားကလေးတွေကိုလည်း ကူညီစောင့်ရှောက်နေတာပါ”

“ဘာပဲဖြစ်ဖြစ်လေ အခုလောလောဆယ်မှာ ညီက တခြားသူတွေနဲ့ ကင်းရှင်းနေတယ်ဆိုရင်တော့ ညီကို မိ လက်ထပ်မှာပဲ ...”

“ဪ ... မိက ကလေးရဲ့ အမေနေရာမှာဝင်ပြီး ကလေးကို ကိုယ်သားလေးလို စောင့်ရှောက်မှာလား ...”

မိက ဘာမှမပြော၊ မိုးကျော်ကို ခပ်ဆွေဆွေ တစ်ချက်ကြည့်ကာ ထ,ပြန်သွားခဲ့ပါသည်။

❄ ❄ ❄

www.foreverspace.com.mm

## (၂၁)

"မေပျို့ကို မိ အကူအညီတောင်းစရာလေး ရှိလို့ လာခဲ့တာပါ"

ပျိုသည် မိ ဆိုသူရဲ့ အပြောင်းအလဲ မြန်ဆန်မှုကို အံ့သြတကြီး ဖြစ်မိရလေသည်။ မနေ့ကမှ ပျို့ကို ရန်လုပ်ကာ ပြန်သွားခဲ့သော သူမက ဒီနေ့ကျတော့ အလွန် ချိုသာ ပျော့ပျောင်းစွာ မိရှေ့သို့ ပြန်ရောက်လာပါသည်။ ပြောင်းလဲတတ်သော လူ့သဘောပေပဲ။

မေပျိုက သူမကိုတည်ငြိမ်စွာ စိုက်ကြည့်ရင်း ...

"ပြောပါ ... ဘာကိစ္စလဲ"



www.foreverspace.com.mm



"ဒီလိုပါ မေပျိုရယ်၊ အကူအညီတောင်းချင်တာလေး မပြောခင် အကျိုးအကြောင်းလေး ပြောပြပါဦးမယ်၊ မိနဲ့ ညီက အရမ်းချစ်ကြတဲ့ ချစ်သူတွေပါ၊ မိ နိုင်ငံခြားသွားနေတုန်း ညီမှာ ဒီလို အရှုပ်အထွေးလေးတွေ ဖြစ်သွားတာပါ၊ ဘာပဲပြောပြော မိကတော့ ခွင့်လွှတ်ရမှာပါပဲ၊ မိတို့ မကြာခင် လက်ထပ်ကြတော့မှာပါ ..."

"အဲဒီတော့ ကိုက ဘာကူညီရမှာလဲ ..."

"မိတို့ လက်ထပ်ကြတော့မှာဆိုတော့လေ မိကလည်း Beauty salon တစ်ခုဖွင့်မှာ၊ ညီကလည်း စီးပွားရေးလုပ်မှာ၊ ဒီကလေးကို ကြည့်ဖို့ဆိုတာ ဘယ်လိုမှ မအားနိုင်ဘူး၊ နာနီငှားတော့လည်း အလုံးစုံ စိတ်ချရမှာမဟုတ်ဘူး၊ နာနီ့ လက်ထဲမှာ ထားမယ့်အစား မေပျို့ လက်ထဲမှာ ထားတာက ပိုပြီး လုံခြုံစိတ်ချရမယ် မဟုတ်လား ...၊

"အဲဒါကြောင့် ကလေးကို မေပျိုပဲ မွေးထားပေးပါ နော်၊ လိုအပ်သမျှအားလုံး မိတို့ ထောက်ပံ့မှာပါ၊ ညီ ကလေးကို လာခေါ်ရင်လည်း မေပျိုကပဲ မခွဲနိုင်တဲ့အကြောင်း စိတ်မချတဲ့အကြောင်း ပြောပြီး ဖွတ်အတင်းခေါ်ထားပေး

www.foreverspace.com.mm

ပါနော်၊ မေပျိုပြောရင် ညီက လက်ခံမှာပါ၊ ကလေးကို မီနဲ့ ညီတို့ နှစ်ယောက်တူတူ မကြာခဏ လာလာကြည့်ပါ့မယ်"

ပျိုသည် မီကိုသာ အထူးအဆန်းသဖွယ် စိုက်ကြည့်နေမိပါသည်။

မီသဘောက ရှင်းနေပါသည်။ ညီငယ်ကိုလည်း လက်လွှတ်မခံနိုင်။ ကလေးကိုလည်း မလိုချင်။ တခြား မီဘမဲ့ဂေဟာတစ်ခုခု ပို့ပစ်လျှင်လည်း ညီငယ်နှင့် ပြဿနာတက်နိုင်တာမို့ မေပျို့ လက်ထဲ တစ်သက်လုံးထည့်ထားလိုက်ချင်ပုံပင်။

"ဒီမှာ ဒါလေးလည်း လက်ခံပါ မေပျို..."

မီက သူ့ပိုက်ဆံအိတ်ထဲက အထုပ်တစ်ထုပ် ယူကာ မေပျို့ရှေ့သို့ ချပေးလိုက်သည်။

"ဒါ ဘာလဲ"

"ပိုက်ဆံပါ မေပျို"

"ဘာလုပ်ဖို့လဲ"

"ကလေးအတွက်ပါ"

"ပြန်ယူသွားပါ ... မလိုပါဘူး၊ ကလေးအတွက် သူ့မိဘ





www.foreverspace.com.mm

တွေဆီက မေတ္တာကို ဆုံးရှုံးရမှတော့ တခြား ဘာမှမလိုတော့ပါဘူး၊ ရှင် ပြန်ပါတော့၊ ညီငယ်ကိုလည်း ပြောလိုက်ပါ၊ ကလေးကို ပျို အပြီးမွေးစားလိုက်တယ်လို့၊ ရှင်တို့ဘဝကိုသာ ရှင်တို့ ဖြောင့်ဖြောင့်လျှောက်ကြပါ၊ နောက်လှည့်ကြည့်ဖို့မလိုပါဘူး၊ ကဲ ... ရှင် ပြန်လို့ရပါပြီ"

ပျိုက မီကို ကျောခိုင်းလိုက်ပါသည်။ ပျို့ရင်ထဲမှာတော့ နာလှပြီ။ ပျိုက မျက်ရည်စတချို့ကို လက်ခုံဖြင့် တို့သုတ်လိုက်သည်။

ပျို့ရင်ထဲက အနာဟာ ဘယ်သူ့ကိုမှ ပြောပြလို့မရ။ ပျို့ရဲ့ ခံစားချက်တွေကိုတော့ ပျို အမြဲမျိုချထားခဲ့ရပါသည်။

ဖြူစင်နူးနယ်တဲ့ ရုပ်ရည်ကလေးနဲ့ ဒီလောက်တောင်ပဲ ရှုပ်ထွေးရပါသတဲ့လား ညီငယ်ရယ် ...။

ဘာမှ မသိနားမလည်ဘဲ ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေသော ကလေးအဖေလေးမို့ ပျိုက ကရုဏာသက်ခဲ့ရသည်။ စေတနာပိုခဲ့ရသည်။ ဒီကာလတွေမှာ ပျို့မသိစိတ်ကလည်း သူဟာဖြင့် ကလေးအဖေ မဟုတ်ပါဘူးလို့ ယုံကြည်ခဲ့မိသည်။ ဘယ်သူ့ကိုမှ အားမကိုးချင်ခဲ့သော ပျိုဟာ သူ့ရဲ့ ကူညီမှု

www.foreverspace.com.mm



တွေ အတွက်လည်း ကျေနပ်ပြုံးပျော်ခဲ့ရဖူးပါသည်။ သူ့မျက်ဝန်းတွေထဲက တစ်စုံတစ်ရာကိုလည်း လက်ခံခဲ့ရဖူးပါသည်။

ခုတော့ဖြင့် သူဟာ အရှုပ်အထွေးများဖြင့် ပျို့ရဲ့ ရှင်းလင်းစင်ကြယ်သော စိတ်ကို လေးလံစေခဲ့ပါပြီ။

မိနဲ့ ညီ လက်ထပ်ကြတော့မလို့တဲ့ ... ။ မိကလည်း ဒီကလေးကို အလိုမရှိပါတဲ့။ ဒါဆို သူကရော ... ။ သူရော ပျို့ဆီ ဘာလို့ မရောက်လာခဲ့တာလဲ။ ဒီကလေးအတွက် စကား တစ်ခွန်းခွန်းတော့ ပြောခဲ့ဖို့ ကောင်းသည်။ ပျို့အတွက်ရော ... ။ ပျို့အတွက်လည်း ဘာဆို ဘာမှ ချန်ရစ်မထားခဲ့တော့ဘူးပေါ့။ ဒီနေ့မှ စကာ ပျို့နဲ့ သူဟာ ကင်းစိမ်းပြတ်တောက်သွားကြတော့မည်။ အတူတူရှိခဲ့ဖူးသော နေ့တွေအတွက် ပျို့ နှမြောလှပါသည်။

သို့သော် ပျို့ အားတင်းရမှာပင် ... ။ ပျို့ စောင့်ရှောက်ထားသော ကလေးတွေအတွက် ပျို့ဟာ ခိုင်မတ်နေမှဖြစ်မည်။ ပျို့က ဘာအတွက်မှ မပျော့ညံ့ချင်။

"တစ်ခုလောက် မေးပါရစေဦး မေပျို့၊ ကလေးကို မေပျို့တွေ့လာတုန်းက ညီငယ့်ဓာတ်ပုံကို ကလေးအနားမှာ တွေ့ခဲ့တယ်ဆို ... "





"ဟုတ်ပါတယ် ... "

"အခု အဲဒီ ဓာတ်ပုံရော ... "

"ရှိပါတယ်"

"ရှိရင် မိကို ပြန်ပေးလိုက်ပါလား မေပျို့ရယ်"

"ကောင်းပါပြီ ... "

ပျို့က ကလေးမှာ ဝတ်ရက်သားပါလာသည့် အကျႌလေးနှင့်အတူ ရောသိမ်းထားသော ဓာတ်ပုံကို ထုတ်ပေးလိုက်ပါသည်။

"ကျေးဇူး အရမ်းတင်ပါတယ်နော်"

မိက သူလိုတာရပြီမို့ ရင်ထဲက မပါသော ကျေးဇူးစကားကိုဆိုတာ လှည့်ပြန်သွားခဲ့ပြီ။ ပျို့ကတော့ ကလေးကို တင်းတင်းပွေ့ရင်း ရင်ထဲမှာ နာကျင်ခဲ့သည်။

ညီငယ် ... ရှင်ကရော ဘယ်မှာလဲ ... ။

❊ ❊ ❊

www.foreverspace.com.mm

# (၂၂)

"ပျို့ ..."

"ရှင် ဘာလာလုပ်တာလဲ"

ပျို့အသံက ဆတ်ဆတ်ခါနေသည်။ ပျို့မျက်လုံးတွေက စိမ်းသက်လှသည်။ ညီငယ်က ပျို့ကို နားမလည်နိုင်ဘဲ ...

"ကျွန်တော် ကလေးလာကြည့်တာပါ"

"မလိုဘူး ... ရှင် မလာပါနဲ့တော့ ညီငယ်၊ သွားစရာရှိတဲ့ လမ်းကို ဖြောင့်ဖြောင့်သာသွားပါတော့ ..."

"ပျို့ရယ် ... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်လည်း ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး၊ ရှင်းပြလို





www.foreverspace.com.mm

လည်း မရဘူး၊ ကျွန်တော်တော့ သေသာသေချင်တော့တာပဲ ပျို့ရာ ..."

ညီငယ်က မေမီ လာသွားတာကို မသိသူမို့ ပျို့ရဲ့ စိမ်းကားမှုဟာ သူ့ရဲ့ ရှုပ်ပွေမှုအပေါ် အထင်သေးခြင်းကြောင့်ဟုသာ ထင်ပါသည်။

ပျို့ကတော့ ညီငယ်ရဲ့ နေစိမ့်ခြင်းနဲ့ ရှုပ်ထွေးခြင်းအတွက် နာကျင်လှပေပြီ။

ညီငယ်သည် နောက်ခိုင်းထားသော ပျို့ကို လှမ်းကြည့်ရင်း တိတ်ဆိတ်စွာ ရပ်နေခဲ့သည်။ ပြန်လှည့်မသွားနိုင်ပါ။ ပျို့ထံမှ ပျို့ရဲ့ မေတ္တာ ကရုဏာများထံမှ ပြန်မလှည့်နိုင်ပါ။ ပျို့နဲ့ ဝေးကွာစွာ သူ မရပ်တည်နိုင်တော့ပါ။ ပျို့က သူ့ရင်မှာ အမြစ်လို တွယ်နေပြီ။ သို့သော် ... သူ ဘယ်လိုပြောပြီး ပျို့ကို ရင်ဖွင့်ရမည်နည်း။ အဖြစ်မှန်ကိုလည်း ပြောမပြနိုင်။ ပြောပြခဲ့မိရင် ပျို့နဲ့ ပိုဝေးသွားမလား စိုးရိမ်သည်။

သူ တိတ်ဆိတ်နေတာကြာတော့ ပျို့က နောက်ခိုင်းနေရာမှ ညင်သာစွာ လှည့်ကြည့်လာလေသည်။ ပျို့မျက်ဝန်းထဲမှာ မျက်ရည်တွေ ဖွဲ့အိုင်နေတာမြင်တော့ သူ စိုးထိတ်စွာ ရှေ့တစ်လှမ်း

တိုးမိသည်။ တစ်ပြိုင်တည်း ပျိုက နောက်တစ်လှမ်းဆုတ်လိုက်ပါသည်။ ထိုခဏမှာ ပျို့မျက်ရည်တွေ အိခနဲ ပြိုဆင်းလာသည်။ ပျိုက မျက်ရည်တွေကို လက်ခုံဖြင့် အကြမ်းပတမ်း ပွတ်သုတ်လိုက်ရင်း သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်ကာ ...

"ရှင် ... အခု ဘာလာလုပ်တာလဲ"

"ပျိုနဲ့ ကလေးဆီ လာတာပါ"

"ကလေးကို ပြန်ခေါ်သွားမလို့လား"

"ခေါ်တော့ မခေါ်သေးပါဘူး"

"ရှင် မခေါ်ရဲဘူး မဟုတ်လား၊ ကောင်းတာပဲလေ၊ ဒါဆိုလည်း ကျွန်မဘက်က ကလေးကို မခွဲနိုင်ပါဘူးတို့၊ ရှင်နဲ့ ထည့်လိုက်ရမှာ စိတ်မချဘူးလို့ လိမ်ညာပြောဖို့ မလိုတော့ဘူးပေါ့၊ ကဲ ... ရှင် အခု ပြန်လို့ရပါပြီ ညီငယ်၊ စိတ်ချလက်ချသာ ထားသွားပါ၊ ဒီကလေးကို ရှင် ပြန်လှည့်ကြည့်ဖို့ မလိုပါဘူး၊ ပိုက်ဆံလည်း ထောက်ပံ့ဖို့ မလိုပါဘူး ညီငယ်"

"ပျို ... ကျွန်တော် ... "

"ရှင် သွားပါတော့"





ပျိုက ခပ်ဆတ်ဆတ် ပြောလိုက်တော့ သူ နှုတ်ဆိတ်လျက် ပျို့ကို ငေးကြည့်မိသည်။ ပျို့မျက်ဝန်းတွေထဲက မျက်ရည်တွေဟာ အံ့သြဖို့ကောင်းအောင် ပြိုဆင်းနေခဲ့ပြီ။

ပျို ... ပျို ... ပျို ခံစားနေရတာ ကျွန်တော် သိပါတယ် ပျိုရယ်၊ ဒါပေမယ့် ကျွန်တော် ခု ဘာလုပ်ရမလဲ၊ ပျို့ကို ဘယ်လို နှစ်သိမ့်ရမလဲ။

သူ ငေးကြည့်နေဆဲ ပျိုက သူ့ကို ညင်သာစွာ ကျောခိုင်းလှမ်းထွက်လိုက်ပါသည်။

"လုန ... "

သူ လွှတ်ခနဲ လှမ်းခေါ်မိတော့ ပျိုက အံ့သြသော မျက်ဝန်းများဖြင့် လှည့်ကြည့်လာပါသည်။

"Lu Na ဆိုတာ စပိန်ဘာသာစကားပါ၊ ငွေလဝန်းလို့ အဓိပ္ပာယ်ရပါတယ်၊ ကျွန်တော့် ရင်ထဲကနေ ခဏခဏ ခေါ်ကြည့်ဖူးတဲ့ နာမည်ပါ"

ပျို့ နှုတ်ခမ်းလေးက မသိမသာ ပွင့်ဟသွားပြီး မျက်ဝန်းတွေ ပြူးဝိုင်းလာသည်။

"ပျိုက ကလေးတွေရဲ့ ငွေလဝန်း၊ ပြီးတော့ ကျွန်တော့်ရဲ့ ငွေလမင်းပါ"

www.foreverspace.com.mm



ပျိုက သူ့ရှေ့မှာ ငြိမ်သက်စွာ ရပ်တန့်နေသည်။ သူကလည်း ပျို့ရှေ့မှာ ငြိမ်သက်စွာရပ်နေသည်။ အတန်ကြာသည် အထိ ထိုအနေအထားအတိုင်း ရှိနေပြီးမှ ပျိုက သူ့ရှေ့မှ စတင် ထွက်ခွာသွားသည်။

သူက ပျို့ဦးတည်သွားနေသော မေတ္တာအိမ်ကလေး ဆီ နှမြောတ,သစွာ လှမ်းမျှော်ကြည့်မိသည်။ အဲဒီ အိမ်ကလေး ဆီမှ စာအံသံတွေ ကြားရသည်။ အဲဒီအိမ်လေးထဲမှာ ကလေးတွေ ရှိသည်။ မေတ္တာတရားရှိသည်။ ဆန်းကြယ်စွာ ပေးဆပ်နိုင်စွမ်း ရှိသော အရွယ်နှင့် မလိုက်အောင် ရင့်ကျက်သည့် မိန်းမပျိုလေး ရှိသည်။

သူ နောက်ပြန်လှည့်ခဲ့ရသော်လည်း ထိုအရာတွေက သူ့ကို တုပ်ဆွဲချည်နှောင်ထားလျက် ရှိပါသည်။

❊ ❊ ❊



www.foreverspace.com.mm

## (၂၃)

"ဒီဓာတ်ပုံဟာ ... ဒီဓာတ်ပုံဟာ ..."

မေမိသည် လက်တစ်ဖက်က ညီဓာတ်ပုံကို ကိုင်လျက် တစ်ဖက်က လက်ချောင်းများဖြင့် စားပွဲပေါ် တခေါက်ခေါက်ခေါက် ရင်း ခပ်နက်နက် စဉ်းစားလျက်ရှိလေသည်။

တကယ်တော့ ဒီဓာတ်ပုံလေးဟာ သူမထံမှ ပျောက် ဆုံးသွားခဲ့သော ဓာတ်ပုံဖြစ်သည်။ ညီ ဓာတ်ပုံတွေကို ကူးပေးရင်း တစ်ပုံပိုကူးကာ ယူထားခဲ့ပြီး မိ album ထဲ ထည့်ထားခဲ့တာဖြစ် သည်။ ထို အယ်လ်ဘမ်ကို ဧည့်ခန်းစားပွဲအောက်က စင်ကလေး ပေါ်မှာ တခြား အယ်လ်ဘမ်များနှင့်အတူ ရောထပ်ထားခဲ့သည်။

www.foreverspace.com.mm



မိ နိုင်ငံခြားထွက်သွားတော့လည်း ထိုအယ်လ်ဘမ်က ထိုအနေအထားအတိုင်း ကျန်ခဲ့သည်။ မိက စိတ်ကူးယဉ်သိပ်မဆန်သူမို့ ညီဓာတ်ပုံကို တသသလုပ်ပြီး သွားလေရာ ယူမသွားတတ်ခဲ့ပါ။ ညီကို မိ သတိရလျှင် ဖုန်းကောက်ဆက်လိုက်ရုံပင်။ ဓာတ်ပုံကို ယူခဲ့တာကလည်း အဆင်ပြေ အသက်ဝင်လှသော ပုံမို့ သိမ်းထားလိုက်ချင်တာကြောင့်ပင်။ ပြီးတော့ မိထံ သူငယ်ချင်းတွေ လာလည်ပြီး အယ်လ်ဘမ်ကို ဖွင့်ကြည့်ရင်း 'ဒါဘယ်သူလဲ' ဟု မေးသည့်အခါ မိက 'အဲဒါ မိချစ်သူ' ဟု ဂုဏ်ယူဝံ့ကြွားစွာ ပြောနိုင်ဖို့ပင်။ တစ်ဆက်တည်း သူက မန္တလေးက နာမည်ကြီး သစ်သူဌေးဦးမင်းညီရဲ့ သား၊ သူဌေးမကြီး ဒေါ်လေးရုံရဲ့ အချစ်တော် မြေးကလေးဟု ကြွားဝါဓာတ်စုခင်းပြချင်ခဲ့တာပင်။ သူငယ်ချင်းတွေရဲ့ အားကျအကြည့်ကို မိက ဂုဏ်ယူကျေနပ်တတ်ခဲ့ပါသည်။

မိ နိုင်ငံခြားမှာ ရှိနေသည့် ကာလတစ်လျှောက်လုံး မဖွင့်ဖြစ်ခဲ့သည့် အယ်လ်ဘမ်လေးဟာ ခုတော့ ဖုန်တွေပင် တက်နေပြီ။ ပို့ဆီက ဓာတ်ပုံရလာတော့ မိက မိမှာရှိသည့် ဓာတ်ပုံ ကို သတိရကာ အယ်လ်ဘမ်ကို အပြေးအလွှား ဖွင့်ကြည့်တော့ ညီဓာတ်ပုံနေရာလေးမှာ ကွပ်လပ်ဖြစ်နေခဲ့သည်။ ဒါဆို ညီဓာတ်ပုံကို တစ်ယောက်ယောက်က ခိုးယူသွားခဲ့တာပေါ့။



www.foreverspace.com.mm



ဓာတ်ပုံပေါ်မှာ ရေးထားသည့် လက်ရေးတွေဟာလည်း ညီလက်ရေး မဟုတ်တာ သေချာသည်။ နေဦး ... ဒီလက်ရေးကို မိ မြင်ဖူးသလိုပင်။

မိက ဦးနှောက်တွေ အရည်ပျော်ကျမတတ်တိုင် စဉ်းစားရသည်။ သို့သော် ဘယ်လိုမှ စဉ်းစားမရချေ။ 'မြတ်နိုး' တဲ့ အဲဒီနာမည်မျိုးလည်း မိအသိထဲမှာမရှိ။ ဒီနာမည်ဟာ နာမည်အမှန် မဖြစ်ဖို့ များပါသည်။

မိက မိအိမ်ကို လာလည်ခဲ့ဖူးသော သူငယ်ချင်းများကို ပြန်လည်စဉ်းစားပုံဖော်ကြည့်မိသည်။ အဲဒီတုန်းဆီက အဖြစ်အပျက်တချို့ကို မိ ပြန်မြင်ယောင်လာသည်။

"ဟယ် ... ဒီကောင်လေးက ချောတယ်တော့၊ မိ ဒါဘယ်သူလဲ၊ မြန်မြန်ပြောစမ်း"

"အဟင်း ... အဲဒါ မိချစ်သူပေါ့၊ ညီငယ်တဲ့"

"သူက ဘယ်ကလဲ ... ဘာလုပ်သလဲ၊ ဘယ်လိုလူမျိုးလဲ"

"သူက မန္တလေးက၊ မိ မန္တလေးက အလုပြင်ဆိုင်တစ်ခုမှာ အလုပ်သွားလုပ်ရင်း တွေ့လာတာ၊ သူ့အဘွားက ဒေါ်လေးရုံလေ ... ကြားဖူးလား"

www.foreverspace.com.mm

"ဒေါ်လေးရဲ့ … ဒေး ကြားဖူးတယ်၊ အရမ်းချမ်းသာတာတဲ့ သိလား၊ သူ လှူထားတာတွေလည်း မန္တလေးမှာ လက်ညှိုးထိုး မလွဲပဲတဲ့၊ ဟဲ … နင်တော့ သူနဲ့သာ ရရင် ဓိမ်ပဲ"

"သူနဲ့ နင်က တစ်မြို့စီဆိုတော့ လွမ်းရမှာပေါ့နော်"

"အံမယ် ခု မလွမ်းရတော့ဘူး သိလား၊ သူက အခု ရန်ကုန် ရောက်နေပြီ၊ သူ့အိမ်နဲ့ ခဏစိတ်ကောက်ပြီး ရန်ကုန်မှာ သူ့သူငယ်ချင်းတွေနဲ့အတူ လာနေတာ"

"ဘယ်မှာနေတာလဲ"

"သင်္ဃန်းကျွန်းဘက်မှာ …"

"ဟယ် … ငါလည်း သင်္ဃန်းကျွန်းမှာ နေတာလေ၊ သူက ဘယ်လမ်းမှာလဲ …"

"( … ) လမ်းမှာ၊ အာကာ ဗီဒီယိုအငှားဆိုင် သိလား"

"သိတယ် … သိတယ်"

"အဲဒီဆိုင် အပေါ်ထပ် ၆ လွှာမှာ၊ အခန်းနံပါတ်က ၂၀"

"အဲဒီဘက်ဆိုရင်တော့ ငါတို့လမ်းနဲ့ တော်တော်ဝေးပါတယ်"

မီသည် မီချစ်သူအကြောင်းကို လိပ်စာနဲ့တကွ





www.foreverspace.com.mm

ပြောပြခဲ့ဖူးသော သူငယ်ချင်းတွေကို တစ်ယောက်ချင်း ပြန်စဉ်းစားသည်။ မေရီ … ဥမ္မာ … ခိုင်ခိုင်။ မေရီက အခုဆို လက်ထပ်သွားပြီ။ ဥမ္မာက သူ့ချစ်သူနှင့်သူ၊ ခိုင်ခိုင် တစ်ယောက်သာ ရည်းစားမရှိ ဘာမရှိ လွတ်နေဆဲဖြစ်သည်။

မီက စိတ်မြန်မြန်ဖြင့် သူငယ်ချင်းတွေဆီ ဖုန်းကောက်ဆက်လိုက်ပသည်။

"ဥမ္မာလား … ငါပါ မီ ပါ"

"ဟယ် … မီ ဘယ်တုန်းက ပြန်ရောက်လဲ …"

"တစ်ပတ်လောက်ရှိပြီ"

"ကြည့်စမ်း … ခုမှ ဖုန်းဆက်တယ် အံ့ရော …"

"နင် အခု ဘာတွေလုပ်နေလဲ ဥမ္မာ"

"အိမ်က စတိုးဆိုင်မှာပဲ ဝိုင်းကူနေရတာပေါ့"

"နင့်ချစ်သူရော …"

"သူလား … ရှိပါ၊ နေ့တိုင်း ငါ့ဆီ ချောင်းပေါက်အောင် လာလွန်းလို့ အိမ်က အဒေါ်အပျိုကြီးတွေတောင် မျက်စိနောက်နေပြီ၊ သူက အခု ကိုယ်ပိုင်စီးပွားရေး စ,လုပ်နေပြီလေ၊ ဒီနှစ်ကုန်ပိုင်းလောက်ဆို ငါတို့ လက်ထပ်ကြတော့မှာ …"

ဥမ္မာကတော့ ဒီကိစ္စနှင့် မပတ်သက်နိုင်ဟု မိက ကောက်ချက်ချသည်။

"ဒါနဲ့ မေရီတစ်ယောက်ကော ..."

"သူ ကလေးမွေးသွားပြီ သိလား၊ မိန်းကလေး ချစ်စရာလေး"

"ခိုင်ခိုင်ကရော ..."

"ခိုင်ခိုင်လည်း ရည်းစားရသွားပြီ"

"ဘယ်သူနဲ့လဲ ..."

"သူ့ငယ်သူငယ်ချင်း ကောင်လေးနဲ့ပဲ"

"ငါတို့ ဆုံကြရအောင်လေ"

"ဆုံလေ ... ဘယ်တော့လဲ ..."

"ဒီညနေပဲ ..."

"အံမယ်လေး ... စိတ်ကလည်း မြန်ပါ၊ ငါပဲ သူတို့ဆီ ဖုန်းဆက်ချိန်းလိုက်မယ်၊ ပြီးရင် နင့်ဆီ ဖုန်းပြန်ဆက်မယ်၊ နင်ကျေးမှာ မဟုတ်လား"

"အေးပါ ..."

"ပြီးရော ... ဘယ်ဆိုင်မှာ စားမလဲဆိုတာပါ ငါတို့ညှိလိုက်မယ်"





ထိုနေ့ညနေမှာ မိက မိသူငယ်ချင်း သုံးယောက်နှင့် တွေ့လေသည်။ အကဲခတ်ကြည့်ရသလောက်တော့ သူတို့ထဲမှာ ဘာမသက်သာစရာမှ မတွေ့ချေ။ မေရီကလည်း သူ့အိမ်ထောင်နှင့် သူ့သားသမီးနှင့်သူမို့ ဒီအရှုပ်ထုပ်နဲ့ လုံးဝမသက်ဆိုင်၊ ဥမ္မာကလည်း သူ့ချစ်သူနှင့် သူ နေတိုင်းတွေ့နေကာ မိဘ ကြီးတော်တို့နှင့် နေသူမို့ မဖြစ်နိုင်။ ခိုင်ခိုင်ကရော ...။ ခိုင်ခိုင်က မိတို့ထဲမှာ အရိုးသား အနုံအဆုံး၊ သူ့ငယ်ချင်းတစ်ယောက်နှင့်သာ အမြဲတွဲကာ အခု ထိုကောင်လေးနှင့်ပဲ ချစ်သူဖြစ်သွားတာမို့ ဇာတ်လမ်းက ရှင်းနေသည်။

"ငါ မေးစရာရှိတယ်၊ နင်တို့အသိထဲမှာ မြတ်နိုးဆိုတာ ရှိလား"

"မြတ်နိုး ! ဟင့်အင်း မရှိပါဘူး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

မိသည် မိဦးနှောက်ကို အတင်းဖျစ်ညှစ်ကာ ဓာတ်ပုံကိစ္စကို ဆက်စဉ်းစားရင်း ရုပ်လုံးပေါ်လာသည်။ ဓာတ်ပုံကို ခိုးယူပြီး လုပ်ကြံစာနှင့် လိပ်စာကို အတိအကျ ရေးကာ အဖေ မပေါ်သည့် ကလေးနားမှာ ထားရစ်ခဲ့သည်ဆိုတာ နည်းတဲ့အကြံတော့ မဟုတ်ပါ။

www.foreverspace.com.mm

ညီဟာ ပျင်းရိပြီး ပေါကြောနေတာကလွဲရင် ဒီလို ကိစ္စတွေ မရှုပ်ထွေးသူမို့ တရားခံဟာ ညီဟုတော့ မီကမယုံကြည်ပါ။ သိစက ဒေါသဖြစ်သော်လည်း သွေးအေးအေးနှင့် စဉ်းစားလေ မယုံကြည်နိုင်လေပင်။

ပြီးတော့ ရေးထားသည့် လက်ရေးဟာ ညီ တမင် လက်ရေးဖျက်ရေးထားတာ မဖြစ်နိုင်။ ခပ်သော့သော့ ရေးထားတဲ့ လက်ရေးက ပညာသိပ်မတတ်သူရဲ့ လက်ရေးဟု ထင်ရပါသည်။ လိပ်စာရေးထားပုံကလည်း အစီအစဉ်မကျ။

ညီဟာ အဲဒီ မိန်းမကို တကယ်ချစ်ခဲ့တယ်ဆိုရင် မရိုးမသားလက်ရေး ဖျက်ရေးဖို့လည်း စိတ်ကူးမှာ မဟုတ်ပါ။

မိုးကျော်တို့ အပြောကိုလည်း မီ မယုံကြည်ပါ။ မိုးကျော်တို့ဟာ မီကို စ,ကတည်းက သိပ်ကြည်မရှုသူများမို့ တမင်လုပ်ဇာတ်ထွင်နေတယ်လို့ပဲ မီက ယူဆပါသည်။

မီသည် အရာအားလုံးကို စိတ်လိုက်မာန်ပါ ပြောဆို လုပ်ကိုင်ခဲ့ပြီး ဒီဇာတ်ပုလေးကို တွေ့ရတော့မှ စိတ်သဘော ထားတွေ ပြောင်းလဲခဲ့ရတာပင်။ သံသယကို ဆုပ်ကိုင်ခဲ့မိခြင်း ပင်။ အစောပိုင်းတုန်းကတော့ မီက တွေ့သိမြင်ကြားသမျှကို





www.foreverspace.com.mm

ယုံကြည်ကာ ဒေါသတထောင်းထောင်း ထခဲ့ရတာမို့ ဘာကိုမှ နက်နက်နဲနဲ မစဉ်းစားနိုင်။

ဒီလက်ရေး … ဒီလက်ရေးကိုတော့ မီ မြင်ဖူးသလို ပါပဲ။ ခိုင်ခိုင်၊ ဥမ္မာ၊ မေရီတို့ရဲ့ လက်ရေးမဟုတ်တာတော့ သေချာပါသည်။

“ဒါနဲ့ မီ … နင် အခု ဘယ်သူနဲ့နေလဲ …”

“ဒေါ်မြနဲ့ပဲလေ၊ ငါ နိုင်ငံခြားသွားနေတုန်းက သူ ရွာပြန် သွားတာ အခု ပြန်ခေါ်ထားတယ်”

မိမိဘတွေက စင်ကာပူမှာ အလုပ်လုပ်နေကြတာမို့ မီက ရန်ကုန်မှာပဲ တိုက်ခန်းတစ်ခန်းမှာ ဆွေမျိုးစပ်တော်သော ဒေါ်မြရယ်၊ အကူကောင်မလေး တစ်ယောက်ရယ်နှင့် အတူနေပါ သည်။

“ဟို ကောင်မလေးကော … မိုးအေးဆိုလား၊ နင် ခေါ်ထား တဲ့ ကောင်မလေးလေ”

“မိုးအေးလား … မိုးအေး၊ အင်း …”

မီဦးနှောက်ထဲမှာ ရုတ်တရက် လင်းပွင့်သွားပါသည်။ အသက် ၁၉ နှစ်လောက် ရှိပြီဖြစ်သော မိုးအေး။ ရုပ်ကလေး

သနားကမားနှင့် ရှုပ်ချင်လှသော မမိုးအေး။ ဗီဒီယိုခွေ သွားအပ်ခိုင်းတိုင်း ကြာသင့်သော အချိန်ထက် တစ်နာရီကျော် နောက်ကျပြီးမှ ဟိုဟာ ဒီဟာ အကြောင်းပြကာ ပြန်ရောက်လာတတ်သော ကောင်မလေး ... ။ အသက်ငယ်ငယ်နဲ့ ရည်းစားများလှတာမို့ ဒေါ်မြကပင် သြချယူရသော ကောင်မလေး ... ။

မိသည် မိသူငယ်ချင်းတွေ မောက်ပုံကြည့်နေသော အနားမှာ မယောင်မလည်ရပ်ကာ သူပေါ် စပ်စပ်စုစု လှမ်းကြည့်နေသော မမိုးအေးရဲ့ မျက်နှာကို ဖြုန်းခနဲ ပြန်မြင်ယောင်သွားပါသည်။

"ငါ အိမ်ပြန်ဦးမယ်ဟာ၊ အရေးတကြီးကိစ္စရှိတာ ခုမှ သတိရလာလို့ ... "

"ဟဲ့ ... ဘယ်လိုဖြစ်ရတာလဲ"

"ဆောရီးဟာ ... ငါ ပိုက်ဆံရှင်းခဲ့မယ်နော်"

မိက ပိုက်ဆံအိတ်ကလေး ကောက်ယူကာ ဆိုင်ထဲမှ အပြေးတစ်ပိုင်း ပြန်ထွက်လာသည်။

မိသည် အိမ်အမြန်ပြန်လာကာ တိုက်ခန်းလှေကားထစ်တွေကို အမောတကော ပြေးတက်လာခဲ့လေသည်။

"ဒေါ်မြ ... ဒေါ်မြ"





ဘဲလ်ပျက်နေတာမို့ မိက အိမ်တံခါးကို တဒုန်းဒုန်း ရိုက်နှက်နေသည်။ ဒေါ်မြက တံခါးလာဖွင့်ပေးရင်း ...

"အမောတကောပါလား မိရယ်၊ ဘာများဖြစ်လာသလဲ"

မိသည် အမောဆို့နေကာ ...

"မိုးအေးကော ... ဒေါ်မြ၊ မိုးအေး အခုဘယ်မှာလဲ"

"မိုးအေး အကြောင်းတော့ မပြောချင်ပါဘူး"

ဒေါ်မြက ညည်းညည်းညူညူပြောရင်း ထိုင်ခုံပေါ် ထိုင်ချလိုက်တော့ မိက စိတ်မရှည်။

"မြန်မြန်ပြောပါ ဒေါ်မြရဲ့"

"နေပါဦး ... မိက ဘာဖြစ်လို့ ဖြုန်းစားကြီး မိုးအေး အကြောင်း သိချင်လာရတာလဲ"

"အို ... အကြောင်းရှိလို့ပေါ့ ဒေါ်မြရဲ့၊ အမေးအမြန်း မထူစမ်းပါနဲ့၊ မိ မေးတာသာ ဖြေစမ်းပါ"

"မိုးအေးက ရည်းစားသုံးယောက်လောက် တစ်ပြိုင်တည်းထားတယ်လေ၊ သတင်းစာပို့တဲ့ကောင်လေးကတစ်ယောက်၊ ရေသန့်ပို့တဲ့ ကောင်လေးက တစ်ယောက်၊ ဗီဒီယိုအငှားဆိုင်က ကောင်လေးက တစ်ယောက်၊ တစ်နေ့တော့

www.foreverspace.com.mm

အဒေါ် အပြင်သွားနေတုန်း သူက အိမ်မှာ သူ့ကောင်လေး တစ်ယောက်နဲ့ ချိန်းတွေ့နေတယ်၊ အဒေါ် ပြန်လာတော့ ပက်ပင်းမိပြီး သူ့ကို မထိန်းနိုင်တာနဲ့ ရွာပြန်ခိုင်းလိုက်တယ်၊ သူလည်း ပြန်တုန်းကတော့ ရွာပြန်မယ်ပြောတာပဲ၊ သူ့ကောင်လေးကလည်း သူ့ကိုမယူပါဘူး၊ နောက်တော့ သူ့ရွာကလူတွေ မေးကြည့်တော့လည်း ရွာပြန်မလာဘူးတဲ့၊ ကာရာအိုကေဆိုင်မှာ အလုပ်လုပ်နေတယ် ပြောတာပဲ၊ ခုတော့ ဘယ်ရောက်နေမှန်းကို သတင်းမရပါဘူး"

သေချာတာပေါ့။ သူပဲ ... သူပဲ ဖြစ်နိုင်မယ်။ မိသည် ရင်ထဲ တဒိန်းဒိန်း တုန်ယင်လာကာ ...

"ဒေါ်မြ ... မိုးအေးလက်ရေးကို မြင်ဖူးသလား"

"မြင်ဖူးတာပေါ့၊ ရွာက သူ့ရည်းစားဆီ ပေးဖို့ ရေးထားတဲ့ စာကို တွေ့ဖူးတယ်လေ၊ အဲဒီတုန်းက မိကိုတောင် လာပြပြီး ရယ်ရသေးတယ်"

"အဲဒီ စာတော့ ..."

"အဲဒီစာတော့ မရှိတော့ဘူး၊ သူ့ကို ဈေးဝယ်ခိုင်းဖို့မှာရင် သူ ရေးရေးမှတ်ထားတဲ့ စာရွက်ပိုင်းတွေတော့ သူနေတဲ့ အခန်းထဲမှာ ကျန်ခဲ့တယ်ထင်တယ်"





မိက မိုးအေးအခန်းထဲ ပြေးဝင်သွားပြီး အခန်းထောင့်က ထင်းရှူးသေတ္တာအဟောင်းကို သွားဆွဲဖွင့်လိုက်သည်။

သေတ္တာထဲမှာ စာရွက်အပိုင်းအစတချို့ ပွစာကျဲနေသည်။ မိက ကတုန်ကယင် ကောက်ယူကြည့်လိုက်သည်။

"ဘုရားရေ ... ချွတ်စွတ်ပါပဲလား ...၊

မိုးအေး လက်ရေးပါပဲလား"

အကြံကြီးလိုက်တာ မိုးအေးရယ် ... ငါချစ်သူကိုမှ လင်ကောင်ဖော်ရတယ်လို့ ...။

မိက ဒေါသဖြင့် တုန်ယင်လာကာ ဟောင်းမြေ့နေသော သေတ္တာကို ဝုန်းခနဲ ဆောင့်ကန်ပစ်လိုက်လေသည်။

❊ ❊ ❊

www.foreverspace.com.mm

## (၂၄)

ယခုတစ်ကြိမ် ပျို့ထံသို့ ရောက်လာသော မိမျက်နှာသည် ဟိုတစ်ခေါက်ကနှင့်မတူ အကွဲလွဲကြီး ကွဲလွဲလျက်ရှိပါသည်။ ဟိုတစ်ခေါက်က အောက်ကျို့ချိုးသာခဲ့သလောက် ခုတစ်ခေါက်မှာတော့ အပေါ်စီးက တင်စီးကာ တင်းမာလျက်ရှိသည်။

"အဲဒီကိစ္စ ရှင်းပြချင်လို့ မေပျို့ဆီ လာခဲ့တာ၊ ခုတော့ အားလုံးရှင်းသွားပြီလေ၊ မိအိမ်က အိမ်ဖော်က မိချစ်သူ ဓာတ်ပုံကို ခိုးပြီး သူပစ်ခဲ့တဲ့ ကလေးနားမှာ ထားခဲ့တာ၊ လိပ်စာနဲ့ နာမည်က မိပြောတာကို သူကြားသွားခဲ့တာ၊





www.foreverspace.com.mm

လက်ရေးက သူ့လက်ရေးပဲ၊ ညီလက်ရေး လုံးဝမဟုတ်ဘူး၊ သူ့သဘောကတော့ ကလေးကို တစ်ယောက်ယောက် ကောက်ရလို့ ညီဆီ ပို့ပေးခဲ့ရင် ညီငြင်းခဲ့ရင်တောင်မှ ကလေးမှာ တစ်စုံတစ်ရာတော့ အကျိုးဖြစ်ထွန်းလိမ့်မယ်လို့ မျှော်လင့်ခဲ့ပုံရတယ် ...၊

"တကယ်လည်း အကျိုးဖြစ်ထွန်းခဲ့တာပါပဲ၊ ညီက သနားတတ်တော့ မငြင်းဘဲ ငြိမ်နေခဲ့ပြီး ကလေးအတွက် ကူညီခဲ့တာကို ...၊

"ဘာပဲပြောပြော ရှင်လည်း ဦးနှောက်ရှိရင် ဒီကိစ္စ မျိုးဖြစ်နိုင်မဖြစ်နိုင် ဆင်ခြင်ခဲ့ဖို့ ကောင်းတယ်၊ ရှင်သာ စကတည်းက ညီဆီ သွားမစွပ်စွဲရင် ညီလည်း အခက်တွေ့စရာ အကြောင်းမရှိဘူး၊ ခက်တယ်၊ ညီက အားနာတတ်တဲ့ အားနည်းချက်ရှိတော့လည်း လူတွေက အားနည်းချက်ကို နင်းပြီး အခွင့်ကောင်းယူတတ်ကြတယ်"

"ရှင် အခု ဘာဖြစ်ချင်လဲဆိုတာကိုသာ ရှင်းရှင်းပြောပါ မေမိ ..."

"မိ ပြောချင်တာကတော့ အဖြစ်မှန်ကို ရှင် လက်ခံဖို့ပါ

မေပျို၊ ဒီကလေးဟာ ညီနဲ့ ကျွန်မတို့နဲ့ ဘာမှမပတ်သက်ဘူး၊ ဒါ့ကြောင့် ကလေးနဲ့ပတ်သက်ပြီး ကျွန်မတို့အပေါ်မှာ အားယားတာ ထားစရာ မလိုတော့ဘူး၊ ကျွန်မတို့ ဘက်ကလည်း လိပ်ပြာသန့်သန့်နဲ့ မထောက်ပံ့ မကြည့်ရှုဘဲ နေနိုင်ပြီ၊ မေပျို့အနေနဲ့ ဒီကလေးကို မေပျို စောင့်ရှောက်နေကျ သာမန် မိဘမဲ့ကလေးတွေနဲ့အတူ တန်းတူထားပြီး စောင့်ရှောက်လို့ ရပြီ ...၊

"ဒီအဖြစ်အမှန်တွေ မေပျို သိမထားခဲ့ရင် မေပျို့ဆီကနေတစ်ဆင့် ဒီကလေးဟာ ညီ့ကလေး၊ မန္တလေးကဒေါ်လေးရဲ့ မျိုးဆက်ဆိုတာမျိုး တစ်ဆင့်စကား ပြန့်ပွားပြီး ဓာတ်လမ်းတွေ ရှုပ်လာမှာစိုးလို့ပါ၊ ညီငယ်တို့က ဆွေကြီးမျိုးကြီးတွေဆိုတော့ သူတို့ မျိုးရိုးဂုဏ်သိက္ခာကို ထိခိုက်မခံနိုင်ဘူးလေ"

ဆွေကြီး မျိုးကြီးတဲ့ ...။ ပျိုကတော့ ညီငယ်ကို သာမန်လူငယ်လေးအဖြစ်သာ တွေ့ရှိခဲ့တာပင်။

ပျိုသည် မီကို ပြောချင်ရာ ပြောပါစေဟူသာ လွှတ်ထားလိုက်သည်။ မီကလည်း တစ်ဖက်စီးနင်းပြောပြီး ပြန်သွားခဲ့ပြီ။





ပျို့စိတ်ထဲ ထိခိုက်လှပါသည်။ သူဟာ ဘာသဘောနဲ့များ သူနဲ့မဆိုင်တဲ့ ကိစ္စတစ်ခုကို ခေါင်းဝင်လျှိုခဲ့ရပါလိမ့် ...။

ပျိုသည် သူတို့ သူငယ်ချင်းတွေ တက်ညီလက်ညီ ကူညီခဲ့သော နေ့တွေကို ပြန်ပြောင်းသတိရမိပါသည်။ တကယ်ဆို ညီက ပျို့ကို စာနာစိတ်သက်သက်ဖြင့် ကူညီခဲ့တာပါလား။ ပျိုကတော့ သူ့ကို အဖေမပီသသူရယ်လို့ အမျိုးမျိုး အပြစ်တွေ တင်ခဲ့မိပါသည်။ သူကလည်း ပြုံးစိစိရုပ်ကလေးနှင့်၊ တစ်ခါတစ်ခါလည်း မျက်မှောင်လေး ကြုတ်ကြုတ်နှင့် ပျိုပြောသမျှကို မငြင်းမဆန် ခံယူခဲ့တာပင်။

ပျို တောင်းပန်ချင်သည် ...။

သူနဲ့ ပျို ထာဝရ ဝေးကွာမသွားမီ တောင်းပန်စကားတော့ ဆိုခွင့်ရချင်ပါသေးသည်။

❋ ❋ ❋



www.foreverspace.com.mm

www.foreverspace.com.mm

# (၂၅)

“ဦးမင်းညီနဲ့ ပြောချင်ပါတယ်ရှင်”

“ဘယ်သူလို့ ပြောလိုက်ရမလဲရှင်”

“သူ့သားရဲ့ သူငယ်ချင်းလို့ ပြောပေးပါ”

“ခဏကိုင်ထားပါ”

မမိသည် ဖုန်းခွက်ကို ကိုင်ကာ စောင့်နေရင်း ရင်တထိတ်ထိတ် ခုန်နေသည်။ ညီသိရင် ပြဿနာတက်မှာလား စိုးရိမ်သည်။ သို့သော် မတတ်နိုင်ချေ။ မိက ညီကို လိုချင်သည်။ ညီလို အလွန်ချမ်းသာသော သူဌေးသားမျိုး နောက်တစ်ယောက် တွေ့ဖို့ဆိုတာ မိအတွက် မလွယ်ကူတော့ပေ။





www.foreverspace.com.mm

ညီရဲ့ ထင်ရာစိုင်းမှုတွေကို မိက မစောင့်ဆိုင်းနိုင်ပါ။ နောင်တစ်ချိန်မှာ အမွေရကာမှ ရရော ... လောလောဆယ်မှာ ရုန်းကန်ရမည့် အဖြစ်ကိုလည်း မိက လက်မခံချင်ပါ။ ခေါင်းမာသော ညီကို မိ အခုအချိန် လက်ထပ်လျှင် ခမ်းခမ်းနားနား တင့်တင့်တယ်တယ် ဖြစ်မှာလည်း မဟုတ်ပါ။ မိဆန္ဒတွေ ပြည့်ဖို့ အကောင်းဆုံး နည်းလမ်းကတော့ မိနဲ့ ညီအကြောင်း ညီမိဘတွေ နားပေါက်ကြားနိုင်ဖို့ပင်။

လောလောဆယ်မှာ ညီစိတ်တွေ ပျို့ထ ရောက်နေနိုင်တာကို မိက တွက်ဆမိပါသည်။ တော်ရုံ တွယ်ငြိခြင်းမျိုးဖြင့်တော့ ယောကျ်ားတစ်ယောက်ဟာ ဘုမသိ ဘမသိ အဖေ အမည်ဝင်ခံသည့် အလုပ်မျိုးကို လုပ်မည်မထင်ပါ။ ညီစိတ်ထဲမှာ ဘာတွေ နက်ရှိုင်းနေသည်ဆိုတာ မိက ရိပ်မိသော်လည်း မသိချင်ယောင် ဆောင်နေချင်သည်။ ညီကို မိရဖို့ဆိုတာ ပညာသားပါမှ ဖြစ်မည်ပင်။

“ဟဲလို ...”

တစ်ဖက်မှ ဟဲလိုအသံကြောင့် မိက သတိအနေအထားဖြင့် တောင့်မတ်သွားကာ ...

www.foreverspace.com.mm



"ဟဲဟို … ဦးမင်းညီပါလားရှင်"

"ဟုတ်ပါတယ် … ဘယ်သူပါလဲ"

"ကျွန်မ … မေမိပါ၊ ညီငယ့် ချစ်သူပါ"

"သြော် … ဟုတ်ပြီ၊ ပြောပါ"

"ဦးကို မိ အသိပေးချင်တာလေး ရှိလို့ပါ၊ မိနဲ့ ညီတို့က ချစ်သူဖြစ်ခဲ့ကြတာ ကြာပါပြီ၊ သိပ်မကြာခင် လက်ထပ်ဖို့လည်း စီစဉ်ထားပါတယ်၊ ညီကတော့ သူ့သဘောနဲ့သူ စီစဉ်ပြီး လက်ထပ်ချင်တဲ့ပုံပဲ၊ ဒါပေမယ့် မိကတော့ ဦးတို့ကို မလေးမစား မလုပ်ချင်ပါဘူး၊ ဦးတို့ကို အသိပေးပြီးမှ ဦးတို့ ကောင်းသလို စီစဉ်ပေးတာကိုပဲ လိုချင်ပါတယ်၊ ဦးတို့ကလည်း ဦးတို့ဂုဏ်သိက္ခာနဲ့ လျော်ညီအောင် တင့်တင့်တယ်တယ် လုပ်ပေးချင်မယ်ထင်လို့ပါ …၊

"ပြီးတော့ ဖြစ်နိုင်ရင် ညီငယ့်ကို ဦးတို့ လာပြန်ခေါ်စေချင်ပါတယ်၊ ဒီမှာက ယောကျ်ားလေးတွေချည်း စုနေကြတော့ အန္တရာယ်များပါတယ်၊ မိန်းကလေး တစ်ယောက်ဆို ညီငယ့်ကို စိတ်ဝင်တစား လာပတ်သက်နေတယ်လေ၊ ညီမှာလည်း အားနာတတ်တော့ လိုက်လိုက်လျော





လျော ဆက်ဆံနေရတာ၊ ဟိုဘက်က သိပ်တိုးလာရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ စိုးရတယ်"

"ဟုတ်ပြီ … ဟုတ်ပြီ … မေမိ ပြောချင်တာ ဒါပဲလား"

"ဟုတ်ကဲ့ … ဒါပါပဲ ဦး …"

"ကောင်းပြီလေ … ဦးလည်း ကောင်းသလို ကြည့်စီစဉ်လိုက်ပါမယ်၊ သိပ်တော့ မမျှော်လင့်စေချင်ဘူး …"

"ရှင် …"

"သြော် … ဒီလိုပါ၊ ဘာကိစ္စမဆို ခွတ်ဖန်တီးလို့ မရဘူး မဟုတ်လား၊ ဘာကိုမှကြိုတွက်ဆလို့ မရဘူးလေ၊ ဒါကြောင့် ဦးက နှစ်သိမ့်တာပါ"

"ဟုတ် … ဟုတ်ကဲ့"

ဖုန်းချပြီးတော့ မေမိမှာ ရင်မောကျန်ခဲ့ပါသည်။

မိသည် ညီကို လက်လွှတ်လိုက်ရမှာ စိုးစိတ်နှင့် ရင်ထဲပူလာလေသည်။

❁ ❁ ❁

www.foreverspace.com.mm

## (၂၆)

ပျိုသည် သားငယ်ကိုချီကာ ညီငယ်တို့ တိုက်ခန်းဝတွင် ရပ်တန့်ရင်း ခြေဖျားလက်ဖျားတွေ အေးလာလေသည်။ ညီငယ့်ကလေးအဖြစ် ယူဆခဲ့စဉ်က ပျိုက ကလေးကို သားငယ်ဟု အိမ်နာမည်ပေးခဲ့တာပင်။ ကလေးကလည်း ညီငယ့်ကို သံယောဇဉ်တွယ်လှတာမို့ ညီငယ်နှင့် တွေ့ခွင့်ရအောင် ပျို ခေါ်လာခဲ့မိပါသည်။

"တီးတောင် ..."

ပျို ဘဲလ်နှိပ်လိုက်တော့ အခန်းတံခါးက ညင်သာစွာ ပွင့်လာခဲ့သည်။





www.foreverspace.com.mm

"ပျို ..."

ညီငယ်က ပျို့ကို ခပ်ဖွဖွခေါ်ရင်း မှင်သက်နေသည်။ ပျိုက ခေါင်းငုံ့ချမိရင်း ...

"ပျို ... ညီငယ့်ကို လာတောင်းပန်တာပါ"

"ပျိုမှ အမှားမလုပ်ခဲ့တာ တောင်းပန်ဖို့ မလိုပါဘူး"

"ပျို မှားခဲ့သားပဲ၊ ညီငယ့်ကို ကလေးအဖေအဖြစ် စွပ်စွဲခဲ့မိတယ်၊ တာဝန်မကျေတဲ့သူအဖြစ် အထင်မှား အပြစ်မြင်ခဲ့မိတယ်"

"ပျို ... ပျို သိသွားပြီလား"

"ဟုတ်တယ်"

"ဘယ်ကသိသလဲ ပျို ..."

"မေမိက ညီငယ့်ကို ဘာမှပြောပြမထားဘူးလား"

"မပြောဘူး"

"ဪ ..."

ပျိုက မိစိတ်ကို ရိပ်မိကာ ရှေ့ဆက်မပြောဘဲ နေမိပါသည်။ ထိုအခိုက် ပျို့လက်ထဲက ကလေးက ညီထံ လက်ကမ်းလိုက်တာမို့ ညီက အလိုက်သင့် ချီပိုးလိုက်ရင်း ...

"လာ … အိမ်ထဲဝင်လေ ပျို"

ပျိုက အိမ်ထဲလှမ်းဝင်လာခဲ့သည်။ ပျိုက အလွန်နူးညံ့သော စိတ်နှလုံးဖြင့် သူ့ကို ခိုးကြည့်မိဆဲ သူက ပျို့ကို စိုက်ကြည့်လာသည်။ ပျိုက ဒီတစ်ကြိမ်တော့ ခေါင်းငုံ့မချတော့ဘဲ ညီငယ့်မျက်ဝန်းတွေထဲ စိုက်ကြည့်မိကာ …

"ညီငယ် … ရှင် … ရှင် ဘာလို့ လိမ်ခဲ့ရတာလဲ၊ ဒီလောက်ကြီးလေးတဲ့ ကိစ္စကြီးကို ဘာဖြစ်လို့ ခေါင်းဝင်လျှိုခဲ့ရတာလဲ၊ ရှင်မှာ နစ်နာလှပါတယ်"

"မနစ်နာပါဘူး ပျို၊ အမြတ်ထွက်ခဲ့ပါတယ်"

"ဘာဖြစ်လို့ပါ …"

"ပျိုနဲ့ ရင်းနှီးခွင့်ရတဲ့အတွက် ကျွန်တော့်စိတ်တွေ လင်းသွားတယ်၊ ကိုယ်က ညခင်းဆိုရင် ပျိုက လမင်းလေ၊ ပြီးတော့ ကျွန်တော် မိန်းကလေးတစ်ယောက်ကို အချစ်စစ်နဲ့ မြတ်မြတ်နိုးနိုး ချစ်နိုင်ခဲ့တယ် …"

ပျိုက ရင်ခုန်မွှန်းနစ်သွားကာ သူ့ကို ကြည့်နေမိဆဲ သူက ပျို့လက်ကလေးကို ဖွဖွလှမ်းဆွဲရင်း …

"ကျွန်တော် လိမ်ခဲ့တာ ချစ်လို့ပေါ့၊ ပျို့ကို သိပ်ချစ်လို့ပေါ့ ပျိုရယ်"





ပျိုသည် နောက်ပြန်လှည့်ဖို့လည်း မသိရတော့ဘဲ သူ့ရှေ့မှာ သတိလက်လွတ် ရပ်နေမိဆဲ ပျိုကျောခိုင်းထားရာ အခန်းတံခါးက ခပ်ကြမ်းကြမ်းပွင့်သွားကာ မိက ဒြန်းခနဲ ဝင်ရောက်လာခဲ့ပါသည်။

"ဟင် … ရှင်တို့ နှစ်ယောက် ဒါ ဘာလုပ်နေကြတာလဲ"

မိက ပျိုတို့ကို အတွေ့မှာ ခပ်ဆတ်ဆတ် အော်လိုက်ပါသည်။ အခန်းတံခါးကိုလည်း ဝုန်းခနဲ နောက်ပြန်ပိတ်ကာ …

"မေပျို … ရှင်ကရော ဒီကို ဘာလာလုပ်တာလဲ၊ မိန်းကလေးတစ်ယောက်တည်း အုပ်ထိန်းသူ မရှိဘဲ နေတယ်ဆိုတာ အနေအထိုင် ဆင်ခြင်ရတယ်"

"မိ … မင်း … တော်ကွာ …"

ညီငယ်က အော်တော့ မိက ဒေါသဖြင့် ဆတ်ဆတ်ခါသွားလေသည်။

"ညီ … မိကို လုံးဝအော်စရာမလိုဘူး သိလား၊ ညီ ဘာတွေဖြစ်နေတယ်ဆိုတာ မိ သိတယ်၊ မိန်းမတစ်ယောက်ကို မျက်နှာလုပ်ချင်ဇောနဲ့ ကိုယ့်ကိုကိုယ် နာမည်ဖျက်ခံလိုက်တာကိုလည်း မိ သိတယ်၊ ဒီမှာ ရှင်သိထားဖို့က ရှင့်စိတ်ထဲ



www.foreverspace.com.mm

မှာ ဘာရှိရှိ ညီ မီကိုပဲ လက်ထပ်ရမယ်၊ ညီအိမ်ကိုလည်း ညီကို လာခေါ်ဖို့ မီ ဖုန်းဆက်ပြီးပြီ၊ ရန်ကုန်မှာ ဇာတ်လမ်း ရှုပ်ဖို့ ကြိုးစားမနေနဲ့၊ နေစမ်းပါဦး ဒီ ပေါက်လွှတ်ပဲစား ကလေးကို ဘာကိစ္စချီထားရပြန်တာလဲ၊ ပြန်ပေးလိုက် ... ပေးလိုက်လေ ..."

မီက ညီလက်ထဲက ကလေးကို ဆွဲလုလိုက်ရာ ကလေးက မီလက်ထဲမှ လျှောကာ ကြမ်းပြင်ပေါ် လွှတ်ကျသွားလေသည်။

"ဟာ ..."

ရုတ်တရက် ကြမ်းပြင်နှင့် ထိခတ်မိသံ၊ ကလေးငို သံများ ဆူညံသွားရာ ပျိုသည် ကလေးကို သွေးရူးသွေးတန်း ကျုံးပွေ့လိုက်သည်။

"ဒုက္ခပဲ ... ဒုက္ခပဲ၊ ခေါင်းမှာလည်း သွေးတွေ၊ ညီငယ် ... ညီငယ် ကလေးကို ဆေးရုံပို့ရအောင်ပါ၊ ပျို့ကို ကူညီပါ"

ညီငယ်က ကားသော့ကို ပြေးယူလိုက်တော့ မီက ညီငယ်ရှေ့မှ ပိတ်ရပ်ကာ ...

"ညီငယ် ... ရှင် မသွားရဘူး"





"ဖယ်စမ်းပါ ... မီ၊ ငါ မင်းကို သိပ်ကြောက်ပါတယ်၊ မင်းလို မေတ္တာစိတ် မရှိတဲ့ အတ္တကြီးတဲ့ မိန်းမမျိုးကို ငါ သိပ်ကြောက်ပါတယ်"

ညီငယ်က မေမီကို တွန်းဖယ်ကာ ပျို့နောက်က အပြေးအလွှားလိုက်လာခဲ့လေသည်။

## (၂၇)

ကလေးက စိုးရိမ်စရာ မရှိတာမို့ ပျိုရော ညီငယ်ပါ စိတ်အေးရလေသည်။

ထိုနေ့က ပျိုနှင့် ကလေးကို အိမ်ပြန်ပို့ပေးခဲ့ပြီး ညီငယ်အိမ်အပြန်မှာ သူတို့ တိုက်ခန်းရှေ့မှာ ရပ်ထားသော ဖေဖေ့ကားကြီးကို လှမ်းတွေ့လိုက်ရလေသည်။

သူက ကားပေါ်မှ အမြန်ဆင်းလာကာ ဖေဖေ့ကားဆီ လှမ်းသွားနေဆဲ ဖေဖေက ကားပေါ်မှဆင်းကာ သူ့ကို ကြိုပါသည်။

"ငါ့သား ... ဖေဖေ့ကိုမြင်တော့ စိတ်လှုပ်ရှားသွားတယ် ထင်တယ်"





သူက မအိမလည်ပြုံးမိတော့ ဖေဖေက သူ့ပခုံးကို သိုင်းဖက်ထားလိုက်ပါသည်။

"ဖေဖေ့ဆီ မေမီ ဖုန်းဆက်လို့ သားကို လာခေါ်တာလား"

"ဘာလဲ ... မင်းက ငါက မင်းကို မေမီ အလိုကျ လာခေါ်ပြီး မေမီနဲ့ လက်ထပ်ပေးတော့မယ် ထင်လို့လား၊ မင်းအဖေ မင်းညီ အဲဒီလောက်လည်း မပိန်းသေးပါဘူးကွာ"

ဖေဖေက သူ့ကို ကြည့်ကာ ပြုံးလိုက်ရင်း ...

"မှတ်ထား ငါ့သား ... အဖေဆိုတာ သားထက် တစ်ကွက်တော့ ကြောစမြဲပဲတဲ့၊ အခု မင်း ဘာတွေ အခက်တွေ့နေတယ်ဆိုတာ ဖေဖေ သိတယ်၊ ချစ်တာက တစ်ယောက်၊ ချစ်သူအမည်ခံမိတာက တစ်ယောက် မင်းဘာလုပ်ရမှန်းမသိဘူး ... ဟုတ်တယ် မဟုတ်လား"

"ဖေဖေ ဘယ်လိုသိ ..."

"ငါက မင်းကို လွှတ်မထားပါဘူးကွ၊ ငါနည်းငါဟန်နဲ့ check လုပ်နေတာပါ၊ အားလုံးသိပါတယ်၊ ဟဲ ... ဟဲ ... ယောကျ်ားတွေဟာ ဒီလို အခက်အခဲမျိုးတွေ တွေ့တဲ့အခါ အင်မတန် စိတ်ရှုပ်ရတာကွ"

www.foreverspace.com.mm



"ကျွန်တော် မေမိကိုမချစ်တာတော့ အမှန်ပဲ ဖေဖေ ..."

"ငါသိပါတယ်ကွ၊ မင်း ချစ်တာ ဟို မာသာထရီဇာ လက်သစ် မေပျို့ကို မဟုတ်လား"

"ဟာ ... ဖေဖေ သိပြန်ပြီ"

"မိုးကျော်တို့က ငါ့စပိုင်တွေပါကွ"

"ဟာ ... ဒီကောင်တွေ"

"ကဲ ... ဒီမှာ ဘာမှပူမနေနဲ့တော့၊ မင်းအဖေ ငါတစ်ယောက်လုံး ရှိတယ်၊ ပြဿနာတွေ သူ့ဟာနဲ့သူ ရှင်းသွားအောင် ငါကြိုးဆောင်ပါ့မယ်"

"ဖေဖေ ဘာလုပ်မှာလဲ"

"မမေးနဲ့ကွာ ... မင်း အဆင်ပြေရင် ပြီးရော မဟုတ်လား"

"ဖေဖေ ... လာလေ ... ကျွန်တော့်အခန်းကို သွားရအောင်"

"ဟာ ... ငါမလိုက်တော့ဘူး၊ ခုနကတည်းက မင်းတို့အခန်းကို ဖုန်းကြိုးဆက်ကြည့်တော့ သက်အောင်ကပြောတယ်၊ မေမိ ရောက်နေတယ်တဲ့၊ တော်ကြာ ငါ့ကိုတွေ့ရင် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေမှာစိုးလို့ ငါ တက်မသွားဘဲ ဒီကနေစောင့်နေတာ၊ ကဲ ... ဟိုတယ်ပြန်ပြီး



www.foreverspace.com.mm



လုပ်စရာရှိတဲ့ အလုပ်ကိစ္စလေးတွေ လုပ်ဖို့ စီစဉ်လိုက်ဦးမယ်"

"ဖေဖေ မေမိကို သဘောမကျတာ သေချာပါတယ်နော်"

"သေချာတယ်ကွ၊ မေပျို့ကို သဘောကျတာလည်း သေချာတယ်၊ မနေ့က ရောက်ရောက်ချင်းပဲ သွားကြည့်ပြီးပြီ"

ဖေဖေက ခပ်သောသော ပြောကာ နှုတ်ဆက်ထွက်ခွာသွားပါသည်။

www.foreverspace.com.mm

## (၂၈)

"တူတူ ... တူတူ ..."

မနက်စောစော ဖုန်းမြည်လာတာမို့ မေမိက အိပ်ချင်မူးတူးဖြင့် ဖုန်းကိုင်လိုက်ရပါသည်။

"ဟဲလို ..."

"မေမိလား ..."

"ဟုတ်ပါတယ်၊ ဘယ်သူလဲ ... ကိုမိုးကျော် ထင်တယ်"

"ဟုတ်ပါတယ် ... မိုးကျော်ပါ"

ကိုမိုးကျော်ရဲ့ အသံဟာ ငိုသံပါသယောင် ဆို့ဆို့နင့်နင့် ရှိလှတာမို့ မိကြ ဖြန်းခနဲ ထထိုင်မိကာ ...





www.foreverspace.com.mm

"ကိုမိုးကျော် ဘာဖြစ်တာလဲ၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"ညက ... ညက ... ညီငယ် ကားအက်ဆီးဒင့် ဖြစ်လို့ မေမိ"

"ဟင် ... ဘုရားရေ ... တကယ်လား၊ သူ ဘာဖြစ်သွားလဲ၊ အခု ဘယ်မှာလဲ"

"သူ ... သူ့ ခြေထောက် နှစ်ဖက်စလုံး ဖြတ်လိုက်ရတယ်"

"ဟင် ..."

မေမိသည် ရုတ်တရက် ငြိမ်ကျသွားပါသည်။

"ညီငယ်လည်း ကံဆိုးမှုတွေနဲ့ စုပြုံရလိုက်သလိုပဲ၊ သူ့အဖေကလည်း သူ့ကို စိတ်ဆိုးပြီး အမွေဖြတ်ဖို့ စီစဉ်ထားတယ်တဲ့၊ သတင်းစာထဲတောင် ထည့်တော့မယ်ထင်တယ်၊ ညီငယ့်ကို လာကြည့်ပါဦး မေမိရယ် ..."

မိသည် ဖုန်းခွက်ကို ဆုပ်ကိုင်ထားရင်း တွေဝေနေပါသည်။

"ဟဲလို ... ဟဲလို"

တစ်ဖက်က အသံကို ကြားသော်လည်း မိက ဖုန်းခွက်ကို ကယောင်ကတမ်း လွှတ်ချလိုက်မိပါသည်။

www.foreverspace.com.mm



မိက ညိုရဲ့ ခြေနှစ်ဖက်ပြတ်နေသော ပုံကို မြင်ယောင်ကြည့်ကာ သွေးရူးသွေးတမ်း တုန်လှုပ်လာသည်။

ညိုကို အဲဒီလို အနေအထားမျိုး မိ မမြင်ချင်ပါ။ မိချစ်သည်မှာ၊ မိ မြင်ချင်သည်မှာ အလွန် တက်ကြွနုပျိုဖျတ်လတ်သည့် လူငယ်လေးတစ်ယောက်ကိုသာ ဖြစ်သည်။ သူ့ထံက သုခတွေကိုသာ မိက မျှဝေယူချင်သည်။ သူနှင့်အတူ သူ့မိဘအရှိန်အဝါနှင့် ငွေကြေးဥစ္စာတွေကိုသာ မျှဝေခံစားချင်သည်။

ဘာဥစ္စာမှ မပိုင်ဆိုင်သော ဒုက္ခိတ လူတစ်ယောက်ဟာ မိလို နုပျိုလှပကာ အနာဂတ်အတွက် အရောင်တဖျပ်ဖျပ်လက်နေတဲ့ မိန်းကလေးမျိုးနဲ့ ဘယ်လိုယှဉ်တွဲလို့ ရမှာတဲ့လဲ ...။

မိကို အတ္တကြီးတယ်လို့ ဆိုချင်ဆို မိခံနိုင်သည်။ မိကတော့ ကိုယ့်အတ္တကို စတေးပြီး ဘယ်သူ့ကိုမှ မပေးဆပ်နိုင်။ မချစ်နိုင်။ ဒါဟာ ပုထုဇဉ်ပီသသူတစ်ယောက်ရဲ့ သဘာဝကျသော အတ္တဟုသာ မိက ယူဆပါသည်။

မိသည် ပင့်သက်ကိုရှိုက်ရင်း မိ မက်မောခဲ့သော ညိုကို စွန့်ခွာဖို့ ဆုံးဖြတ်လိုက်လေသည်။

❆ ❆ ❆



www.foreverspace.com.mm

## (၂၉)

"မေပျို ... ညိုငယ် ကားအက်ဆီးဒင့်ဖြစ်လို့ ခြေထောက်နှစ်ဖက်လုံး ဖြတ်လိုက်ရတယ်"

ပျိုသည် ထိုသတင်းစကားကြောင့် ရုတ်တရက်သေဆုံးသွားသည်။ ခဏချင်းမှာပဲ ချစ်ခြင်း၏ သတ္တိဖြင့် ခိုင်မာစွာ ပြန်ရှင်သန်လာသည်။

"သူ အခုဘယ်မှာလဲ၊ ပျို့ကို သူ့ဆီလိုက်ပို့ပေးပါ"

"သူ ဆေးရုံမှာ သတိတော့ ရပြီ၊ ဒါပေမယ့် သူ အရမ်းစိတ်ဓာတ်ကျနေတယ်၊ ပြော် ဒီလိုလုပ်ပါလား ပျို၊ သူ့ဆီ ဖုန်းဆက်ကြည့်လိုက်ပါလား၊ ကျွန်တော့် GSM

ပုညခင် စာအုပ်တိုက်

www.foreverspace.com.mm



"ပျို့ တကယ်လား၊ ကျွန်တော်က ... ကျွန်တော်က အခု"

"ညီငယ်ရယ် ... ရှင် ဘာမှမပြောပါနဲ့တော့၊ ညီငယ် ခွင့်ပြုရင် ရှင့်အနားမှာ ပျို့ နေချင်ပါတယ်၊ ပျို့ကို ခွင့်ပြု နိုင်မလား"

"ခွင့်ပြုပါတယ် ပျို့ ..."

"ဒါဆို ပျို့ အခုပဲ လာခဲ့မယ်နော်"

"ပျို့ မလာပါနဲ့၊ ကိုယ်လာပါမယ်"

"ဟင် ... ညီငယ် ဘယ်လိုလာနိုင်မှာလဲ"

"လာနိုင်မှာပါ၊ ပျို့ ပေးတဲ့ အချစ်စစ်ရဲ့ ခွန်အားနဲ့ ကိုယ် လာလို့ ရမှာပါ ..."

ညီငယ်က စကားပြောရင်းကပင် ကားတံခါးကို ဖွင့်ဆင်းကာ ပျို့ထံ လျှောက်လာခဲ့လေသည်။

သူ့ကိုတွေ့တော့ ပျို့ မျက်လုံးလေးတွေ ဝိုင်းသွားသည်။ ပြီးတော့ ကြည်လင်သော မျက်စောင်းနုနုလေးဖြင့် ရှက်စနိုး ပြုံးလိုက်တာမို့ သူက ထိုအပြုံးမျက်နှာလေးကို တမြတ်တနိုး ငေးကြည့်နေလိုက်မိလေသည်။

ပုညခင်
**7.6.2005**
**12;35 AM**



